# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၃)ရက် ၊ ကြာသပတေးနေ့ ၊ (12-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၆၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ (၁/၂၀၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၁**

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ (၁/၂၀၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈)၌ကျင်းပရာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အတူ ကော်မတီအဖွဲ့ဝင်များ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီကို **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ (၁/၂၀၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိ** စာမျက်နှာ – ၁၆

**ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ပဲခူးမြို့၌ ရေပြန်လည်ကျဆင်း၍ ပုံမှန်သွားလာနိုင်ပြီဖြစ်** စာမျက်နှာ – ၂၀

**ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ခရီးတို RBE ရထားများ ပြေးဆွဲပေး** စာမျက်နှာ – ၁၇




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# တရားမဝင်ကုန်သွယ်မှု အရှိန်အဟုန်မြှင့် တိုက်ဖျက်

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အတွက် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု အဓိကဖွံ့ဖြိုးတိုးတက်ရန် လိုသည်။ နိုင်ငံ၏ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုများကို အဓိကထိုးနှက်နေသည့်အချက်သည် တရားမဝင်ကုန်သွယ်မှုများဖြစ်သည်။ နိုင်ငံတိုင်းတွင် တရားမဝင် ကုန်သွယ်မှုများရှိသော်လည်း မြန်မာနိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

တရားမဝင်ကုန်ပစ္စည်းများသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နှောင့်နှေးစေသည့်အပြင် အရည်အသွေးအာမခံချက်မရှိသော စားသောက်ကုန်နှင့် ဆေးဝါးများကြောင့် စားသုံးသူပြည်သူများကိုလည်း အန္တရာယ်ဖြစ်စေသည်။ ထို့ပြင် ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကလည်း ပြည်သူများအတွက် ကြီးမားသော အန္တရာယ်ဖြစ်စေသောကြောင့် နိုင်ငံတော်အနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုကြောင့် ဖမ်းဆီးရမိသည့် အထောက်အထားမဲ့ပစ္စည်းများနှင့်စပ်လျဉ်း၍ အလဟဿလေလွင့်ပျက်စီးဆုံးရှုံးမှုမရှိစေရန်၊ နိုင်ငံဘဏ္ဍာအဖြစ် အမြန်ဆုံးသိမ်းယူနိုင်ရန်၊ တရားမဝင် ကိုယ်ကျိုးစီးပွားအတွက် သတ်မှတ်တရားဝင်ဆောင်ရွက်ရသည့်လုပ်ငန်းများကို မဆောင်ရွက်နိုင်ခဲ့ကြသည့် ကုမ္ပဏီများကို နိုင်ငံတော်၏ အကျိုးစီးပွားထိခိုက်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည့်အတွက် ထိရောက်စွာအရေးယူနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးတပ်ဖွဲ့၏ ဆောင်ရွက်မှုကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အမှုတွဲ ၆၁၁ မှု၊ တန်ဖိုးငွေကျပ် ၁၀၄၄၅ ဒသမ ၇၄၂ သန်းဖြစ်ပြီး ဩဂုတ်လတွင် အမှုတွဲ ၅၄၀၊ တန်ဖိုးငွေကျပ် ၁၂၄၃၄ ဒသမ ၂၄၄ သန်း ဖမ်းဆီးရရှိခဲ့သည်။ ကာလတူ ၂၀၂၂ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လနှိုင်းယှဉ်ရာ ယခင် ဇူလိုင်လတွင် အမှုတွဲ ၃၆၉ မှု၊ တန်ဖိုးငွေကျပ် ၆၁၀ ဒသမ ၃၈၈ သန်းနှင့် ဩဂုတ်လတွင် အမှုတွဲ ၄၈၀၊ ခန့်မှန်းငွေကျပ် ၇၀၀၂ ဒသမ ၆၁၃ သန်းဖြစ်သည်။ ယခင်နှစ်ထက် ဖမ်းဆီးအမှုတွဲနှင့် ဖမ်းဆီးရမိတန်ဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့သော်လည်း သွင်းကုန်အပြင် ပို့ကုန်အပိုင်းများတွင် တရားမဝင်ကုန်သွယ်မှုများရှိနေဆဲဖြစ်သောကြောင့် တရားမဝင်ကုန်သွယ်မှုများမရှိစေရေး သွင်းကုန်ပိုင်းသာမက ပို့ကုန်များကိုပါ ယခင်ကထက် ဖော်ထုတ်ဖမ်းဆီးကြရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပါဝင်သူများအနေဖြင့် ဖမ်းဆီးရမိမှုများကို တိုးတက်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း မိမိတို့၏ အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်ရေးကို ဖော်ဆောင်သွားကြရမည်ဖြစ်သည်။ ထိုသို့ဖော်ဆောင်ကြရာတွင် ကုန်သွယ်မှုလုပ်ငန်းရှင်များအနေဖြင့် တရားမဝင်လမ်းကြောင်း၊ တစ်နည်းအားဖြင့် လမ်းကြောင်းအမှားများမှသွားသည်ကို ဖမ်းဆီးအရေးယူရန်လိုအပ်သကဲ့သို့ ပြည်သူများကို အသိပညာပေးခြင်းများ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုသကဲ့သို့ တရားမဝင်ကုန်သွယ်မှုသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကိုတားဆီးပေးနေသည့် လုပ်ငန်းဖြစ်သောကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ယခင်ကထက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေး မြို့နယ် ခြောက်မြို့နယ်၌ စည်းကမ်းဖောက်ဖျက်သည့် အုတ်၊ ထုံး၊ သဲ၊ ကျောက်ကားများကို စစ်ဆေးအရေးယူလျက်ရှိ



**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေး မြို့နယ်ခြောက်မြို့နယ်အတွင်း၌ စည်းကမ်းဖောက်ဖျက်သည့် အုတ်၊ ထုံး၊ သဲ၊ ကျောက်ကားများကို အောက်တိုဘာလ ဒုတိယပတ်မှစ၍ စစ်ဆေးအရေးယူလျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် မြို့၏အချက်အချာကျသည့် နေရာတစ်ခုဖြစ်သော ကျုံးတောင်ဘက် ၂၆ လမ်း တစ်လျှောက်၊ ကျုံးအနောက်ဘက် လမ်း ၈၀ တစ်လျှောက်၊ ကျုံးအရှေ့ဘက် ၆၆ လမ်းတစ်လျှောက်၊ ကျုံးမြောက်ဘက် ၁၂ လမ်းတစ်လျှောက်နှင့် မြို့တွင်းခုံးကျော်နေရာများတွင် အုတ်၊ ထုံး၊ သဲ၊ ကျောက်ကားများ ဖြတ်သန်းသွားလာမှုကို ပိတ်ပင်ထားကြောင်း၊ ၎င်းလမ်းကြောင်းများကို ပိတ်ပင်ထားသည့်အပြင် သတ်မှတ်ပေးထားသည့် လမ်းကြောင်းမှသွားလာရာတွင်လည်း အုတ်ခဲ၊ သဲမှုန့်၊ ကျောက်မှုန့်များ လမ်းမများပေါ်တွင် ကျကျန်မှုမရှိစေရေး အမိုးအကာများဖြင့် စနစ်တကျတင်ဆောင်ခြင်း ရှိ၊ မရှိ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"မန္တလေးမြို့နယ် ခြောက်မြို့နယ်အတွင်းမှာ သွားလာနေတဲ့ တချို့ အုတ်၊ ထုံး၊ သဲ၊ ကျောက်တင်ဆောင်တဲ့ကားတွေအနေနဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေလိုက်နာကြဖို့လိုပါတယ်။ စည်းကမ်းချိုးဖောက်တဲ့ကားတွေကို ဖမ်းဆီးအရေးယူမှုတွေ လုပ်ဆောင်နေပါတယ်"ဟု ဦးရဲထွန်းက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး မြို့နယ်ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့်အမရပူရမြို့နယ်အတွင်း၌ စည်းကမ်းဖောက်ဖျက်သည့် အုတ်၊ ထုံး၊ သဲ၊ ကျောက်ကားများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန၊ စည်ပင်သာယာရဲ စသည့်ပူးပေါင်းအဖွဲ့များဖြင့် အောက်တိုဘာလ ဒုတိယပတ်မှစ၍ စစ်ဆေးအရေးယူမှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ စည်းကမ်းဖောက်ဖျက်သည့် အုတ်၊ ထုံး၊ သဲကျောက်ကားများကို တွေ့ရှိပါက အနည်းဆုံးဒဏ်ကြေး ငွေကျပ် ၁၀၀၀၀မှ အများဆုံး ဒဏ်ကြေး ငွေကျပ် ၁၀၀၀၀၀ ထိ ဒဏ်ရိုက် အရေးယူလျက်ရှိကြောင်း သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီး မြို့နယ် ငါးမြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ၂ ဒသမ ၅ ဘီလီယံထုတ်ချေးပေးပြီးဖြစ်

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မြို့နယ် ငါးမြို့နယ်၌ ကာလတိုမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အောင်မြင်စွာမွေးမြူနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ၂ ဒသမ ၅ ဘီလီယံ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကာလတိုမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့နယ် ငါးမြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို အသားတိုးဝက်နှင့် အသားတိုးကြက်မွေးမြူရေးအတွက် ချေးငွေများကို ဇူလိုင်လမှစ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ ငွေကျပ် ၂ ဒသမ ၅ ဘီလီယံ ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

"မွေးမြူသူတွေကို သတ်မှတ်စည်းကမ်းချက်တွေအတိုင်း ထုတ်ချေးပေးပါတယ်။ အသားတိုးကြက်နဲ့ အသားတိုးဝက်ဆိုပြီး ကာလတိုတစ်နှစ်အတွင်းမှာ ပြန်ဆက်ဖို့ဖြန့်ဝေထုတ်ချေးပေးထားပါတယ်။ မြို့နယ်ငါးမြို့နယ်က မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ယောက်ကို ထုတ်ချေးပေးပြီးပါပြီ။ အခုလို လုပ်ဆောင်ပေးတာကလဲ တိုင်းဒေသကြီးအတွင်း အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အောင်မြင်ဖြစ်ထွန်းတဲ့ဒေသတွေ ရွေးချယ်ပြီးတော့ ဆောင်ရွက်ပါတယ်။ မွေးမြူရေးလုပ်ငန်းတွေအတွက် မွေးမြူသူတွေ နည်းစနစ်မှန်ကန်စွာမွေးမြူတတ်တဲ့ အလေ့အကျင့်ရလာစေဖို့ပါ။ အလုပ်အကိုင်အခွင့်အလမ်းတွေလဲ ဖန်တီးဖော်ဆောင်ပေးပါတယ်။ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာပြီး ကျေးလက်နေလူတန်းစား၊ မြို့နေလူတန်းစားအားလုံး ကွာဟမှုမရှိအောင် အသားကဏ္ဍဆောင်ရွက်တဲ့နေရာတွေမှာ ရည်ရွယ်ဆောင်ရွက်နေတာပါ"ဟု ဒေါက်တာ ခင်ဇော်က ပြောပြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို မတ္တရာမြို့နယ်တွင် မွေးမြူသူ လေးဦးကို အသားတိုးကြက်ကောင်ရေ ၅၁၀၀၀၊ အမရပူရမြို့နယ်တွင် မွေးမြူသူ ကိုးဦးကို အသားတိုးဝက် ၂၀၀၊ အသားတိုးကြက် ၃၆၀၀၊ စဉ့်ကိုင်မြို့နယ်တွင် မွေးမြူသူ ရှစ်ဦးကို အသားတိုးဝက် ၁၅၀၀၊ အသားတိုးကြက် ၆၃၀၀၀၊ တံတားဦးမြို့နယ်တွင် မွေးမြူသူ ငါးဦးကို အသားတိုးဝက် ၂၄၀၀၊ မိတ္ထီလာမြို့နယ်တွင် မွေးမြူသူ နှစ်ဦးကို အသားတိုးဝက် ၉၀၀ တို့အတွက် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ထိ ပေါက်ဈေးရှိနေ

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ထိပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း၌ ပဲတီစိမ်းကို ဝယ်ယူမှုပြန်လည်များပြားလာကြောင်း၊ ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း၌ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲတီစိမ်းက မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုတစ်လော ကြိုက်ရောင်းကြိုက်ဝယ်တွေပြန်များလာပြီး အရောင်းအဝယ်ကလဲ တော်တော်လေးပြန်ကောင်းလာတော့ မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ အောက်တိုဘာလပထမပတ်က ပဲတီစိမ်းဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ သာ ဈေးနှုန်းရှိခဲ့သော်လည်း ယနေ့တွင် ပဲတီစိမ်းသုံး တင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ထိ ပေါက်ဈေးရှိခဲ့ပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲတီစိမ်းက ပြည်တွင်းဈေးကွက်ထဲမှာလဲ အရောင်းအဝယ်ကောင်းနေတယ်။ နောက်ပိုင်း ပဲတီစိမ်း အရောင်းအဝယ်ဒီထက်ပိုပြီးကောင်းမွန်လာမဲ့အနေအထားမှာရှိနေပြီး ဈေးတွေဒီထက်ပိုပြီးကောင်းနိုင်တယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းပြားမြို့နယ် ဖားပြို(အထက်)ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းပြား အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဖားပြို(အထက်) ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဖားပြို(အထက်) ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မင်းပြားမြို့နယ် ဖားပြို(အထက်) ကျေးရွာ၌ အရှည်ပေ ၁၁၈၀၊ အကျယ် ၁၀ ပေ၊ အမြင့် တစ်ပေ ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေခင်းခြင်းလုပ်ငန်းနှင့် Mobile Solar ရေသန့်စင်စက် တပ်ဆင်ခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀၅၀၀၀၀ အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၏စီမံခန့်ခွဲမှု၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးသန့်ဇင်ဦး-ဒေါ်ခင်သက်ရဝင်း၊ သမီး- မဆုမြတ်သဇင်၊ မကြည်ဖြူသန့်ဇင် မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးစွန်နင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလက ကဏန်း ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့မှ ရန်ကုန်မြို့သို့ စက်တင်ဘာလက ကဏန်းပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းမွေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းများသည် ကဏန်းများကို ဝယ်ယူ၍ စနစ်တကျသန့်စင်ပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဩဂုတ်လက ကဏန်းပိဿာချိန် ၅၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကဏန်းပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ရေထွက်ကုန်တွေ ရန်ကုန်မြို့ကို တင်ပို့ရောင်းချပေးနေပါတယ်။ အခုလအတွင်းမှာလဲ ကဏန်းသီးသန့် ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခြားဒေသတွေကနေ ရန်ကုန်မြို့ကို ရေထွက်ကုန် ကဏန်းတွေအဝင်နည်းနေတာကြောင့် ရန်ကုန်ဘက်က အဝယ်လိုက်နေလို့ ဧရာဝတီတိုင်းဒေသကြီးက တင်ပို့မှုမြင့်တက်လာတာပါ။ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့ လုပ်ငန်းနဲ့ ဆက်စပ်သူတွေအားလုံး အဆင်ပြေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းမွေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ကဏန်းများကို စနစ်တကျသန့်စင်ပြီး ခြင်းများဖြင့်ထည့်ကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ မှ ၈၅၀၀၀ ထိ ဈေးရှိခဲ့ကြောင်း၊ အဆိုပါကဏန်းများ အများအပြား တင်ပို့ရောင်းချလာရသည့်အတွက် ကုန်သည်များ၊ ကဏန်းမွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုးညိုမြို့နယ် တာလေးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညို အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆုံကုန်းကျေးရွာအုပ်စု တာလေးကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေ ပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက တာလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို ငွေကျပ် ၂၃ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# မင်းတုန်းမြို့နယ် ဒါးလယ်ပြင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းတုန်း အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ဒါးလယ်ပြင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်း လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဒါးလယ်ပြင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို အလေးထား ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မင်းတုန်းမြို့နယ် ဒါးလယ်ပြင်ကျေးရွာ၌ အရှည် ၆၁၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ တစ်နာရီ ဂါလန် ၂၀၀ ထွက်ရှိသော ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၁၆၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာ ၂၃ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ပြောပြ၍ သိရသည်။

**ကိုညီ**



# မိုးပြာမော်ကွန်း ဖော်ညွှန်းအောင်လံ ရွှေတောင်ပံများ

မောင်လတ်(ကမ်းရိုးတန်း)

**မိုးယံကို စွဲမှင်**

ရဲရင့်စစ် နည်းဗျူဟာ၊
စွန့်လွှတ်၊ စွန့်စားစိတ်
ပြည့်သိပ်မှသာ၊
"လေသူရဲ"တိုင်းရင်းထဲမှာ
စဉ်မြဲမကွာ ရစ်သန်း၊
နိုင်ငံနဲ့ လူမျိုးအပေါ်
တူကျိုးမျှော် ယုံယုံရဲ
စွဲချစ်တဲ့ပန်း။ ။

ဤမြေကမ္ဘာဝယ် အနားသတ်မရှိအကျယ်ပြောဆုံးမှာ ကောင်းကင်ပြာကြီးပင်ဖြစ်၏။ သဘာဝသိပ္ပံဆိုင်ရာဖြစ်တည်မှုသီအိုရီအရ စကြဝဠာအနန္တဟူသည့် ဝိသေသအတိုင်းအဆ၏ သဏ္ဌာန်သက်ရောက်မှုသည် ဆန်းကျယ်လှပေစွ။

ဤသို့ဤမျှ အကျယ်အပြန့်၊ အဆန့်အဝန်းကြီးတွင် လူသားတို့၏ စူးစမ်းလေ့လာမှု၊ စမ်းသပ်မြော်မြင်မှုတို့ဖြင့် အဆင့်ဆင့်သောအခက်အခဲများကြားမှ တက်လှမ်းတွေ့ရှိလာသည့် ပညာရပ်တစ်ခုသည် အနေအထားမြင့်မားလှပါ၏။ ကြီးမားပါ၏။ ထိုအရာကား "လေကြောင်းပညာရပ်"ပင်တည်း။

လေကြောင်းပညာ၊ လေကြောင်းစွမ်းရည်သည် ပညာခေတ်၏ ရှေ့ပြေးစွန့်ဦးတီထွင်မှုမှသည် ဆန့်ထွက်ဆင့်ပွားရင်း ခေတ်စနစ်များကို ဆန့်တက်နိုင်ခဲ့သည်။ ဆက်သွယ်ရေးအမြင်အရပင် အလျင်မြန်ဆုံး၊ အထိရောက်ဆုံးနှင့် နည်းပညာမြင့်မားသည့် အဆင့်တစ်ဆင့်၌ပင် တည်မှီနေကြောင်း တွေ့ရပေသည်။ နိုင်ငံတကာစာမျက်နှာဝယ် လေကြောင်းစွမ်းရည်ကို အဓိကအားထားနေကြကြောင်း ယနေ့ခေတ် ကမ္ဘာ့မြင်ကွင်းအဖြစ် တွေ့ရပေလိမ့်မည်။ အထူးသဖြင့် စစ်မှုရေးရာဖြစ်၏။ တုံ့ပြန်မှု "မြန်နှုန်းအမြင့်ဆုံး" ပိုင်ဆိုင်ခြင်းနှင့် ပြုလုပ်နိုင်စွမ်းရှိခြင်းဟူသော အားသာချက်ကို တွေ့မြင်နိုင်သည်။ စွမ်းရည်တွင် အမြင့်ဆုံးဖြစ်၏။

၎င်းလေကြောင်းစွမ်းရည်၏ အချွန်အဖျား၌ မြားတစ်စင်းနှယ် တည်နေသည်မှာ လေသူရဲကောင်းများပင်ဖြစ်၏။ "မိုးယံခွဲဖွင့်ရဲရင့်သူများ" ဟုပင် ဆိုရပေလိမ့်မည်။

**ပစ္စက္ခမြင်ကွင်းထဲမှ လေကြောင်းပညာဆင့်ကူး အညွှန့်အဖူးရပ်ပုံလွှာ**

မြန်မာနိုင်ငံနှင့် လေကြောင်းကဏ္ဍ ချိန်ထိုးကြည့်သောအခါ "လည်ပြန်အကြည့်"၌ပင် သမိုင်းကြောင်းအခွဲအခန့်၊ အဆွဲအဆန့် ရှည်လျားစွာပါဝင်လာပါလိမ့်မည်။ ပစ္စက္ခကိုကြည့်သော် ယနေ့မျက်ဝါးထင်ထင်တွေ့မြင်ရသည့် မြင်ကွင်းသည်ပင် ဆွဲဆောင်နိုင်လွန်းသည်။ ရင်နှင့်ခံစား ကျေနပ်အားရမှုရှိလှသည်။ ဤသည်မှာ ကျွန်တော့်အမြင်အယူအဆပင်။ ကြည့်လေမြင်တွေ့သည်က. . . . ။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၂ ရက် မိုးအနှောင်းဆောင်းအကူးကာလ၊ ကောင်းကင်မှာ ပြာပြာလွင်လွင်၊ တက်သစ်စနေအရုဏ်အခင်းအဖြန့်တွင် ရွှေရည်ဝင်းဝင်းစက်စက် ရောင်စဉ်အလင်း၊ ပြီးတော့ အဆုပ်လိုက်အဆုပ်လိုက် လွင့်မျောနေသည့် တိမ်ဖြူစများ၊ ကြည်လင်သည့်ရာသီဥတု၊ လေအဝှေ့တွင် မိုးရနံ့နှင့်ဆောင်း၏အငွေ့အသက်များ စီးမျောလာမှုကို ရှူရှိုက်ရသည်။

မြေပြင်တွင် ရှည်လျားနက်မှောင်သည့် လေယာဉ်ပြေးလမ်း။ ထိုပြေးလမ်းကို နောက်ခံပြုကာ ထူလွင့်ထားသည့် ရောင်စုံအလံများ၊ လှုပ်ပျံတော်ရုပ်တု၊ သိန်းငှက်ရုပ်နဖူးစည်းပါ မုခ်ဦးနှင့် အခမ်းအနားတစ်ခုအတွက်ပြင်ဆင်ထားသည့် နေရာထိုင်ခင်းအဝန်းအဝိုင်းစသည်တို့မှာ သာမန်အမြင်အရဆိုလျှင် ထူး၏၊ ဆန်း၏။ တကယ်တော့ မထူးဆန်းပါ။ ဤရပ်ဝန်း၏ ဖော်ကျူးသတ်မှတ်ဂုဏ်ဒြပ်ကို လှမ်းမြင်တွေ့ရပါပြီ။ အမှတ်စဉ်(၈၅) လေသူရဲတောင်ပံအပ်နှင်းပွဲတဲ့။ ကျွန်တော့်ရင်ထဲမှာ ရွှမ်းစိုသောအသိခံစားမိပြန်သည်။ ရင်ခုန်နှုန်းမြန်လာသည်။

မှန်ပါသည်။ လေကြောင်းပညာရပ် လေကြောင်းစွမ်းရည်ပြယုဂ်၊ အဆန့်အထုတ် ဆောင်ရွက်ခြင်းမျိုးပင်။ ပညာမျိုးဆက် အညွှန့်အဖူးထုံကူးခြင်း၊ ပညာအမွေမျှဝေခြင်းဟုပင် ဆိုရပေလိမ့်မည်။ သည်တော့ လေကြောင်းပညာရပ်သည် ဤဒေသနှင့် လက်ပွန်းတတီး ကာလရှည်ကြာ ရှိနေပုံရသည်။ အသိပညာ၊ အတတ်ပညာ၊ သိပ္ပံနည်းနိဿယများ၊ ဗျူဟာချဲ့ရပ်ဝန်းစည်း အတွင်းဖြစ်ပေလိမ့်မည်။

ဒေသ၊ ဒေသိယ၊ နေရာ။ နယ်ပယ်အခင်းအဖြန့်၊ အဖွဲ့အစည်းအရှိန်အဟုန်
ကြည့်စမ်း၊ အညာမြေ မိတ္ထီလာ။
စက်မှုကွန်ရက်ကန့်သတ်မြေအစုအဖွဲ့၊
လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်

မရှိနိုင်အောင်ဖြစ်ရသည်။ ထိုအဖြစ်သည် ကျွန်တော့်ရင်ထဲတွင် စွဲထင်နေ၏။ သင်္ကေတဖြစ်တည်နေ၏။ ဤသည်မှာ "လေယာဉ်"ဖြစ်၏။ မိတ္ထီလာနှင့် လေယာဉ်မှာ စွယ်တော်ရွက်ပမာ ဖြစ်ပါလိမ့်မည်။ လေယာဉ်၊ ရဟတ်ယာဉ်မျိုးစုံတို့ ဆုံစည်းရာအရပ်၊ သည်တော့ ရိုးတံမာသည့်ပန်းကလေးအဖြစ် "သတ္တိ"နှင့် တွဲနေသည်။ စွန့်စားသောလေယာဉ်နှင့် ယှဉ်သော် "စွန့်လွှတ်"သောစိတ်ဓာတ်မြဲနေမည်။ ဝင်လာသည့် အသိတွင် စွမ်းရည်အဖြစ်ထိတွေ့လာပြီး မိတ္ထီလာမြို့ကလေး၏ ဥပမိတို ကြီးမားသောထုထည်အဖြစ်မြင်၏။

ဆန့်ထွက်လာသည့် အတွေးရုပ်ပုံလွှာဝယ် အရိပ်ထိုးလာသည့် စွမ်းရည်တို့ကြောင့် လေကြောင်းရပ်ဝန်း

❖ မင်္ဂလာဒုံလေတပ်စခန်းမှ "အမြုတေ"ဖွင့်လှစ်ခဲ့သည့် လေယာဉ်မောင်းသင်တန်းကျောင်းသည် ၁၉၅၁ ခုနှစ်တွင် မှော်ဘီလေတပ်၊ ၁၉၅၂ ခုနှစ်တွင် မိတ္ထီလာလေ့ကျင့်ရေးလေတပ်စခန်း၊ ပြီးနောက် ၁၉၇၄ ခုနှစ်တွင် မိတ္ထီလာ(ရှမ်းတဲ)လေကြောင်းအတတ်သင်လေတပ်စခန်း စသည်ဖြင့် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ယနေ့ဆိုလျှင် လေယာဉ်မောင်းသင်တန်းကျောင်းမှာ ဖွံ့စည်းပုံမြင့်လာသကဲ့သို့ လေကြောင်းအတတ်သင်လေတပ်စခန်းမှာလည်း ဌာနချုပ်အဆင့်ဖြစ်လာခဲ့၏။ သက်တမ်းကာလတွက်ကြည့်လျှင် ၇၃ နှစ် ရှိခဲ့လေပြီ။ မွေးထုတ်လိုက်သည့် လေသူရဲကောင်းများပင် ထောင်နှင့်ချီရှိခဲ့ပြီးဖြစ်၏။ ❖

တည်ရာအရပ်ဖြစ်သည်။ ကျွန်တော်သည်ပင် ခရီးသွားဧည့်သည် စစ်မှုထမ်းအငြိမ်းစားတစ်ဦးပင်။ စင်စစ် ဤလေတပ်စခန်းဌာနချုပ် လေတပ်သားမိသားစုတစ်စု၏ သားချင်းမျိုးနွယ်စုထဲမှဖြစ်သည်။ တကယ်လည်း စစ်သည်ဆိုသည်မှာ တစ်မိတည်းဖွား၊ တစ်သွေးသားရင်းပင် မဟုတ်ပါလား။

တိုက်ဆိုင်သည်က လေသူရဲတောင်ပံအပ်နှင်းကျောင်းဆင်းပွဲနှင့် ကြုံကြိုက်နေပြန်သည်။ သိလို၊ မြင်လို၊ စူးစမ်းလိုသည့် ကျွန်တော့်ဝါသနာရှိနေသည်။ "လေသူရဲ တောင်ပံအပ်နှင်းပွဲ"အခေါ်အဝေါ်က ဆန်းသည်။ မေးမြန်းချင်၏။ သို့နှင့် တစ်ထောင့်တစ်နေရာမှ ချဉ်းကပ်လေ့လာမိသည်။ ငေးမောတွေးတောမိသည်။ လေတွင်ပျော်ဝင်နေသည့် တမာရနံ့က လွင့်ပျံ့သင်းပျံ့။

**ရိုးတံမာသည့် အညာပန်းကလေး သို့မဟုတ် လေကြောင်းရပ်ဝန်းလွင်ပြင်**

မိတ္ထီလာဆိုသည်မှာ အညာမြို့ကလေးလေ၊ ကျွန်တော်သိပါသည်။ ရထား၊ ကားလမ်းဆုံ၊ လူမှုအစီအပွားဆက်သွယ်မှုလွယ်ကူခြင်း ဂုဏ်သတင်းဝင့်ထည်လှပါ၏။ အထူးပြောစရာမလို၊ ကျွန်တော့်ရင်ထဲမှာ မင်္ဂဇင်း ကဗျာတစ်ပုဒ်ရှိနေပါသည်-

**"နွေမှာထနောင်း၊ ဆောင်းကားမန်ကျည်း**
**မိုးလည်းမိုးဝါ၊ ရွှေတမာတို့**
**ညီညာဖွံ့ဧည်၊ ခစ်ဖွဲ့ရိုကြ**
**နေဖြည်ရစ်သန်း မြို့ထိလာ။**
**အညာပန်းလေး ရိုးတံမာ။"**

ကဗျာဆရာက ရိုးတံမာသော အညာပန်းကလေးအဖြစ် တင်စားချက်ကို ဟိုစဉ်က မစောကြောမိခဲ့။ တကယ်တော့ မိတ္ထီလာမြို့ကလေးသည် ကျေးလက်ဆန်၏။ ခြေလျင်၊ ခြေမြန်၊ အမြောက်၊ သံချပ်၊ လေတပ်၊ ထောက်ပို့ စသည့်လက်ရုံးဝန်ထမ်းတပ်များ ပွေ့ဖက်ထွေးပိုက်ထားခြင်းဖြင့် နွေးထွေးမှုရှိသည်၊ တည်ကြည်သော၊ မာကျောသော၊ ရိုးတံမာသည့်အညာပန်းကလေးသဖွယ်ဖြစ်သည်ဟု ဆိုလိုဟန်ရှိ၏။

စင်စစ် ကျွန်တော်ဖြတ်သွားဖြတ်လာအကြိမ်ကြိမ်ရှိခဲ့ဖူးသည်။ ဤခရီးစဉ်တိုင်းတွင် "အသံ"နှင့် "အမြင်" လွင်ပြင်ကြီးတစ်ခုအဖြစ် ပွင့်လင်းမြင်သာဖြစ်လာစေပြန်သည်။ တကယ်တော့ မိတ္ထီလာမြို့ကလေးသည် တပ်မတော်(လေ)၏ "ဗဟိုချက်"၊ လေကြောင်းရပ်ဝန်းကြီးပင်။ ကြည့်လေ လေကြောင်းဆိုင်ရာပညာရပ်များဖြန့်ဖြူးရာ စီးမျောထုံမွှမ်းရာအရပ်ဖြစ်သည်။ မြေပြင်အတတ်၊ ဝေဟင်အတတ်၊ စက်မှုနည်းပညာ၊ အီလက်ထရွန်နစ်ပညာရပ်များပို့ချရာ ကျောင်းအစုအဖွဲ့များလည်း တည်ရှိနေပါ၏။

တစ်ချိန်က စာဆိုတစ်ရပ်ရှိခဲ့သည်။ လေတပ်သားတို့ အောင်မြင်မဟာ အညာကျေးလက်မြို့ထိလာတဲ့။ လေတပ်သားအဆင့်အတန်းများ ဤရပ်မြေဝယ်အခြေခံကာ သန္ဓေဝင်ဖြစ်ခဲ့၏။ ဘူမိနက်သန်အောင်မြေ၊ မိခင်မြေဟု ခေါ်ဆိုစေတန်ရာရောက်စေသည့် သင်တန်းကျောင်းကြီးများကလည်း ယနေ့တိုင်ထင်ရှားရှိနေဆဲ။ ဤသင်တန်းကျောင်းကြီးများ၏ သမိုင်းတန်ဖိုးသည် တပ်မတော်(လေ)၏ သမိုင်းတန်ဖိုးကို ပိုမြင့်လာပေလိမ့်မည်။ ဤသမိုင်းတန်ဖိုးတို့ကို တူးဆွရင်းရင်မှာ တလှပ်လှပ်ခံစားမိပြန်သည်။ သမိုင်းခေတ်ကြေးမုံပြင်မှ ပုံရိပ်တို့ ရုပ်ရှင်ပြကွက်များနှယ်တဖျပ်ဖျပ်။ အနီးအဝေး။ အလင်းအမှောင်။ စိတ်ခံစားမှုရုပ်ပုံလွှာများ အခင်းအကျင်း။

**စစ်မှန်တိုင်းကြမ်း၊ လေကြောင်းပညာ၊ တပ်မတော်(လေ)နှင့် လေယာဉ်မောင်းသင်တန်း**

မြန်မာနိုင်ငံသို့ ၁၉၁၄ ခုနှစ် ကိုလိုနီခေတ်တွင် လေကြောင်းဆိုင်ရာ လေယာဉ်မောင်းနှင်မှုအတတ်ပညာရောက်ရှိလာသည်။ ရန်ကုန်လေယာဉ်မောင်းကလပ် ဖွင့်လှစ်တည်ထောင်ခဲ့ကြသည်။ ၁၉၄၀ ပြည့်နှစ် စက်တင်ဘာ ၁၉ ရက်တွင် ဗမာ့အဟော်တမ်းလေတပ်ဖွဲ့(BVAU)၊ ၁၉၄၁ ခုနှစ် မေ ၄ ရက်တွင် ပြန်လည်ဖွဲ့စည်းသော ဗမာ့လေတပ်မတော်(BVAF)တို့မှ ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် တပ်မတော်(လေ)အဖြစ် ရပ်တည်လာနိုင်ခဲ့သည်။ လာခြင်းကောင်းပါ၏။ မြန်မာ့နိုင်ငံရေး ဒီရေအမြင့်ဆုံးကာလ၊ စစ်မုန်တိုင်းမှပြည်တွင်း စစ်မီးလျှံအဖြစ်သို့ဦးလှည့်ခါနီး အထူးသဖြင့် နိုင်ငံ့ခေါင်းဆောင် အာဇာနည်ကြီးများ ကျဆုံးခဲ့ပြီး လေးလနှင့် ၂၆ ရက်အကွာတွင် တပ်မတော်(လေ)ပေါ်ထွက်လာရခြင်းဖြစ်ပါ၏။

တပ်မတော်(လေ) စတင်ခဲ့စဉ်က စစ်လက်နက်ပစ္စည်းလေယာဉ်ဆို၍ ဗြိတိသျှစစ်လက်ကျန် တိုက်ဂါးမော့သ်၊ တွင်အော်တာ၊ အောက်စဖို့စ် အနည်းအကျဉ်းသာရှိခဲ့ပါ၏။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းသောင်းကျန်းမှုများစွာကို တပ်မတော်သည် ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရပြီး သက်တမ်းနု တပ်မတော်(လေ)သည်လည်း ပါဝင်နှိမ်နင်းခဲ့ရပါသည်။ ဖွဲ့စည်းပြီး နှစ်နှစ်နှင့် ခြောက်လအကြာ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၁၆ ရက်တွင် မင်္ဂလာဒုံလေတပ်စခန်းဖွဲ့စည်းခဲ့ခြင်းနှင့်အတူ လေယာဉ်မောင်းသင်တန်းကျောင်းကိုပါ စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရှိရသည်။ မြန်မာနိုင်ငံတွင် ပထမဆုံးသော လေယာဉ်မောင်းသင်တန်းကျောင်းအဖြစ် ယနေ့တိုင် ရပ်တည်နေဆဲဖြစ်၏။

မင်္ဂလာဒုံလေတပ်စခန်းမှ "အမြုတေ"ဖွင့်လှစ်ခဲ့သည့် လေယာဉ်မောင်းသင်တန်းကျောင်းသည် ၁၉၅၁ ခုနှစ်တွင် မှော်ဘီလေတပ်၊ ၁၉၅၂ ခုနှစ်တွင် မိတ္ထီလာလေ့ကျင့် ရေးလေတပ်စခန်း၊ ပြီးနောက် ၁၉၇၄ ခုနှစ်တွင် မိတ္ထီလာ(ရှမ်းတဲ) လေကြောင်းအတတ်သင်လေတပ်စခန်းစသည်ဖြင့် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ယနေ့ဆိုလျှင် လေယာဉ်မောင်းသင်တန်းကျောင်းမှာ ဖွံ့စည်းပုံမြင့်လာသကဲ့သို့ လေကြောင်းအတတ်သင်လေတပ်စခန်းမှာလည်း ဌာနချုပ်အဆင့်ဖြစ်လာခဲ့၏။ သက်တမ်းကာလ တွက်ကြည့်လျှင် ၇၃ နှစ်ရှိခဲ့လေပြီ။ မွေးထုတ်လိုက်သည့် လေသူရဲကောင်းများပင် ထောင်နှင့်ချီရှိခဲ့ပြီးဖြစ်၏။ ယခင်က အရပ်ဘက်လေယာဉ်မှူးများပင် တက်ရောက်ပညာသင်ကြားခဲ့ခြင်းများလည်း ရှိကြောင်း သိရှိရပါသည်။

လေကြောင်းပညာဆိုသည်မှာ အဓိက လေယာဉ်၊ နောက် မောင်းနှင်မှုအတတ်ပညာ၊ ပြီးတော့ စက်မှုလက်မှုပိုင်းဆိုင်ရာ ခေတ်သိပ္ပံနည်းစနစ်အရ ဆက်နွယ်ကျွမ်းကျင်တတ်မြောက်မှု၊ လေ့ကျင့်တီထွင်ဆန်းသစ်မှု စသည်ဖြင့် ပညာရပ်နယ်ပယ်အတိမ်အနက်၊ အချိတ်အဆက်တိကျသော အကူးအသန်းလုပ်ဆောင်ချက်များပင်ဖြစ်၏။ ဤအသိ၊ အတတ်ပညာရပ်များ စိုးမိုးရာရပ်ဝန်းလွင်ပြင်ကြီးအတွင်း တည်ရှိသည့် ပျံသန်းမှုအတတ်သင်ကြားပို့ချရာကျောင်းကြီးကို တွေ့မြင်ရုံနှင့်လေးစားမိပါသည်။ ဤရပ်ဝန်းရှိ ဤကျောင်းမြေသည် ရေခံမြေခံကောင်းလေသမျှ လေသူရဲကောင်းများမွေးဖွားရာအောင်မြေအဖြစ် သမိုင်းဂုဏ်ကြီးလှသည်။ တန်ဖိုးမြင့်လှပေသည်။

**စက်မှု၊ သိပ္ပံနည်းပညာနှင့် လေ့ကျင့်မှုကျောင်းများ**

လေယာဉ်မောင်းသင်တန်းကျောင်း တည်ရှိရာ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ပရဝုဏ်သည် ကျယ်ဝန်းလှပါသည်။ တမာ၊ ကုက္ကို၊ မဲဇလီ၊ ပိတောက်၊ သစ်ပင်ကြီးများ ပေါက်ရောက်ဖြန့်ကြက်မှုများကြောင့် အေးမြသည့်အရိပ်အာဝါသနှင့် စိမ်းစိမ်းလန်းလန်းရှိသည်။ လေယာဉ်ပြေးလမ်းသည် ဌာနချုပ်၏ အနောက်ဘက်ကျကျတွင် တည်ရှိ၏။ ဟိုဘက်တွင် လေယာဉ်ရုံနှင့် ရုံးဌာနဆိုင်ရာ အဆောက်အအုံများ၊ သည်ဘက်၌မူ လေယာဉ်မောင်းသင်တန်းကျောင်း၊ စာပေပို့ချသည့်စာပေဌာန၊ သင်တန်းသား၊ သင်တန်းသူ လေသူရဲလောင်းများနေထိုင်ရာ သီးခြားအဆောက်များ စနစ်တကျဖွဲ့စည်းထားရှိသည်။ ထူးခြားချက်တစ်ခုမှာ အဖြူရောင်ထီးထီးမားမားရပ်တည်နေသည့် လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းကြီးပင်တည်း။ ထည်ဝါသည့်ဂုဏ်နှင့် အဆောက်အအုံ၏ ဗိသုကာလက်ရာအပြင်အဆင်မှာ ဆွဲဆောင်မှုရှိလှပါသည်။ အဆင့်မြင့်အရာရှိကြီးများသာ တက်ရောက်ခွင့်ရှိသည့် သင်တန်းကျောင်းဖြစ်ကြောင်း သိရှိရသည်။

လေသူရဲသင်တန်းကျောင်းအနေဖြင့် အခြေခံလေယာဉ်မောင်းသင်တန်း၊ အကြိုတန်းမြင့်လေယာဉ်မောင်းသင်တန်း၊ တန်းမြင့်လေယာဉ်မောင်းသင်တန်း စသည်ဖြင့် စနစ်တကျလေ့ကျင့်သင်ကြားဆည်းပူးစေခြင်းဖြစ်သည်။ ရွာကြီးတစ်ရွာအနေအထားဖြစ်လာသည့် ယနေ့ကမ္ဘာဝယ် လေကြောင်းစွမ်းအားခေတ်မီရေး

စာမျက်နှာ ၅ သို့ ➤

➤ စာမျက်နှာ ၄ မှအဆက်

ဦးစားပေးလာနေရပြီဖြစ်၏။ တိုက်ခိုက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ရဟတ်ယာဉ်အစရှိသည့် လေယာဉ်အမျိုးအစားအလိုက် ထူးချွန်သည့်လေသူရဲကောင်းများမွေးထုတ်ရေး ဆောင်ရွက်လာကြသည်။

လေသူရဲတစ်ဦးဖြစ်လာရန်မှာ မလွယ်ကူပါ။ ဌာ၊ သတ္တိရှိခြင်းအပြင် ဘာသာဗေဒကျွမ်းကျင်မှု၊ ဆိုင်ရာပြဋ္ဌာန်းသင်ခန်းစာများအလိုက် နှံ့စပ်သိမြင်တတ်ကျွမ်းရန်လည်းလိုအပ်ပါသည်။ စက်ကိရိယာနည်းပညာဆိုင်ရာအဆင့်၊ အခန်း၊ အမြင့်အတန်းအလိုက် လေ့လာမှုမပြတ်ဆောင်ရွက်ရမည်။ ယခင်က အမျိုးသားသာတက်ရောက်ခွင့်ရှိခဲ့ရာ ၂၀၁၇ ခုနှစ်မှစတင်၍ အမျိုးသမီးများကိုပါ တက်ရောက်ခွင့်ပြုခဲ့ပါသည်။ တပ်မတော်(လေ) တစ်ခေတ်ဆန်းလာခဲ့ပြီဖြစ်၏။ နိုင်ငံတကာနှင့်ယှဉ်က မြန်မာအမျိုးသမီးလောကအတွက် ဖွင့်လှစ်ပေးလိုက်သည့် တံခါးတစ်ချပ်ပင်တည်း။

သင်တန်းတက်ရောက်ခွင့်မှာ အမျိုးသားများအတွက် စစ်တက္ကသိုလ်ကျောင်းဆင်းအရာရှိများမှ ရွေးချယ်ခြင်းအစဉ်အလာရှိခဲ့ပြီး အမျိုးသမီးများအတွက်မူ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းဆင်းအရာရှိများမှ ရွေးချယ်ခွင့်ပြုခြင်းဖြစ်ကြောင်း သိရှိရသည်။ အမှတ်စဉ်(၈၀)လေယာဉ်မောင်းသင်တန်းမှစတင်ကာ အမျိုးသမီးလေသူရဲများပေါ် ထွက်ခဲ့ခြင်းဖြစ်သည်။ အစပိုင်းတွင် သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် ရဟတ်ယာဉ်များတွင်သာ တာဝန်ပေးအပ်လာခြင်းများရှိခဲ့သော်လည်း နောက်ပိုင်းတွင် တိုက်ခိုက်ရေးလေယာဉ်များတွင်ပါ တာဝန်ပေးအပ်လာခြင်းများရှိလာပြီဖြစ်ကြောင်း သိရှိရပါသည်။

လေသူရဲတစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့် တာဝန်အောက်တွင် ပျံသန်းရေးနှင့်စစ်ဆင်ရေး အမြဲယှဉ်တွဲနေပါသည်။ ပျံသန်းရေးမှာအခြေခံပင်။ သင်တန်း၏ သဘောသဘာဝမှာ တစ်ဦးချင်းအသက်ချင်းထပ်ကာ သင်ကြားရသည်ဖြစ်၍ ခက်ခဲနက်နဲပါ၏။ ဆရာ၊ တပည့်ဆက်ဆံရေးမှာ နွေးထွေးမှုအပြင် ယုံကြည်မှုကိုလည်း တည်ဆောက်ရပါသည်။ အသိ၊ သတိ မဆိုစလောက်ချို့ယွင်းမှုကလေးမျှမရှိအောင် ဂရုစိုက်ရသည်။ ထိုအခါ လေယာဉ်မောင်းနည်းပြဆရာ၏ ဆရာဟူသည့် ဝိသေသဂုဏ်ကြီးမြင့်လှကြောင်း သိသာစေပါသည်။ အလွန်လေးစားစရာကောင်းပါ၏။ ဤနေရာတွင် သင်တန်းဆရာနှင့် သင်တန်းသားနှစ်ဦးကြားမှ ပေါ်ထွက်လာသည့် "ဆရာ"အခေါ်အဝေါ်သံစဉ်လေးသည် ချိုမြိန်လှပါ၏။ လေသူရဲအရာရှိများကြားတွင်စိမ့်ဝင်ကာ အမြဲတမ်းသစ်လွင်လတ်ဆတ်နေပါ၏။ အနိမ့်၊ အမြင့် သံစဉ်မှန်သော စီးဆင်းမှုဖြစ်ပြီး ဂါရဝမျဉ်းဖြောင့်တစ်ကြောင်းပေါ်တွင် တည်မှီနေပါသည်။ တပ်မတော်(လေ)တွင်သာရှိသည့် ဆက်ဆံရေး "သမုတ်နှောင်ကြိုးကလေး"ဟု တင်စားချင်ပါသည်။

**နိုင်ငံတကာစာမျက်နှာမှသည် စကြဝဠာတိုင် တိုးဝင်ဆန်ကြည့်ခြင်း**

လေသူရဲတို့ဘဝကား စိတ်ဓာတ်ခိုင်မာမှုနှင့် ရဲစွမ်းသတ္တိတည်ဆောက်ရသည်။ သတိ၊ အသိ အမြဲမပြတ်ဆင်ခြင်ရသည်။ အကာက-စွန့်လွှတ်ခြင်း။ အနှစ်က-သတ္တိရှိခြင်းဟု ပြောရပေလိမ့်မည်။ ကြည်လေ-တာဝန်ထမ်းဆောင်ရပြီဆိုရသောအခါ ပျံသန်းရေးပိုင်းအနေနှင့်ပင် အကာအကွယ်မဲ့အာကာသဟင်းလင်းပြင်ဝယ် လူတို့ဖန်တီးထားသည့် စက်လေယာဉ်ဖြင့်တစ်ဦးတည်း ရင်ဆိုင်ဖြေရှင်းမှု၊ စက်ကိရိယာပိုင်းအပေါ် ယုံကြည်ကိုးစားမှုတို့သည် မိမိတစ်ဦးတည်းအပေါ်တည်နေပါသည်။ ထိုအခါ ပြတ်သားသော ခံစားချက်နှင့်ဆုံးဖြတ်ချက် အဓိကဖြစ်လာ၏။ ယနေ့ခေတ်သိပ္ပံပညာ၏ ဆန့်ထွက်မှုသည် အာကာသအပြင် စကြဝဠာတိုင် ထိုးထွက်ဖြန့်ကြက်ခဲ့လေပြီ။

လေကြောင်းစွမ်းအင်အရွေ့အပြောင်းသည် ကမ္ဘာနှင့်တစ်ဝန်းစိတ်ပါဝင်စားမှုမြင့်တက်လာပြီဖြစ်၏။ နည်းပညာဖွံ့ဖြိုးမှုအသွင်သဏ္ဌာန်သည် မျိုးဆက်များနှင့်ယှဉ်ကာ တိုးတက်မှုဆင့်ကာဆင့်လာမြဲ။ သို့ပိုနှင့်နည်းပညာရေစီးကြောင်းကား အလျဉ်မပြတ် ရပ်တန့်သည်မရှိတော့။ စစ်ပွဲတစ်ပွဲ၏ ရေချိန်အတက်အကျကို လေကြောင်းစွမ်းအားက ထိန်းချုပ်ဖန်တီးနိုင်စွမ်းရှိလာနေပြီဖြစ်၏။ ယနေ့ခေတ်စစ်ပွဲများက ပြညွှန်းနေသည်။ စင်စစ်လေကြောင်းစွမ်းရည်သည် စစ်ပွဲ၏ဝင်ရိုးပင်တည်း။

နိုင်ငံတကာလူ့အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ မသေးလှပါ။ အမျိုးသားများနှင့်ရပ်တည်မှုတန်းတူဖြစ်နေလေပြီ။ လေကြောင်းပညာရပ်နယ်ပယ်အနေနှင့်ပင် လေသူရဲများနှင့် အာကာသသူရဲကောင်းများအဖြစ် နေရာယူမှုများရှိလာနေသည်မှာ ကြာခဲ့ပြီဖြစ်၏။ မြန်မာ့လေကြောင်းလောကတွင် အမျိုးသမီးများအတွက် နေရာဖွင့်ပေးလိုက်ခြင်းမှာ နှိုင်းအစ၊ ဆယ်စုနှစ်တစ်စုမျှပင် ရှိသေးသည်ဟု ပြောရပေလိမ့်မည်။ မနှသီစိတ်ဝမ်းဖြင့် လက်ကမ်းကြိုဆိုပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရပ်ဘက်၊ စစ်ဘက်ပျံသန်းမှုနယ်ပယ်အလိုက် အမျိုးသမီးလေယာဉ်မှူးများ တစ်နေ့တခြားများပြားလာနေကြောင်း သိလာရပေသည်။ ယှတ်စွာအဆုံး အသံထက်မြန်သော လေယာဉ်မှူးများပင်ရှိလာနေလေပြီ။

ယနေ့ခေတ်လေကြောင်းစစ်ဆင်မှုများတွင် လေယာဉ်တစ်စီးချင်းအနီးကပ်တိုက်ပွဲမျိုးမဟုတ်တော့ဘဲ တပ်ဖွဲ့များစွာ အုပ်စုဖွဲ့ပူးပေါင်းမှုဖြင့် ဟန်ချက်ညီစွာ ထိန်းချုပ်ကွပ်ကဲတိုက်ခိုက်သည့် နည်းဗျူဟာများဖြစ်လာနေပြီဖြစ်၏။ အလျင်အမြန်တုံ့ပြန်နိုင်စွမ်းရှိသည့် သေနင်္ဂဗျူဟာသည် စစ်ပွဲကို အသာစီးရမှုဖြစ်စေ၏။ ၎င်းသည် လေကြောင်းစွမ်းအင်၌တည်၏။ ခေတ်သိပ္ပံပညာရပ်ကိုအခြေခံသည့် နည်းပညာ၊ နည်းစနစ်များ အသစ်ဖြစ်ထွန်းရင်း လေကြောင်းပညာရပ်နယ်ပယ်အဆန့်၊ အဖြန့်ကျယ်သည်ထက်ကျယ်၊ မြင့်သည်ထက်မြင့်လာခဲ့ပြီဖြစ်ကြောင်း တွေ့လာရပေသည်။

**လေကြောင်းလွင်ပြင်ဗဟိုချက်မှ ဇော်မူကွန်ရက်အစင်းအမြန့်**

တပ်မတော်(လေ)သည် သက်တမ်းအနေဖြင့် စိန်ရတုလွန်ကာလသို့ရောက်ရှိခဲ့ပြီးဖြစ်၏။ ခေတ်မီတပ်မတော်(လေ)တစ်ရပ်ဆီသို့လှမ်းချီရင်း စစ်၏အချွန်အဖျား၊ စစ်၏အားမောင်းလည်း ပြည်တန်သလောက်ပြည့်၊ မြင့်တန်သလောက်မြင့်ခဲ့ပြီ။ မိတ္ထီလာမြို့ကလေး သို့မဟုတ် လေကြောင်းရပ်ဝန်းလွင်ပြင်ဝယ် သိပ္ပံနှင့်နည်းပညာဆိုင်ရာအသင်းအဝိုင်း၊ အဆဲ့အဆန့်ကလည်း စုံညီပြည့်တင်းလှပေသည်။ လေယာဉ်မောင်းသင်တန်းကျောင်းတည်ရာ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်သည်ပင် လေကြောင်းပညာရပ်လွင်ပြင်ဗဟိုချက်ကဲ့သို့ ဖြစ်လာသည်။ ၎င်းမှဖြန့်ကြက်ထားသော စက်မှုလက်မှုကွန်ရက်အခင်းအဖြန့်ကလည်း ကျယ်ပြန့်လွန်းလှပါသည်။ တစ်ဖက်တွင် လေကြောင်းဆိုင်ရာမြေပြင်အတတ်သင်ကြားပို့ချပေးသည့်ကျောင်းများတည်ရှိသော မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်ကြီးနှင့် အခြားတစ်ဖက်၌မူ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်ကြီးကိုလည်း တွေ့မြင်ရပေလိမ့်မည်။

စက်မှုသိပ္ပံဆိုင်ရာနည်းပညာရပ်များ မြင့်တက်လာသည်နှင့်အမျှ လေယာဉ်၊ ရဟတ်ယာဉ်ဆိုင်ရာ စစ်လက်နက်ပစ္စည်းပိုင်းနှင့် ပျံသန်းရေးအတတ်ပညာပိုင်းများလည်း ဆန်းသစ်လာပေလိမ့်မည်။ လေကြောင်းပညာ၊ စက်မှုကွန်ရက်အင်းအကျင်း၊ အခွဲအဖြန့်များကြောင့် ဝန်းဝိုင်းဖွဲ့ချဲ့ထွင်မှုဗျူဟာကျယ်ပြောလာပေလိမ့်မည်။

**စွန့်စားမှုဖြင့်ပွင့်သည့်ပန်း လေသူရဲတို့ လျှောက်မည့်လမ်း**

နေအရှက်သည် နူသစ်ရာမှ ရင့်လာနေပြီ။ ကျွန်တော်သည် တစ်ခန်းတစ်လျားဆန့်ထွက်လာသည့်စိတ်ခံစားမှုကြောင့် ထင်မြင်လာသည့်ရုပ်ပုံလွှာအထိအတွေ့၊ အဖိအဖော့များတွင် မိန်းမောနေရာမှ ရုတ်ခြည်းဆိုသလိုသတိ၊ အသိဝင်လာသည်။ မြင်ကွင်း လေသူရဲတောင်ပံအပ်နှင်းပွဲ၊ လေကြောင်းစွမ်းရည် အညွန့်အဖူးထုံးကူးခြင်းပင်တည်း။ ဤမြင်ကွင်းပင်လျှင်အပြောင်းအလဲဖြစ်လာနေပြီ။ နက်မှောင်သည့်လေယာဉ်ပြေးလမ်းသည်ကျောင်းဆင်းစစ်ရေးပြကွင်းတစ်စိတ်တစ်ပိုင်း၊ တလူလူလေပြန့်လွင့်နေသည့် လေတပ်စခန်းဌာနချုပ်၊ စခန်း၊ အုပ်၊ တပ်အလံများ၊ ညီညွှာရောင်အတွင်းဝင်လာကြသည့် ဖိတ်ကြားခံဧည့်ပရိသတ်များ၊ အမောင်းသင်လေယာဉ်လေးများ၊ စစ်ရေးပြတပ်ခွဲ၊ အမှတ်စဉ်(၈၅)ကျောင်းဆင်းလေသူရဲမောင်မယ်များ။

ကြည့်စမ်း။

စွမ်းရည်သတ္တိ၊ ပေါင်းပြည့်ခိုင်မာမှုဖြင့် စွန့်လွှတ်စွန့်စားလေသူရဲများအဖြစ် အောင်ပွဲခံကြမည့် လုလင်ပျို၊ လုံမပျိုများ။ ဖူးပွင့်စပန်းကလေးများပေါ့။ နေအရှက်နှယ် နုနယ်မှုမှရင့်ကျက်မှုသို့ပြောင်းလဲရန် တာစူနေခဲ့လေပြီ။

ကျွန်တော့်ရင်ထဲမှ အတွေးများရှိနေသည်။ သူတို့မျက်ဝန်း၊ သူတို့ဟန်ပန်၊ ရင့်ကျက်မှုပုံသဏ္ဌာန်ဆောင်နေလင့်ကစား ပျိုမျစ်မှု၊ နုနယ်မှုပုံစံမပျောက်သေးပါ။ သူတို့ထမ်းဆောင်ရမည့်တာဝန်မှာ မသေးလှ။ လေသူရဲတစ်ဦးဖြစ်လာရန် သူတို့၏ကြိုးပမ်းအားထုတ်မှု၊ ပြီးတော့ နိုင်ငံတော်၏ငွေကြေးကုန်ကျခံ အနာဂတ်ချီးအစီအမံများ စသည့် ဆင့်သော၊ မြင့်သော၊ အတွန်းအပင့်အကြောင်းတရားတို့သည် ခွန်အားများဖြစ်တည်လာပေလိမ့်မည်။

သူတို့၏စိတ်ခံစားမှု ရင်ခုန်စည်းချက်များ၊ ထင်သာမြင်သာဖြစ်လာသည့် နိမိတ်ပုံများတွင် သူတို့လျှောက်မည့်လမ်းပုံရိပ်များက ဖြောင့်ဖြောင့်ဖြူးဖြူးတန်းတန်း။

စင်စစ် သူတို့သည် စွန့်စားမှုဖြင့်ပွင့်လာသည့်ပန်း၊ ရဲစွမ်းသတ္တိထုံလွှမ်းမြဲ။

သူတို့နေရာမှနေ၍ ကျွန်တော် ရင်ဖြင့်ခံစားကြည့်နေမိသည်။

- ဘဝသစ်ဖူး၊ ရင်ခုန်မြူးစ
  ဦးစီးချုပ်(လေ)၊ ကိုယ်တိုင်ပေတည့်
  ရွှေတောင်ပံလေး၊ တပ်ဆင်ပေးသော်
  သွေးသစ်နှိုးလျက်၊ အားမောင်းတက်၏
  လက်ရုံးကြောဆိုင်၊ မာတင်းခိုင်၏
  တိုင်ပိုင်နက်နယ်၊ မိုးမြင့်ကျယ်ကို
  ကာကွယ်မည့်ဝန်၊ တို့ကျေပွန်အံ့
  မိုးစွန့်တမ္ဘတ်၊ ကြယ်ကိုဆွတ်မည့်
  စွန့်လွှတ်စွန့်စား၊ တို့စိတ်ထားကို
  ပြတ်သားသစ္စာ ခိုင်ခဲ့ပြီ။
- သြော်. . . မနေ့သတ္တာ၊ ဒုလ္လဘဝယ်
  ရခဲစင်စစ်၊ စစ်သားဖြစ်ခဲ့
  စစ်သားတို့ထဲ၊ လေသူရဲကား
  ဌာနှင့်သတ္တိ၊ စွမ်းအားပြည့်မို့
  သတိမြဲမြဲ၊ သန္နိဋ္ဌာန်ဖြင့်
  မိုးယံအဆင့်ဆင့်၊ ထိုးခွဲဖွင့်ကြ
  ရဲရင့်အောင်လံ၊ ရွှေတောင်ပံလျှင်
  အားမာန်ပူးကပ်၊ အတ္တပွတ်နှင့်
  ကြီးမြတ်ဂုဏ်ရည် တည်စေသတည်း။ ။

ကျွန်တော် ယုံကြည်နေပါသည်။ တပ်မတော်(လေ)၏ပုံရိပ်လေကြောင်းစွမ်းရည်သည် ယနေ့မြန်မာ့ကောင်းကင်ယံဝယ် မိုးပြာမော်ကွန်းထူနိုင်ခဲ့လေပြီဟု။

## စွမ်းအင်မြင့်မား လေသူရဲများ ဝင့်ကြွားအပ်နှံ ရွှေတောင်ပံ

- လေသူရဲဂုဏ်၊ သင်းပျံ့ထုံလျက်
  လွှမ်းခြုံအာကာ၊ ပြည်မြန်မာဝယ်
  ညီညာဆောင်မှု၊ အောင်ကြောင်းပြုသည်
  ပေါင်းစုအားမာန်၊ ဝေဟင်ယံက
  စံပြုဝင့်ကြွား၊ တပ်မတော်သား၊
  သွေးသက်ပေးထား၊ လေသူရဲများ။
- လေသူရဲနော်၊ နာမည်ခေါ်ရေး
  ထင်ပေါ်မြင့်မား၊ ရည်သွေးများဖြင့်
  စိတ်အားထက်မြက်၊ လုပ်ဆောင်ချက်တို့
  မပျက်သစ္စာ၊ ဆိုမိန့်ရာကို
  နာခံတိကျ၊ ဌာလှ့ံလဖြင့်
  နိုင်းဆလုပ်ဆောင်၊ ကြံတိုင်းအောင်ရေး
  ရည်ဆောင်ကြိုးပမ်း၊ ပြည့်ဝန်ထမ်း။
  တည်ထောင်တိုးလျှမ်း၊ ပြည်တစ်ဝှမ်း။
- ပြည့်ဝန်ထမ်းစဉ်၊ နှောင့်ယှက်ဝင်သည့်
  ဆန့်ကျင်သောင်းကျန်း၊ နယ်တစ်ဝှမ်းက
  မှောင်လမ်းလျှောက်နေ၊ ပြည်ဖျက်တွေကို
  မှုန့်ကျေပျက်သုဉ်း၊ ပြုတ်ပြုတ်ပြုန်းထိ
  ရေဆုံးကုန်းပြင်၊ တိုက်ပွဲဝင်။
  ချေမှုန်းသုတ်သင်၊ အောင်ပွဲဝင်။
- အောင်ပွဲဝင်နိုင်၊ ပြည့်မာန်တိုင်တွက်
  မြဲခိုင်ဂုဏ်တင့်၊ ကြွားကြွားဝင့်စေ
  လေ့ကျင့်အစဉ်၊ ပြည့်ဝေဟင်ဝယ်
  မောင်းသင်ပျံသန်း၊ လေမှာစွမ်းဖို့
  ဆင့်ကမ်းအမွေ၊ ပေးဖြန့်ဝေ၏။
  သင်တန်းထွေထွေ၊ တက်ရောက်နေ၏။
  ပျံသန်းလေလေ၊ တိုးတက်စေ၏။
- သင်တန်းပြီးမြောက်၊ အောင်ပွဲရောက်သော်
  ထက်အောင်ဝေဟင်၊ ပျံသန်းနှင်ရေး
  တပ်ဆင်ဆောင်ရန်၊ ရွှေတောင်ပံကို
  အပ်နှံဝဲရင်၊ ဆောင်နှင်းဆင်သည်
  ပေါ်လွင်ထင်ရှား၊ သားကောင်းများတည်
  မြဲစဉ်ဝင့်ကြွား၊ လေသူရဲများတည့်
  စွမ်းအင်မြင့်မား၊ လေတပ်သားတည်း။ ။

ရွှေညာမြေမြတ်သင်းကြိုင်

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## သမ္မတလောင်းများနှင့် ဒုတိယသမ္မတလောင်းများ၏ အသက်အရွယ်ကန့်သတ်ချက် အင်ဒိုနီးရှားဆုံးဖြတ်မည်

**ဂျကာတာ အောက်တိုဘာ ၁၁**

ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းများနှင့် ဒုတိယသမ္မတလောင်းများ၏ အနိမ့်ဆုံးအသက်အရွယ်ကန့်သတ်ချက်ထပ်မံဖြေလျှော့ပေးရေးအယူခံလျှောက်ထားမှုကို အင်ဒိုနီးရှားဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက လာမည့်ရက်သတ္တပတ်တွင်ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် လာမည့်နှစ် ဖေဖော်ဝါရီလတွင် သမ္မတရွေးကောက်ပွဲများနှင့် လွှတ်တော်ရွေးကောက်ပွဲများကို တစ်ချိန်တည်းကျင်းပမည်ဖြစ်သည်။

အဆိုပါရွေးကောက်ပွဲအတွက် သမ္မတလောင်းနှင့် ဒုတိယသမ္မတလောင်းများ၏ အနိမ့်ဆုံးအသက်အရွယ်ကန့်သတ်ချက် ထပ်မံဖြေလျှော့ရေးဆိုင်ရာ အယူခံလျှောက်ထားချက်ကို လာမည့် အောက်တိုဘာ ၁၆ ရက်တွင်အဆုံးအဖြတ်ပေးမည် ဖြစ်ကြောင်း အင်ဒိုနီးရှား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားကြောင်း သိရသည်။

အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက သမ္မတလောင်းများနှင့် ဒုတိယသမ္မတလောင်းများ၏ အနိမ့်ဆုံးအသက်အရွယ်ကန့်သတ်ချက်ကို ထပ်မံဖြေလျှော့ပေးခဲ့ပါက လက်ရှိသမ္မတဂျိုကိုဝီဒိုဒို၏ အသက် ၃၆ နှစ်ရှိ သားဖြစ်သူ ဂီဘရန်လည်း ရွေးကောက်ပွဲယှဉ်ပြိုင်ခွင့်ရရန် လမ်းစပွင့်လာမည်ဖြစ်သည်။

လက်ရှိဥပဒေများအရ အင်ဒိုနီးရှားသမ္မတလောင်းများနှင့်ဒုတိယသမ္မတလောင်းများ၏ အနိမ့်ဆုံး အသက်အရွယ် ကန့်သတ်ချက်မှာ ၄၀ ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးသို့တင်ပြထားသည့် အယူခံလျှောက်ထားချက်တွင် သမ္မတလောင်းများနှင့် ဒုတိယသမ္မတလောင်းများ၏ အနိမ့်ဆုံးအသက်အရွယ်ကို ၃၅ နှစ်ထိ လျှော့ချပေးရန် တောင်းဆိုထားကြောင်း သိရသည်။

**Ref : Sputnik**
**Trs : KKO**

## ရုရှားသမ္မတပူတင် ကာဂျစ်စတန်နိုင်ငံသို့သွားရောက်မည်



**မော်စကို အောက်တိုဘာ ၁၁**

ဗဟိုအာရှဒေသနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကာဂျစ်စတန်နိုင်ငံသို့ ရုရှားသမ္မတပူတင် အောက်တိုဘာ ၁၂ ရက်တွင် လာရောက်မည်ဖြစ်ကြောင်း ကာဂျစ်စတန်သမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

အဆိုပါသတင်း မှန်ကန်ခဲ့ပါက ကာဂျစ်စတန်ခရီးစဉ်သည် ရုရှားသမ္မတပူတင်အတွက် နိုင်ငံတကာရာဇဝတ်တရားရုံး ဖမ်းဝရမ်းထုတ်ပေါ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည်။

ယူကရိန်းစစ်ရေးပဋိပက္ခကာလအတွင်း ယူကရိန်းကလေးများကို ရုရှားနိုင်ငံသို့ အဓမ္မပို့ဆောင်ခဲ့သည်ဟူသောစွပ်စွဲချက်ဖြင့် အိုင်စီစီက ယခုနှစ်မတ်လတွင် ဖမ်းဝရမ်း ထုတ်ပြန်ထားသည်။

ရုရှားအစိုးရက အိုင်စီစီ၏ စွပ်စွဲချက်ကို ငြင်းပယ်ထားပြီး အိုင်စီစီဖမ်းဝရမ်းကိုလည်း အသိအမှတ်ပြုထားခြင်း မရှိကြောင်း သိရသည်။

ကာဂျစ်စတန်သမ္မတဆာဒီးရာဂျာပါရော့ဗ်၏ဖိတ်ကြားချက်အရ ရုရှားသမ္မတပူတင်အနေဖြင့် ကာဂျစ်စတန်နိုင်ငံသို့ အောက်တိုဘာ ၁၂ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း ကာဂျစ်စတန်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်သည် ယခုနှစ် မေလအတွင်း ကာဂျစ်စတန်သမ္မတဂျာပါရော့ဗ်နှင့်တွေ့ဆုံစဉ် ကာဂျစ်စတန်နိုင်ငံသို့ သွားရောက်ရန် သဘောတူထားသည်။

သို့သော် သမ္မတပူတင်အနေဖြင့် ကာဂျစ်စတန်သို့သွားရောက်ရန်ရှိ၊ မရှိကို ကရင်မလင်နန်းတော်က တရားဝင် အတည်ပြုထားခြင်းမရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## တရုတ်နှင့် ယူရိုငွေကြေးဇုန်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အိုင်အမ်အက်ဖ် ပြန်လည်လျှော့ချ

**ဝါရှင်တန် အောက်တိုဘာ ၁၁**



တရုတ်နိုင်ငံနှင့် ယူရိုငွေကြေးဇုန်နိုင်ငံများ၏ ၂၀၂၄ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်) က အောက်တိုဘာ ၁၀ ရက်တွင် လျှော့ချခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု ပြန်လည်ခိုင်မာလာသည့်တိုင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနည်းပါးနေဆဲဖြစ်ခြင်းကြောင့် တရုတ်နှင့် ယူရိုငွေကြေးဇုန် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းများကို အိုင်အမ်အက်ဖ်က ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုင်အမ်အက်ဖ်က ထုတ်ပြန်ထားသည့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမျှော်မှန်းချက်သည် နောက်ဆုံးအစီရင်ခံစာတွင် ကမ္ဘာကြီး၏ ယခုနှစ် နှစ်စဉ်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းက ယခင်အတိုင်း သုံးရာခိုင်နှုန်းသာ သတ်မှတ်ခဲ့သည်။

သို့သော် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၂၀၂၄ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ယခုနှစ် ဇူလိုင်လအတွင်းက ၃ ဒသမ ၃ ရာခိုင်နှုန်းခန့်မှန်းထားသော်လည်းအောက်တိုဘာ ၁၀ ရက်နေ့ထုတ် နောက်ဆုံးအစီရင်ခံစာတွင် ၂ ဒသမ ၉ ရာခိုင်နှုန်းသို့ လျှော့ချထားသည်။

ထို့နည်းတူ အိုင်အမ်အက်ဖ်သည် တရုတ်နှင့် ယူရိုငွေကြေးဇုန်နိုင်ငံများ၏ ၂၀၂၄ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းများကိုလည်း မူလမျှော်လင့်ခဲ့သည်ထက်ပို၍ လျှော့ချခဲ့ကြောင်း သိရသည်။

သို့သော် ကမ္ဘာ့စီးပွားရေးမှာ ကိုဗစ်-၁၉ရောဂါကပ်ဘေးယူကရိန်းစစ်ရေးပဋိပက္ခနှင့် ၂၀၂၂ ခုနှစ် စွမ်းအင် အကျပ်အတည်းတို့မှ ဆက်လက်ဦးမော့နေဆဲဖြစ်ကြောင်း အိုင်အမ်အက်ဖ် တာဝန်ရှိသူများက သုံးသပ်ထားကြောင်း သိရသည်။

**Ref : The Strait Times**
**Trs : KKO**

## အစ္စရေးရောက် ဩစတြေးလျနိုင်ငံသားများကို အထူးလေကြောင်းခရီးစဉ်နှစ်ခုဖြင့် ခေါ်ထုတ်မည်

**ဆစ်ဒနီ အောက်တိုဘာ ၁၁**

အစ္စရေးနိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံသားများကို ပြန်လည်ခေါ်ယူရေးအတွက် ဩစတြေးလျအစိုးရက အထူးလေကြောင်းခရီးစဉ်နှစ်ခုစီစဉ်ထားကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်လ်ဘာနီစီက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါအထူးလေကြောင်းခရီးစဉ်များအနက် ပထမခရီးစဉ်မှာ အောက်တိုဘာ ၁၃ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး အောက်တိုဘာ ၁၅ ရက်တွင် ဒုတိယမြောက်ခရီးစဉ်ကို ပျံသန်းပေးမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ်၏အဆိုအရ သိရသည်။

မိမိတို့အနေဖြင့် အစ္စရေးနိုင်ငံတွင်းသို့ရောက်ရှိနေသည့် ဩစတြေးလျနိုင်ငံသားများကို ရနိုင်သမျှနည်းလမ်းမျိုးစုံဖြင့် ပြန်လည်ခေါ်ထုတ်ရန်လည်း မိမိတို့စဉ်းစားနေကြောင်း ဩစတြေးလျဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဩစတြေးလျ နိုင်ငံသားအများအပြားမှာ အစ္စရေးနိုင်ငံတွင် နေထိုင်နေသူ၊ အစ္စရေးသို့ ရောက်နေသူများဖြစ်ကြရာ အစ္စရေး၌ ဩစတြေးလျနိုင်ငံသား မည်မျှမည်မျှရှိနိုင်သည်ကို မသိနိုင်သေးကြောင်း ဩစတြေးလျဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဂါဇာအခြေစိုက် ဟားမတ်အုပ်စုသည် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးမြို့များအတွင်းသို့ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ အစ္စရေးစစ်ဘက်ကလည်း လက်တုံ့ပြန်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

လေးရက်ကြာ တိုက်ပွဲများအတွင်း အစ္စရေးနိုင်ငံအတွင်း၌ နိုင်ငံခြားသားအများအပြား ပိတ်မိနေကြဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂါဇာကမ်းမြောင်မှ ပါလက်စတိုင်းလူမျိုးများ အစုလိုက်အပြုံလိုက်ဝင်ရောက်မှုကိုတားဆီးရန် အီဂျစ်စီစဉ်

**ကိုင်ရို အောက်တိုဘာ ၁၁**

ဂါဇာကမ်းမြောင်မှ တစ်ဆင့် ဆိုင်းနိုင်း ကျွန်းဆွယ်ဒေသသို့ ပါလက်စတိုင်းများ အစုလိုက်အပြုံလိုက် ဝင်ရောက်လာနိုင်မှုကို တားဆီးရေးအတွက် အီဂျစ်နိုင်ငံက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်၏ အဓိကထွက်ပေါက်မှလူဝင်၊လူထွက် ရပ်သွားချိန်တွင် ဂါဇာကမ်းမြောင်မှ ဆိုင်းနိုင်းကျွန်းဆွယ်သို့ ဝင်ရောက်လာနိုင်မည့် ပါလက်စတိုင်းများကို တားဆီး၍ အီဂျစ်နိုင်ငံက ပြင်ဆင်နေခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ကို အစ္စရေးနိုင်ငံကတိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာဒေသသားများကိုအနောက်မြောက်ဘက် ဆိုင်းနိုင်းကျွန်းဆွယ်ဆီသို့ တွန်းပို့မည့်အစား ဘေးကင်းလုံခြုံမှုရှိသည့် စင်္ကြံလမ်းဖန်တီးပေးရန် အီဂျစ်နိုင်ငံက အစ္စရေးကို တိုက်တွန်းထားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ စစ်ရေးအခြေအနေများတင်းမာလာမှုသည် အလွန်အန္တရာယ် ကြီးကြောင်း၊ သို့ဖြစ်ရာ အီဂျစ်နိုင်ငံအနေဖြင့် ဂါဇာပြဿနာကို ဖြေစပ်ဆွေးနွေးခြင်းဖြင့်အဖြေရှာရန် ဒေသတွင်းမိတ်ဖက်၊နိုင်ငံတကာမိတ်ဖက်များနှင့်ပူးတွဲကြိုးစားနေကြောင်း အီဂျစ်သမ္မတ အက်ဘ်ဒယ်လ်ဖတ်တာ အယ်လ်စီစီက ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂါဇာကမ်းမြောင်နှင့် အီဂျစ်ဆိုင်းနိုင်း ကျွန်းဆွယ်တို့ကြား၌ ရာဖေးလ်နယ်စပ်ပေါက်မှာ ငြိမ်သက်နေဆဲဖြစ်ကြောင်း သိရသည်။


တစ်ချိန်တည်းမှာပင် အီဂျစ်စစ်ဘက်ကလည်း နယ်စပ်တစ်လျှောက်နေရာသစ်များ၌ လုံခြုံရေးယူထားပြီး နယ်မြေတွင်းကင်းလှည့်မှုများလည်း မြှင့်တင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နဂါးငွေ့တန်းကြယ်စုအလေးချိန်က မူလတွက်ချက်ထားသည့် အလေးချိန်၏ ငါးပုံတစ်ပုံခန့်သာရှိနိုင်









**လန်ဒန် အောက်တိုဘာ ၁၁**

နဂါးငွေ့တန်းကြယ်စု အလေးချိန်သည် မူလတွက်ချက်ထားသည့် အလေးချိန်၏ ငါးပုံတစ်ပုံခန့်သာရှိနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ အောက်တိုဘာ ၁၀ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဥရောပအာကာသအေဂျင်စီ၏ ဂိုင်ယာအာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသည့်အချက်အလက်များကိုသုံး၍ နဂါးငွေ့တန်းကြယ်စု၏အလေးချိန်ကို ခန့်မှန်းခဲ့ကြကြောင်း သိရသည်။

ခန့်မှန်းချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ နဂါးငွေ့တန်းကြယ်စု၏ အလေးချိန်သည် နေဒြပ်ထုထက် အဆပေါင်းဘီလီယံ ၂၀၀ မျှသာရှိသည်ကို တွေ့ရကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဗြိတိန်သိပ္ပံပညာရှင်များ၏ နဂါးငွေ့တန်းကြယ်စုအလေးချိန် ခန့်မှန်းချက်သည် ယခင်ခန့်မှန်းထားသည်ထက် ငါးဆမှ လေးဆထိ ပိုနည်းကြောင်း သိရသည်။

နဂါးငွေ့တန်းကြယ်စု၏ အလေးချိန်ကို နေဒြပ်ထု၏ အဆပေါင်း ၈၉၀ ဘီလီယံထိရှိကြောင်း သိပ္ပံပညာရှင်များက ယခင်က ခန့်မှန်းထားသည်။

နဂါးငွေ့တန်းကြယ်စု အလေးချိန်တိုင်းတာချက်နှစ်ရပ်ခြားနားမှုသည် မဟာရာဒြပ်စင် (Dark Matter) ခေါ် မမြင်နိုင်သည့်ဒြပ်စင်များ ပျောက်ကွယ်နေမှုကြောင့် ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

**Ref : The Daily Mail**
**Trs : KKO**

## စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များလွှတ်တင်ရေး Space-X အာကာသနည်းပညာကုမ္ပဏီ ဆိုင်းငံ့ထား

**ဝါရှင်တန် အောက်တိုဘာ ၁၁**

Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များလွှတ်တင်ရေး အစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ဆိုက်ခီမစ်ရှင်ကို ဦးစားပေးသည့်အနေဖြင့် စတားလင့်ခ်ဂြိုဟ်တု ၂၂ စင်း လွှတ်တင်ရေးအစီအစဉ်ကို Space-X အာကာသနည်းပညာကုမ္ပဏီက ဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း သိရသည်။

မူလက Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို အောက်တိုဘာ ၁၀ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။



အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

သို့ရာတွင် နာဆာအဖွဲ့ကလည်း ဆိုက်ခီအမည်ရှိ ဂြိုဟ်သိမ်လေ့လာရေး အာကာသယာဉ်ကို အောက်တိုဘာ ၁၂ ရက်တွင် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဆိုက်ခီမစ်ရှင်ကို ဦးစားပေးသည့်အနေဖြင့် စတားလင့်ခ်မစ်ရှင်ကို ယာယီဆိုင်းငံ့ထားကြောင်း Space-X အာကာသနည်းပညာကုမ္ပဏီက ထုတ်ပြန်ထားသည်။

**Ref : Space.com**
**Trs : KKO**

## နော်ကာအာကာသစခန်းကိုယ်ထည် အရန်အအေးပေးစနစ်တွင် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာရှိနေ

**မော်စကို အောက်တိုဘာ ၁၁**

နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် ချိတ်ဆက်ထားသည့် နော်ကာအာကာသစခန်းကိုယ်ထည် အရန်အအေးပေးစနစ်တွင် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာရှိနေကြောင်း ရုရှား အာကာသအေဂျင်စီက အောက်တိုဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အရန်အအေးပေးစနစ်ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် အာကာသယာဉ်မှူးများအတွက် ဘေးအန္တရာယ်မရှိကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်းကလည်း ဆိုယုဇ်အာကာသလူသယ်ယာဉ်တစ်စင်းနှင့် ပရိုဂရက်စ်အာကာသလူသယ်ယာဉ်တစ်စင်းတို့ အအေးပေးစနစ်ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ရုရှား၏ နော်ကာအာကာသစခန်းကိုယ်ထည်အရန်အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာအတွက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

ရုရှားနိုင်ငံသည် နော်ကာအာကာသစခန်း ကိုယ်ထည်ကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂၁ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နော်ကာ၏ အရန်အအေးပေးစနစ်သည် အာကာသစခန်းယာဉ်အတွင်းရှိ အပူချိန်ကို ထိန်းချုပ်ပေးသည့်စနစ်ဖြစ်ကြောင်း သိရသည်။

**Ref : Spacenews**
**Trs : KKO**

# HEALTH

## ပဋိဇီဝဆေးတချို့သုံးစွဲမှုကြောင့် ပုံစံ-၂ ဆီးချိုလူနာများ၌ နှလုံးခုန်ရုတ်တရက်ရပ်နိုင်

**အမ်စတာဒမ် အောက်တိုဘာ ၁၁**

ပဋိဇီဝဆေးတချို့ သုံးစွဲမှုကြောင့် ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ နှလုံးခုန်ရုတ်တရက်ရပ်နိုင်ကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အချို့သော ပဋိဇီဝဆေးများ၊ အဖျားပျောက်ဆေးများနှင့် စိတ်ကျန်းမာရေးဆေးတချို့ကြောင့် ပုံစံ-၂ ဆီးချိုလူနာများ၌ နှလုံးခုန်ရုတ်တရက်ရပ်နိုင်ခြေ ပုံမှန်ထက်နှစ်ဆ မြင့်တက်လာနိုင်ကြောင်း နယ်သာလန် သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါဆေးများကြောင့် ယခင် နှလုံးရောဂါအခံမရှိသူ ပုံစံ-၂ ဆီးချိုလူနာများမှာပင် နှလုံးခုန်ရုတ်တရက်ရပ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

နယ်သာလန်သုတေသနပညာရှင်များ၏အဆိုအရ Domperi-done ခေါ် အဖျားပျောက်ဆေးအုပ်စုဝင်များ၊ Marcolides နှင့် Fluoroquinolones ကဲ့သို့ ပဋိဇီဝဆေးများနှင့် Holoperidol ကဲ့သို့ စိတ်ရောဂါဆေးများကြောင့် ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ နှလုံးခုန်ရုတ်တရက်ရပ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

နယ်သာလန်သုတေသနပညာရှင်များသည် နှလုံးခုန်ရုတ်တရက်ရပ်မှုခံစားခဲ့ရဖူးသည့် ပုံစံ-၂ ဆီးချိုလူနာ ၆၈၉ ဦးတို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အထက်ဖော်ပြပါ ပဋိဇီဝဆေးနှစ်မျိုးကြောင့် ပုံစံ-၂ ဆီးချိုလူနာများ၌ နှလုံးခုန်ရုတ်တရက်ရပ်မှုပြဿနာပေါ်လာနိုင်ခြေမှာ ၆၆ ရာခိုင်နှုန်းမြင့်မားပြီး စိတ်ကျန်းမာရေးဆေးကြောင့် ပေါ်လာနိုင်ခြေမှာ ၁၈၇ ရာခိုင်နှုန်း မြင့်မားကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : The Daily Mail**
**Trs : KKO**

## အော်တစ်ဇင်ဖော်ထုတ်မှုအပလီကေးရှင်းက ၈၈ ရာခိုင်နှုန်းထိ တိကျစွာဖော်ထုတ်ပေးနိုင်

**နယူးယောက် အောက်တိုဘာ ၁၁**

အမေရိကန် သုတေသနပညာရှင်များ ဖန်တီးထားသည့် အော်တစ်ဇင်ဖော်ထုတ်မှု အပလီကေးရှင်းသည် ကလေးများ၌ အော်တစ်ဇင်ရောဂါရှိ၊ မရှိကို မိနစ်ပိုင်းအတွင်း ၈၈ ရာခိုင်နှုန်း တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများအရ သိရသည်။

Sense To Know အမည်ရှိ အထက်ပါအပလီကေးရှင်းကို ကာရိုလိုင်းနားပြည်နယ် ဂျူတက္ကသိုလ်မှ သုတေသနပညာရှင်များက ဖန်တီးထားခြင်းဖြစ်သည်။

အဆိုပါအပလီကေးရှင်းသည် ကလေးများကို ခြောက်မိနစ်ဗီဒီယိုဖိုင်တစ်ခုဖွင့်ပြ၍ ပေါ်ထွက်လာသည့် ကလေးများ၏မျက်နှာပြင်အမူအရာတုံ့ပြန်မှုများကို လေ့လာစိစစ်ခဲ့ခြင်းဖြင့် အော်တစ်ဇင်ရောဂါရှိ၊ မရှိ ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

ကလေးမိဘများအနေဖြင့် အထက်ပါ အပလီကေးရှင်းကို ဂျူတက္ကသိုလ်မှ သုတေသနအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်ပြီဖြစ်သည်။

အမေရိကန်နိုင်ငံ ကလေး ၃၆ ဦးလျှင် တစ်ဦးမှာ အော်တစ်ဇင်ခေါ် ငါခွဲစိတ်ဝေဒနာခံစားနေကြရသူများဖြစ်ကြောင်း သိရသည်။

အမေရိကန် ယောကျ်ားလေးများကြားတွင် အော်တစ်ဇင်ဖြစ်ပွားနှုန်းမှာ ၁၀၀ လျှင် လေးဦးရှိပြီး မိန်းကလေးများကြား ဖြစ်ပွားနှုန်းမှာ ၁၀၀ လျှင် တစ်ဦးနှုန်းထိရှိကြောင်း သိရသည်။

**Ref : The Daily Mail**
**Trs : KKO**






# ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ် မန်စီးတီးအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်

**မန်ချက်စတာ အောက်တိုဘာ ၁၁**

ယခုနှစ် ဘောလုံးရာသီတွင် နည်းပြဂွါဒီယိုလာ လက်အောက်၌ ပွဲကစားခွင့် ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်က လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်းပြောကြားခဲ့သည်။

ကယ်ဗင်ဖီးလစ်သည် ကွင်းလယ်ပိုင်းတွင် ဒုတိယဦးစားပေးကစားသမားအဖြစ်သာ ပါဝင်နေရသော်လည်း ရိုဒရီအနေဖြင့် အနီကတ်ပြစ်ဒဏ်ကြောင့် ပါဝင်ခွင့်မရသည့်အချိန်တွင် နည်းပြဂွါဒီယိုလာက ၎င်းကို ထည့်သွင်းအသုံးမပြုခဲ့ဘဲ လူငယ်ကစားသမား ရီကိုလူးဝစ်ကိုသာ အသုံးပြုခဲ့သောကြောင့် လာမည့် အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကယ်ဗင်ဖီးလစ်သည် ယခုနှစ်ပရီးမီးယားလိဂ် ရှစ်ပွဲကစားအပြီးတွင် မိနစ် ၇၀ သာ လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ရပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ခုနစ်မိနစ်သာပါဝင်ခဲ့ရကာ နယူးကာဆယ်အသင်းကိုရှုံးနိမ့်ခဲ့သည့် ကွာရာဘောင်းဖလားပြိုင်ပွဲတွင်သာ ပွဲထွက်ကစားသမားအဖြစ်ကစားခဲ့ရသည်။

အသက် ၂၇ နှစ်ရှိ ကယ်ဗင်ဖီးလစ်သည် ပြီးခဲ့သည့်နွေရာသီကတည်းက ကမ်းလှမ်းလာသည့် ထိပ်သီးအသင်းများ ရှိသော်လည်း ပယ်ချခဲ့ပြီး မန်စီးတီးအသင်းတွင် ပွဲထွက်ခွင့်အတွက် ယှဉ်ပြိုင်သွားရန် ဆုံးဖြတ်ခဲ့သော်လည်း လက်ရှိတွင် ၎င်းအနေဖြင့် ခြေစွမ်းပြသနိုင်ရန် ပွဲကစားချိန် မလုံလောက်သောကြောင့် ဇန်နဝါရီအပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ရာ ပရီးမီးယားလိဂ်ပြိုင်ဘက် နယူးကာဆယ်အသင်း၊ အဲဗာတန်အသင်း၊ ဝက်စ်ဟမ်းအသင်းနှင့် လီဗာပူးအသင်းတို့ အပါအဝင် ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းကလည်းခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

**Ref : The Sun**

**Trs : ML**



# 2023 Samba Gold Award ဆုအတွက် ဆန်ခါတင်ကစားသမားစာရင်း ထွက်ပေါ်




**ရိုယိုဒီဂျနေးရိုး အောက်တိုဘာ ၁၁**

ဥရောပတွင် ကစားနေသည့် ဘရာဇီးအသင်းမှကစားသမားများကို ရွေးချယ်ပေးအပ်သည့် 2023 Samba Gold Award ဆုအတွက် ဆန်ခါတင် ကစားသမားစာရင်း ထွက်ပေါ်ခဲ့ရာ ပရီးမီးယားလိဂ်မှ ကစားသမားအများစု ပါဝင်လာခဲ့ကြောင်း သိရသည်။

လက်ရှိ ဥရောပထိပ်တန်းလိဂ်များတွင် ဘရာဇီးကစားသမားများအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲနှင့် စပိန်လာလီဂါတို့မှ ထိပ်တန်းကလပ်အသင်းကြီးများတွင် ကစားနေကြပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကစားနေသည့် ကစားသမားများမှ ခြောက်ဦးထိပါဝင်လာခဲ့ပြီး စပိန်လာလီဂါမှ နှစ်ဦး၊ ပြင်သစ်လီဂူးမှ တစ်ဦးနှင့်ဆော်ဒီပရိုလိဂ်မှ တစ်ဦး ပါဝင်လာခဲ့သည်။

2023 Samba Gold Award ဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် လီဗာပူးအသင်းမှ ဂိုးသမားအယ်လစ်ဆန်၊ နယူးကာဆယ်အသင်းမှ ဂူမာရေ့စ်နှင့် ဂျိုလင်တန်၊ မန်ယူအသင်းမှ ကက်စ်မဲရိုး၊ မန်စီးတီးအသင်းမှ ဂိုးသမားအန်ဒါဆန်၊ အာဆင်နယ်အသင်းမှ မာတင်နယ်လီ၊ပီအက်စ်ဂျီအသင်းမှ မာကွင်ဟို၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်စ်နှင့် ရိုဒရီဂို၊ အယ်ဟိုင်လာအသင်းမှ နေမာတို့ပါဝင်ခဲ့ကြသည်။

Samba Gold Award ဆုကို ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်က စတင်ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ပထမဆုံးအကြိမ်ပေးအပ်ခဲ့သည့် အေစီမီလန်အသင်း ကစားသမားဟောင်း ကာကာ ရရှိခဲ့ကြောင်း သိရသည်။

**Ref : All Football.Com**

**Trs : STA**

# ၂၀၂၈ ယူရိုပြိုင်ပွဲတွင်ပါဝင်ခွင့်ရရှိရန် ပစ်မှတ်ထားနေကြောင်း တိုက်စစ်မှူး ဟယ်ရီကိန်း ထုတ်ဖော်ပြောကြား

**မြူးနစ် အောက်တိုဘာ ၁၁**

ဘိုင်ယန်မြူးနစ် အသင်းတွင် ခြေစွမ်းပြနေသည့် တိုက်စစ်မှူး ဟယ်ရီကိန်းက ၎င်းအနေဖြင့် လာမည့် ၂၀၂၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခွင့်ရထားသည့် ယူရိုပြိုင်ပွဲတွင် ထိပ်တန်းအဆင့်ခြေစွမ်းမျိုးပြသ၍ အင်္ဂလန်အသင်းအတွက် ပါဝင်ကစားပေးနိုင်ရန် ပစ်မှတ်ထားနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၀ ရှိ ဟယ်ရီကိန်းသည် လာမည့် ယူရို ၂၀၂၈ ပြိုင်ပွဲတွင် အသက် ၃၅ နှစ်ရှိမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် ခြေစွမ်းပိုင်းကျဆင်းသွားမည်မဟုတ်ဘဲ အင်္ဂလန်အသင်းကို ယူရို ၂၀၂၀ ပြိုင်ပွဲတွင် လက်လွတ်ခဲ့ရသည့် ချန်ပီယံဆုဖလားကို ရယူပေးနိုင်ရန် မျှော်လင့်ထားသည်ဟု ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းက "ပြီးခဲ့တဲ့ ဇူလိုင်လက အသက် ၃၀ ပြည့်ခဲ့တဲ့ ကျွန်တော့်အတွက် ကစားသမားဘဝတစ်ဝက်ကျိုးသွားပြီလို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်လာမဲ့ ရှစ်နှစ်၊ ၁၀ နှစ်လောက် ထိပ်တန်းအဆင့်ခြေစွမ်းမျိုးနဲ့ ကစားနိုင်မယ်လို့ယုံကြည်ပါတယ်။ ဥပမာပြရရင် မက်ဆီ၊ စီရော်နယ်ဒိုတို့လဲ အသက်သုံးဆယ်ကျော် ကစားသမားတွေဖြစ်ပေမဲ့ ထိပ်တန်းအဆင့် ခြေစွမ်းတွေနဲ့ ပုံစံကောင်းပြသနိုင်ဆဲဖြစ်ပါတယ်။ ဒါကြောင့် အသက်အရွယ်က အဓိက ပြဿနာမဟုတ်ပါဘူး။ ကျွန်တော့်အိပ်မက်ကတော့ လာမဲ့ ယူရို ၂၀၂၈ ပြိုင်ပွဲမှာ အင်္ဂလန်အသင်းအတွက်ပါဝင်ပြီး အောင်မြင်မှုရအောင်ကူညီသွားဖို့ပါ"ဟု ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ၂၀၁၅ ခုနှစ်က အင်္ဂလန်အသင်းအတွက် စတင်ကစားခွင့်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၈၆ ပွဲတွင် သွင်းဂိုး ၅၉ ဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် ဂိုးသွင်းအများဆုံး ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း အသင်းနှင့်အတူ ၂၀၂၀ ယူရိုပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့သာ တစ်ကြိမ် တက်ရောက်နိုင်ခဲ့ကာ အောင်မြင်မှုရယူနိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

**Ref : Daily Mail**

**Trs : ML**

# တိုက်စစ်မှူးဂျက်ဆန် ဒဏ်ရာခွဲစိတ်ကုသမှုကြောင့် ဆီနီဂေါအသင်းလူစာရင်းမှ နုတ်ထွက်

**လန်ဒန် အောက်တိုဘာ ၁၁**

ချဲလ်ဆီးအသင်း တိုက်စစ်မှူး ဂျက်ဆန်သည် လက်ကောက်ဝတ်ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သည့်အတွက် ဆီနီဂေါအသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ရကြောင်း သိရသည်။

တိုက်စစ်မှူး ဂျက်ဆန်သည် ချဲလ်ဆီးအသင်းနှင့် ဘရိုက်တန်အသင်းတို့ကစားခဲ့သည့် ကွာရာဘောင်းဖလားပြိုင်ပွဲတွင် ရရှိခဲ့သည့် လက်ကောက်ဝတ်ဒဏ်ရာကို အသေးစားခွဲစိတ်ကုသမှု ပြုလုပ်ရမည်ဖြစ်သည့်အတွက် ရက်သတ္တပတ်အနည်းငယ် အနားယူရမည်ဖြစ်သောကြောင့် ကင်မရွန်းအသင်းနှင့် ခြေစမ်းပွဲကစားရမည့် ဆီနီဂေါအသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ရသည်။

ဂျက်ဆန်အနေဖြင့် လက်ကောက်ဝတ်ဒဏ်ရာ ပြင်းထန်မှုမရှိသဖြင့် ပြီးခဲ့သည့် ဘန်လေအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီး ယခုအခါ အသေးစားခွဲစိတ်မှုပြုလုပ်ရန်ဆုံးဖြတ်ခဲ့ကာ ယခုလအတွင်းပြန်လည်ကစားနိုင်မည် ဖြစ်သောကြောင့် နိုင်ငံအသင်းနှင့် ပါဝင်နိုင်ခြင်းမရှိသော်လည်း လာမည့်အောက်တိုဘာ ၂၁ ရက်တွင် အာဆင်နယ်အသင်းနှင့် ကစားရမည့်ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ခံစစ်ကစားသမား ဒီဆာစီသည်လည်း ဘန်လေအသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့သည့်ဒဏ်ရာပြဿနာကြောင့် ပြင်သစ်အသင်းလူစာရင်းမှထွက်ခွာခဲ့ရပြီး နည်းပြပိုချက်တီနိုအနေဖြင့် ဒဏ်ရာရ



ကစားသမားများကို နိုင်ငံတကာပြိုင်ပွဲကာလပြီးဆုံးချိန်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ရန် မျှော်လင့်ထားသကဲ့သို့ အာဆင်နယ်အသင်းနှင့်ကစားရမည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ချူကွယ်ဇီ၊ ရီစီဂျိမ်း၊ ဘာဒီယာရှီးနှင့်ချာလိုဘတ် စသည့် အဓိက ကစားသမားများအားလုံး ပါဝင်နိုင်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : 90Min**

**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- ဘာမင်ဂမ်အသင်းက ဒီစီယူနိုက်တက်နှင့် လမ်းခွဲခဲ့သည့် နည်းပြရွန်းနီကို နည်းပြသစ်ခန့်အပ်ရန်အတွက် ဆွေးနွေးမှုပြုလုပ်နေပြီး မကြာခင်ထုတ်ပြန်ကြေညာမည်ဟု သိရသည်။
- ဆော်ဒီကလပ်အသင်းများက အင်တာမီယာမီအသင်းမှ တိုက်စစ်မှူး မက်ဆီကို အငှားစာချုပ်ဖြင့်ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။
- စပါးအသင်းနည်းပြပိုစတီကိုဂလူက ဆဲလ်တစ်အသင်းတွင် လက်တွဲခဲ့ဖူးသည့် အယ်အီတီဟတ်ကစားသမား ဂျိုတာကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် အသင်းသို့ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူး ဗင်နီစီးယက်စ်၏ စာချုပ်သက်တမ်းတိုးကိစ္စနှင့်ပတ်သက်၍ မကြာမီတရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ML

# (၄၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အမျိုးသားနှင့်အမျိုးသမီးအသင်း ဗိုလ်လုပွဲတက်ရောက်



**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း တိုးတက်ပြန့်ပွားလာစေရန်နှင့် မျိုးဆက်သစ် ခြင်းလုံးအားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပသည့် (၄၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ဆက်လက်ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း ဗိုလ်လုပွဲစဉ်သို့ အသီးသီးတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

(၄၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ (ကျား)ခြောက်ပေါက်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရမှတ် ၁၃၅၉ မှတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရမှတ် ၆၆၆ မှတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ရမှတ် ၁၀၃၃ မှတ်၊ ရခိုင်ပြည်နယ်အသင်းက ရမှတ် ၄၁၄ မှတ်၊ ရှမ်းပြည်နယ်အသင်းက ရမှတ် ၈၂၆ မှတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရမှတ် ၁၃၈၅ မှတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရမှတ် ၆၁၄ မှတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရမှတ် ၁၀၆၀ မှတ် အသီးသီးရရှိခဲ့ကြသည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ (မ)လေးပေါက်ပွဲစဉ်များတွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရမှတ် ၄၄၈ မှတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရမှတ် ၆၉၈ မှတ်၊ ရှမ်းပြည်နယ်အသင်းက ရမှတ် ၁၂၉ မှတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရမှတ် ၃၇၉ မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရမှတ် ၆၂၂ မှတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရမှတ် ၄၃၈ မှတ်များ အသီးသီး ရရှိခဲ့ကြသည်။

(၄၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲကို အောက်တိုဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲ (မ)လေးပေါက် ဗိုလ်လုပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်း၊ အမျိုးသားပြိုင်ပွဲ (ကျား)ခြောက်ပေါက်ဗိုလ်လုပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Jamaica Open ပြိုင်ပွဲတွင် ပက်ထရစ်ကာဗာ ပါဝင်ယှဉ်ပြိုင်မည်

**ကင်းစတန်း အောက်တိုဘာ ၁၁**

ဂျာမေကာနိုင်ငံတွင် အောက်တိုဘာ ၂၈ ရက်၌ ကျင်းပသွားမည့် Jamaica Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဟောင်းတစ်ဦးဖြစ်သူ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ကာဗာက ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ပက်ထရစ်ကာဗာသည် ၂၀၁၉ ခုနှစ်တွင် Jamaica Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆုကိုဆွတ်ခူးခဲ့သူဖြစ်ပြီး Jamaica Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ထပ်မံဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေကြောင်း ပက်ထရစ်ကာဗာက ပြောကြားခဲ့သည်။

လက်ရှိချန်ပီယံအဖြစ်ရပ်တည်နေသူအမေရိကန် ဂေါက်သီးရိုက်ကစားသမားမက်ဂွဲယားသည်လည်း လက်ရှိချန်ပီယံကို ကာကွယ်နိုင်ရန် ဆန္ဒရှိနေသည့်အတွက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

Jamaica Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် ၅၄ ကျင်းသာယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဂျမေကာနိုင်ငံက လက်ခံကျင်းပသည့်တစ်ခုတည်းသော အပြည်ပြည်ဆိုင်ရာဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်သည့်အတွက် ဂျမေကာ ဂေါက်သီးရိုက်ကစားသမားတချို့လည်း ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

Jamaica Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ဦးရေ ၅၀ ကျော်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် ကစားသမားစာရင်းကိုလည်း မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဂျမေကာဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဘာရိက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Gleaner**
**Trs : AZL**

# Shanghai Masters ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဘင်ရှယ်တန် တက်ရောက်

**ရှန်ဟိုင်း အောက်တိုဘာ ၁၁**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပနေသည့် Shanghai Masters တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်ကစားသမား ဘင်ရှယ်တန်နှင့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘင်ရှယ်တန်က (၂-၆၊ ၆-၃၊ ၇-၆)ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ဆင်နာသည် နိုင်ခြေအဆင့်(၆)အဖြစ် သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်ပြီး ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်နေသူဖြစ်သော်လည်း ဂျန်နစ်ဆင်နာသည် ထင်မှတ်မထားသည့်ပုံစံဖြင့် ဘင်ရှယ်တန်ကိုရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဘင်ရှယ်တန်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့်ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပုံစံကောင်း ပြန်လည်ရရှိကာ ပြတ်သားသည့်ရလဒ်ဖြင့် ဂျန်နစ်ဆင်နာကို အနိုင်ရရှိခဲ့သည်။

အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင် အကြိတ်အနယ်ရှိခဲ့ပြီး tie-break အဆင့်ထိ ကစားခဲ့ရကာ ဘင်ရှယ်တန်က အနိုင်ရရှိခဲ့သည်။

ဘင်ရှယ်တန်သည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား ဆီဘက်စတီယန်ကော့ဒါနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ဘင်ရှယ်တန်က "ဂျန်နစ်ဆင်နာနဲ့ ကစားရမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ မလွယ်ကူတဲ့ပွဲစဉ်ဖြစ်လာလိမ့်မယ်လို့ ကြိုတင်မျှော်တွေးမိသားပါ။ တကယ်တမ်းကစားခဲ့ရတဲ့အချိန်မှာလဲ ခက်ခဲခဲ့ပါတယ်။ နောက်ကနေလိုက်ကစားခဲ့ရတဲ့အတွက်ကြောင့်လဲ ဖိအားများခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : JP**
**Trs : AZL**



# WBA ဘင်တန်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဂျပန်လက်ဝှေ့သမား အီနိုအဲက အန်ကာဂျက်စ်နှင့် ထိုးသတ်မည်




**တိုကျို အောက်တိုဘာ ၁၁**

WBA ဘင်တန်ဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဂျပန်လက်ဝှေ့သမားအီနိုအဲသည် စိန်ခေါ်သူ ဖိလစ်ပိုင်လက်ဝှေ့သမား အန်ကာဂျက်စ်နှင့် နိုဝင်ဘာ ၁၅ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ထိုးသတ်သွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အီနိုအဲသည် မတူညီသောဝိတ်တန်းသုံးခုတွင် ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့ဖူးသူဖြစ်သလို လက်ဝှေ့သမားဘဝသက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၁၉ ပွဲ ထိုးသတ်ထားပြီး ရှုံးပွဲတစ်ပွဲသာရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

စိန်ခေါ်သူ အန်ကာဂျက်စ်အနေဖြင့် ဝါရင့်လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး လက်ဝှေ့သမားဘဝသက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၃၉ ပွဲ ထိုးသတ်ထားကာ သုံးပွဲသာ ရှုံးနိမ့်ထားသောလက်ဝှေ့သမားတစ်ဦးဖြစ်သည်။

အန်ကာဂျက်စ် အနေဖြင့် နောက်ဆုံးထိုးသတ်ခဲ့သော စိန်ခေါ်ပွဲ သုံးပွဲတွင် ရှုံးပွဲနှစ်ပွဲထိရှိထားပြီး ဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်ကိုဆွတ်ခူးနိုင်ရေးအတွက် နိုင်ပွဲပြန်လည်ရှာတွေ့နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း အန်ကာဂျက်စ်သည် IBF ဂျူနီယာဘင်တန်ဝိတ်တန်းတွင် လက်ရှိချန်ပီယံဆုကို ကိုးကြိမ်တိုင်တိုင် ကာကွယ်ထားနိုင်သူဖြစ်ပြီး ဂျူနီယာဘင်တန်ဝိတ်တန်းလောကတွင် ပြိုင်ဘက်ကင်းသည့် လက်ဝှေ့သမားအဖြစ် ကာလရှည် ရပ်တည်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Fight Mag**
**Trs : AZL**

# မြန်မာအသင်းနှင့်မကာအိုအသင်းတို့ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာအသင်းနှင့် မကာအိုအသင်းတို့ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ(အာရှဇုန်) ပထမအဆင့် ပထမအကျော့ ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းစာ ရှင်းလင်းပွဲသို့ မြန်မာအသင်းနည်းပြဖိုက်တန်ဘိုင်နာ၊ အသင်းခေါင်းဆောင်မောင်မောင်လွင်၊ မကာအိုအသင်းနည်းပြ အိုလီဗီယာ၊ အသင်းခေါင်းဆောင် ဒူရာတီတို့ တက်ရောက်ခဲ့ကြပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများကို အသီးသီးဖြေကြားခဲ့ကြသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် မြန်မာအသင်းနည်းပြဖိုက်တန်ဘိုင်နာက "ကျွန်တော့်အနေနဲ့ ဒီပွဲမှာ ရလဒ်ကောင်းဖို့၊ ခြေစွမ်းကောင်းဖို့နဲ့ ဒုတိယအကျော့ပွဲစဉ်ကစားရာမှာ အထောက်အကူဖြစ်ဖို့ အကောင်းဆုံးပြင်ဆင်သွားမှာပါ။ ကျွန်တော်တို့ မကာအိုအသင်းကို ခြေစမ်းပွဲစဉ်မှာအနိုင်ရရှိထားတယ်ဆိုပေမဲ့ အပြည့်အဝအာရုံစိုက်ကစားရမှာပါ။ ကျွန်တော်တို့ လေ့ကျင့်ချိန်က ရက်ပိုင်းလောက်ပဲရတယ်ဆိုပေမဲ့ အကောင်းဆုံးရလဒ်ရရှိဖို့ ကစားသမားတွေကြိုးစားနေကြပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာအသင်းနှင့် မကာအိုအသင်းတို့အနေဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ(အာရှဇုန်) ပထမအဆင့် ပထမအကျော့ပွဲစဉ်ကို အောက်တိုဘာ ၁၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# အင်းဝမြို့တည်နန်းတည်စာတမ်းများ(၃)

ပိုလ်ရှိုက်(ရတနာပူရ)

**ဝမ်းဘဲအင်းစံမင်းရဲကျော်ထင်**

သက္ကရာဇ် ၁၀၃၄ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်နေ့ (၁၆၇၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်)တွင် ဝမ်းဘဲအင်းစံမင်းရဲကျော်ထင်မင်းဖြစ်သည်။ ဤမင်းသည် ရမည်းသင်းမင်း၊ အင်္ဂါမင်း၊ ဝမ်းဘဲအင်းစံမင်း ဟူ၍ အမည်သုံးမျိုးဖြင့် ထင်ရှားသည်။ တံဆိပ်တော်မှာ သီရိပဝရ မဟာဓမ္မရာဇာဖြစ်သည်။ ဝမ်းဘဲအင်းစံမင်းရဲကျော်ထင်သည် အင်းဝမြို့တွင်းရှိ နန်းမြို့တော်အပြင် အင်းဝမြို့အရှေ့ဘက်ရှိ ဝမ်းဘဲအင်းအရပ်တွင် နန်းတော်တည်ဆောက်၍ စိုးစံခဲ့သည်။ ဝမ်းဘဲအင်းအရပ်၌ တည်ဆောက်ထားသောနန်းတော်သည် သာမန်ယာယီနန်းတော်မျိုးဟုတ်ဟန်မတူပေ။ အင်းဝနန်းမြို့တော်အတွင်းရှိ နန်းတော်ကဲ့သို့ပင် ခမ်းခမ်းနားနားတည်ဆောက်ခဲ့သည့် နန်းတော်ဖြစ်သည်ဟု ယူဆရသည်။ ထိုဝမ်းဘဲအင်းစံနန်းတော်တည်ဆောက်ခဲ့သည့်အကြောင်းကို ရာဇဝင်ကြီးများ၌ သေသေချာချာ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ နန်းတော်မြေသမုတ်ခြင်း၊ သစ်ရပ်ခြင်း၊ တွင်းတူးခြင်း၊ သစ်ခုတ်ခြင်း စသည်တို့ကို သေသေချာချာမှတ်တမ်းတင်၏။ ထို့ကြောင့် ကြီးကျယ်ခမ်းနားသောနန်းတော်ဖြစ်ကြောင်း ထင်ရှားသည်။ ထိုကဲ့သို့ ဝမ်းဘဲအင်းအရပ်၌ နန်းတော်ဆောက်၍ စိုးစံခဲ့သောကြောင့် မင်းရဲကျော်ထင်မင်းကို ဝမ်းဘဲအင်းစံမင်းရဲကျော်ထင်ဟူ၍ ရာဇဝင်များတွင် စာတင်ခဲ့ခြင်းဖြစ်သည်။

**ဝမ်းဘဲအင်းနန်းတော်သုံးကြိမ်**

ဝမ်းဘဲအင်းစံမင်းရဲကျော်ထင်သည် ဝမ်းဘဲအင်းအရပ်၌ နန်းတော်သုံးကြိမ်ခန့် တည်ဆောက်ခဲ့သည်ဟု ယူဆရသည်။ ထိုကဲ့သို့ နန်းတော်သုံးကြိမ်တည်ဆောက်ခဲ့သည့် အထောက်အထားများကို ရာဇဝင်ကြီးများ၌ တွေ့ရပေသည်။ ထိုနန်းတော်သုံးကြိမ်ဆောက်ခဲ့သည့်အကြောင်း ရာဇဝင်ကြီးများကို ကိုးကား၍ ဆိုပါဦးမည်။

**ပထမနန်းတော်**

"သက္ကရာဇ် ၁၀၃၆ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက် ကြာသပတေးနေ့ (၁၆၇၅ ခုနှစ် နိုဝင်ဘာ ၂၅ ရက်)တွင် ဝမ်းဘဲအင်းနန်းတော်ရာမြေကို အောင်ချာဘုမ္မိဟူသောအမည်ကို ဗလကျော်သူ သမုတ်ရသည်။"

"သက္ကရာဇ် ၁၀၃၈ ခုနှစ် ဝါဆိုလဆန်း ၂ ရက် ကြာသပတေးနေ့(၁၆၇၆ ခုနှစ် ဇွန် ၁ ရက်)တွင် ဝမ်းဘဲအင်းနန်းတော်တွင်းတူးသည်။ နန်းတော်သစ်ရပ်သည်။"

"ထိုနှစ် တပို့တွဲလပြည့် တနင်္ဂနွေနေ့ (၁၆၇၇ ခုနှစ် ဇန်နဝါရီ ၇ ရက်)တွင် နန်းတော်ကို မြတ်နန်းဘုံသာ သမုတ်တော်မူ၍ ထွက်စံတော်မူသည်။"

အထက်ပါကောက်နုတ်ချက်သုံးရပ်သည် မှန်နန်းမဟာရာဇဝင်တော်ကြီးမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။ အထက်ပါ ကောက်နုတ်ချက်အရ ဝမ်းဘဲအင်းနန်းတော်ကို ၁၀၃၆ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၁၀၃၈ ခုနှစ် တပို့တွဲလပြည့်နေ့တွင် အလုံးစုံပြီးပြည့်စုံသည်ဟု သိရပေသည်။ ဝမ်းဘဲအင်းစံနန်းတော်အမည်ကို မြတ်နန်းဘုံသာဟု သမုတ်ခဲ့ပြီး နန်းတော်တည်ဆောက်သည့်မြေနေရာကို အောင်ချာဘုမ္မိဟုပေးခဲ့ကြောင်း သိရသည်။

**ဒုတိယနန်းတော်**

ပထမအကြိမ် သက္ကရာဇ် ၁၀၃၆ ခုနှစ်တွင် တည်ဆောက်ခဲ့သောနန်းတော်သည် အဘယ်ကြောင့် ပျက်စီးသွားခဲ့သည်ကို မသိရပေ။ မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် သက္ကရာဇ် ၁၀၄၈ ခုနှစ်၌ ဝမ်းဘဲအင်းနန်းတော်ရာမြေကြည့်၍ ပြန်လည်တည်ဆောက်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုအချက်များကို သိသာစေရန် ထုတ်နုတ်ပြဦးမည်။

"သက္ကရာဇ် ၁၀၄၈ ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက် ကြာသပတေးနေ့ (၁၆၈၆ ခုနှစ် စက်တင်ဘာ ၉ ရက်) နံနက် တစ်ချက်တီးကျော်တွင် ဝမ်းဘဲအင်းနန်းတော်ရာမြေကြည့်ရသည်။"

"သီတင်းကျွတ်လဆန်း ၁၀ ရက် ကြာသပတေးနေ့ (၁၆၈၆ ခုနှစ် ဇူလိုင် ၂၀ ရက်) နံနက် တစ်ချက်တီးကျော်တွင် ဝမ်းဘဲအင်းနန်းတော်သို့ သစ်ခုတ်သွားရသည်။ ထိုနေ့ နှစ်ချက်တီးကျော် နှစ်မောင်းတွင် နန်းတော်ရာမြေမှတ်တိုင်စိုက်သည်။"

"တန်ဆောင်မုန်းလဆန်း ၂ ရက် အင်္ဂါနေ့ (၁၆၈၆ ခုနှစ် အောက်တိုဘာ ၇ ရက်) နှစ်ချက်တီးကျော်တွင် နန်းတော်ရာကို မင်္ဂလာဘူမိသမုတ်တော်မူသည်။"

"တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ကြာသပတေးနေ့ (၁၆၈၆ ခုနှစ် အောက်တိုဘာ ၂၁ ရက်) နှစ်ချက်တီးကျော်တွင် နန်းတော်ရာမြေစနစ်သည်။"

"နတ်တော်လဆန်း ၇ ရက် ကြာသပတေးနေ့ (၁၆၈၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်) နံနက်တစ်ချက်တီးကျော်တစ်မောင်းတွင် နန်းတော်ရာမြေဖို့သည်။"

"တပို့တွဲလဆန်း ၁၄ ရက် တနင်္ဂနွေနေ့ (၁၆၈၇ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်) တစ်ချက်တီးကျော် နှစ်နာရီတွင် နန်းတော်ရာသို့ သစ်ထွင်းသည်။"

"တပေါင်းလဆန်း ၄ ရက် သောကြာနေ့ လေးချက်တီးကျော် တစ်နာရီတွင် နန်းတော်သစ်စ၍ ရွှေသည်။ ထုပ်လျှောက်လွှခဲ့သည်။"

"သက္ကရာဇ် ၁၀၄၉ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် တနင်္လာနေ့ (၁၆၈၇ ခုနှစ် မေ ၁၈ ရက်) နေ့နှစ်ချက်တီးကျော် နှစ်ဖဝါးတွင် နန်းတော်ပုံကိုင်သည်။ အမွမ်းထူသည်။"

"သီတင်းကျွတ်လဆန်း ၁၁ ရက် အင်္ဂါနေ့ (၁၆၈၇ ခုနှစ် စက်တင်ဘာ ၆ ရက်) တွင် နန်းတော်ရာမြေထွန်သည်။"

"သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ကြာသပတေးနေ့ (၁၆၈၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်) သန်းလွဲ ၁၀ နာရီတွင် ပြင်နန်းတော်ကို အောင်နန်းရွှေဘုံသာဟူသော နာမံကမွည်းရေးသည်။"

"သက္ကရာဇ် ၁၀၄၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် အင်္ဂါနေ့ (၁၆၈၇ ခုနှစ် အောက်တိုဘာ ၁၄ ရက်) နံနက် တစ်ချက်တီးကျော် ၇ နာရီ၊ သုံးပါဒ်၊ ၇ ဗီဇနာတွင် နန်းတော်၊ ပဟိုရ်စင်၊ မော်ကွန်းတိုင် တစ်ချိန်တစ်ခါတည်း ပန္နက်ရိုက်သည်။"

"တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် သောကြာနေ့ (၁၆၈၇ ခုနှစ် အောက်တိုဘာ ၂၁ ရက်) နံနက် တစ်ချက်တီးကျော် နှစ်နာရီ၊ သုံးပါဒ်၊ ၁၀ ဗီဇနာတွင် ဝမ်းဘဲအင်းနန်းတော်သစ်ရပ်သည်။"

"တပေါင်းလဆန်း ၆ ရက် ကြာသပတေးနေ့ (၁၆၈၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်) ညဉ့်တစ်ချက်တီးကျော် လေးနာရီ တစ်ပါဒ်၊ ခြောက်ဗီဇနာတွင် ပဟိုရ်စည်ကြီး၊ ခေါင်းလောင်းဆွဲတော်မူသည်။ နန်းတော်ကမွည်းတပ်သည်။"

"တပေါင်းလဆန်း ၁၄ ရက် သောကြာနေ့ (၁၆၈၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်) နံနက် တစ်ချက်တီးကျော်၊ လေးပါဒ်၊ ၁၂ ဗီဇနာတွင် ဝမ်းဘဲအင်းအောင်နန်းရွှေဘုံသို့ ထွက်တော်မူသည်။ နေ့နှစ်ချက်တီးကျော်၊ လေးနာရီ၊ သုံးပါဒ်၊ လေးဗီဇနာတွင် နန်းတော်ကို တက်တော်မူသည်။"

"တပေါင်းလပြည့် စနေနေ့ (၁၆၈၈ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်) နံနက်တစ်ချက်တီးကျော်တွင် ပဟိုရ်စည်၊ ခေါင်းလောင်းစ၍ တီးသည်။"

"၁၀၅၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၉ ရက် အင်္ဂါနေ့ (၁၆၈၈ ခုနှစ် ဇွန် ၂၆ ရက်)ညဉ့်သုံးချက်တီးကျော် နှစ်နာရီတွင် ဝမ်းဘဲအင်းအောင်နန်းရွှေဘုံက မာရ်အောင်တံခါးသို့ ဝင်တော်မူသည်။"

"တန်ဆောင်မုန်းလဆန်း ၇ ရက် စနေနေ့ (၁၆၈၈ ခုနှစ် အောက်တိုဘာ ၂၀ ရက်)တွင် ဝမ်းဘဲအင်းအောင်နန်းရွှေဘုံသို့ ထွက်တော်မူသည်။ တန်ဆောင်မုန်းလဆန်း ၁၀ ရက် အင်္ဂါနေ့ (၁၆၈၈ ခုနှစ် အောက်တိုဘာ ၂၃ ရက်) တစ်ချက်တီးကျော် ခြောက်နာရီတွင် အိမ်ရှေ့ဘုရားဝေါစီးတော်မူ၍ အောင်နန်းရွှေဘုံသို့ ထွက်တော်မူသည်။"

အထက်ပါ ရက်စဉ်ကောက်နုတ်ချက်များသည် မှန်နန်းမဟာရာဇဝင်တော်ကြီး၌ တွေ့ရသော ဝမ်းဘဲအင်းနန်းတော်နှင့် သက်ဆိုင်သည့် ကောက်နုတ်ချက်များဖြစ်သည်။ ဝမ်းဘဲအင်းနန်းတော်တည်ဆောက်မည့် မြေနေရာကို မင်္ဂလာဘူမိဟူ၍ သမုတ်ခဲ့သည်။ နန်းတော်အမည်ကို အောင်နန်းရွှေဘုံဟူ၍ ကမွည်းတင်ခဲ့သည်။ ဒုတိယဝမ်းဘဲအင်းနန်းတော်ကို ၁၀၄၈ ခုနှစ်တွင် တည်ဆောက်ခဲ့ရာ ၁၀၄၉ ခုနှစ်မှ ပြီးသည်။

ပထမအကြိမ်တည်ဆောက်ခဲ့သော နန်းတော်သည် အဘယ်ကြောင့် ပျက်စီးခဲ့သည်ကို မသိရသော်လည်း ဒုတိယအကြိမ်တည်ဆောက်ခဲ့သော နန်းတော်မှာ မီးလောင်၍ပျက်စီးခဲ့ရကြောင်း ရာဇဝင်ကြီးများ၌ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

**တတိယနန်းတော်**

ဝမ်းဘဲအင်း၌ ဒုတိယအကြိမ်မြောက် နန်းတော် မီးလောင်ပျက်စီးသွားသောကြောင့် တတိယမြောက်နန်းတော်ကို တည်ဆောက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ တတိယမြောက် ဝမ်းဘဲအင်းစံနန်းတော်တည်ဆောက်ခဲ့ကြောင်းကို မှန်နန်းမဟာရာဇဝင်တော်ကြီး၌ ပထမနန်းတော်၊ ဒုတိယနန်းတော်တစ်ခု တည်ဆောက်သကဲ့သို့ အသေးစိတ်မှတ်တမ်းတင်ထားသည်ကို မတွေ့ရသော်လည်း တတိယဝမ်းဘဲအင်းနန်းတော်အကြောင်းကိုကား မှန်နန်းမဟာရာဇဝင်တော်ကြီး၌ ကြိုးကြားကြိုးကြား မှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။ ထိုအကြောင်းများကို ကောက်နုတ်၍ ဖော်ပြပါမည်။

"သက္ကရာဇ် ၁၀၅၄ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက် တနင်္လာနေ့ (၁၆၉၂ ခုနှစ် မတ် ၂၃ ရက်) နံနက် တစ်ချက်တီးကျော်တွင် ဝမ်းဘဲအင်းနန်းတော်သို့ ထွက်တော်မူရာတွင် သားတော်အိမ်ရှေ့မင်း သုံးချက်တီးကျော်မှ ထွက်တော်မူသည်။ မြေကို အောင်ချာဘူမိ၊ နန်းတော်ကို မြတ်နန်းဘုံသာဟု သမုတ်တော်မူသည်။"

"ဝါဆိုလဆန်း ၈ ရက် သောကြာနေ့ (၁၆၉၃ ခုနှစ် ဇွန် ၃၀ ရက်) သုံးချက်တီးကျော် လေးနာရီတွင် ဝမ်းဘဲအင်းစံနန်းတော်မှ ရွှေနန်းတော်သို့ ရတနာထမ်းစင်စီးတော်မူ၍ ကျော်ဘုံတံခါးက ဝင်တော်မူသည်။"

"သက္ကရာဇ် ၁၀၅၇ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက် အင်္ဂါနေ့ (၁၆၉၅ ခုနှစ် စက်တင်ဘာ ၃ ရက်) တွင် သားတော်အိမ်ရှေ့မင်းကို မြို့တွင်းသို့ အလျှင်ဝင်စေတော်မူသည်။ လဆန်း ၁၂ ရက် တနင်္လာနေ့ (၁၆၉၅ ခုနှစ် စက်တင်ဘာ ၉ ရက်) မြတ်နန်းဘုံသာ ဝမ်းဘဲအင်းနန်းတော်က ရွှေလောင်းတော်စီး၍ တော်သလင်းတဲတော်ဆိပ်က တက်တော်မူပြီး ကျော်ဘုံတံခါးသို့ ဝင်တော်မူသည်။"

"သက္ကရာဇ် ၁၀၅၈ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက် ကြာသပတေးနေ့ (၁၆၉၇ ခုနှစ် ဇွန် ၁၇ ရက်) နံနက် တစ်ချက်တီးကျော် တစ်နာရီတွင် မြင်းရထားစီးတော်မူ၍ ဝမ်းဘဲအင်းနန်းတော်သို့ ထွက်တော်မူသည်။"

အထက်ပါကောက်နုတ်ချက်အရ ဝမ်းဘဲအင်းနန်းတော်ကို တတိယအကြိမ် တည်ဆောက်ခဲ့ကြောင်း ထင်ရှားသည်။ တတိယမြောက်နန်းတော်ကို မည်သည့်ခုနှစ်တွင် တည်ဆောက်ခဲ့သည်ကို မသိရပေ။ ၁၀၅၁ ခုနှစ်တွင် ဒုတိယနန်းတော် မီးလောင်ပျက်စီးခဲ့သောကြောင့် ၁၀၅၁ ခုနှစ်နောက်ပိုင်း ၁၀၅၃၊ ၁၀၅၄ ခုနှစ်တို့တွင် ပြန်ဆောက်ခဲ့သည်ဟု ခန့်မှန်းရသည်။ ၁၀၅၄ ခုနှစ်တွင် မြေကို အောင်ချာဘူမိ၊ နန်းတော်ကို မြတ်နန်းဘုံသာသမုတ်သည်ဟုဆိုသောကြောင့် ၁၀၅၄ ခုနှစ်တွင် နန်းတော်တည်ဆောက်ပြီးကြောင်း ထင်ရှားသည်။

**သုံးသပ်ချက်**

ဝမ်းဘဲအင်းစံမင်းရဲကျော်ထင် ဝမ်းဘဲအင်းအရပ်၌ နန်းတော်သုံးကြိမ်တိတိ တည်ဆောက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ပထမနန်းတော်ကို ၁၀၃၆ ခုနှစ်၊ ဒုတိယနန်းတော်ကို ၁၀၄၈ ခုနှစ်၊ တတိယနန်းတော်ကို ၁၀၅၃၊ ၁၀၅၄ ခုနှစ်ခန့်တွင် တည်ခဲ့သည်ဟု ဆိုနိုင်သည်။ နန်းတော်သုံးခုတွင် ပထမနန်းတော်သည် ညောင်ရမ်းခေတ် လောကီယုံကြည်မှုအရ ဓာတ်နန်းစံရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို နတ်စက်ရောင်ဆရာတော် သွင်းစာ၊ ဝမ်းဘဲအင်းစံမင်းတရားကြီးဓာတ်ဆက်၍ ဓာတ်နန်းစံတော်မူသည့် စာတမ်းတို့တွင် အပြည့်အစုံဖော်ပြထားသည်။ ထိုသို့ ဓာတ်နန်းစံပြီးနောက် ပထမနန်းတော်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ဟန်တူသည်။ ပြီးမှ ဒုတိယနန်းတော်ကို တည်ဆောက်ခဲ့သည်ဟု ယူဆရသည်။ ဝမ်းဘဲအင်းစံမင်းရဲကျော်ထင်သည် ဝမ်းဘဲအင်းအရပ်၌ နန်းတော်သုံးကြိမ်တည်ဆောက်ခဲ့သည်ဟု မှတ်သားရပါမည်။ သို့သော် တချို့က သက္ကရာဇ် ၉၆၇ ခုနှစ်တွင် နန်းတက်သော အနောက်ဘက်လွန်မင်းတရားကြီးသည် တောင်ငူမှ အင်းဝနေပြည်တော်သို့ ပြန်လည်ကြွတော်မူရာတွင် အင်းဝနန်းတော်သို့ တိုက်ရိုက်မဝင်သေးဘဲ ဝမ်းဘဲအင်းသာစံတဲတော်တွင် နေတော်မူသည်ဟူသော အမှတ်အသားကိုယူကာ အနောက်ဘက်လွန်မင်းလက်ထက်တွင်လည်း ဝမ်းဘဲအင်းအရပ်၌ နန်းတော်တည်ဆောက်ခဲ့မည်ဟု ယူဆချင်ကြသည်။ သို့သော် အနောက်ဘက်လွန်မင်းစံခဲ့သော စံတဲတော်သည် နန်းတော်ကြီးကဲ့သို့ ခမ်းနားကြီးကျယ်သောနန်းတော်မဟုတ်ပေ။ သာမန်ယာယီတဲတော်သာဖြစ်သည်။ ထို့ကြောင့်လည်း ရာဇဝင်ကြီးအစောင်စောင်၌ နန်းတော်ဟုမသုံးဘဲ "သာစံတဲတော်" ဟူ၍သာ သုံးထားသည်။ ထို့ကြောင့် နန်းတော်ဟုမယူဆသင့်ပေ။ သို့ဖြစ်သောကြောင့် ဝမ်းဘဲအင်းအရပ်၌ နန်းတော်သုံးကြိမ်သာတည်ဆောက်ခဲ့သည်ဟု မှတ်သားရပါမည်။

❖ ဝမ်းဘဲအင်းစံမင်းရဲကျော်ထင် ဝမ်းဘဲအင်းအရပ်၌ နန်းတော်သုံးကြိမ်တိတိ တည်ဆောက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ပထမနန်းတော်ကို ၁၀၃၆ ခုနှစ်၊ ဒုတိယနန်းတော်ကို ၁၀၄၈ ခုနှစ်၊ တတိယနန်းတော်ကို ၁၀၅၃၊ ၁၀၅၄ ခုနှစ်ခန့်တွင် တည်ခဲ့သည်ဟုဆိုနိုင်သည်။ နန်းတော်သုံးခုတွင် ပထမနန်းတော်သည် ညောင်ရမ်းခေတ်လောကီယုံကြည်မှုအရ ဓာတ်နန်းစံရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို နတ်စက်ရောင်ဆရာတော်သွင်းစာ၊ ဝမ်းဘဲအင်းစံမင်းတရားကြီးဓာတ်ဆက်၍ ဓာတ်နန်းစံတော်မူသည့်စာတမ်းတို့တွင် အပြည့်အစုံဖော်ပြထားသည်။ ❖

# Hey Play Application က ထုတ်လုပ်သည့်ရုပ်သံဇာတ်လမ်းများကို Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည်



**ရန်ကုန် အောက်တိုဘာ ၁၁**

Hey Play Application က ထုတ်လုပ်သည့် ရုပ်သံဇာတ်လမ်းများကို Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း Hey Play Application မှ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာ ထက်ခိုင်ဝင်းက ပြောပြ၍ သိရသည်။

ထိုသို့ Hey Play Application ကထုတ်လုပ်သည့် ရုပ်သံဇာတ်လမ်းများကို Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးမည့်အစီအစဉ်အရ Hey Play Application က အောင်မြင်မှုရရှိထားသော ဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် ကျော်ဇော် မော်ဇော် ဇာတ်လမ်းတွဲကို Channel 7 ရုပ်သံလိုင်းမှ လာမည့် နိုဝင်ဘာ ၄ ရက်မှစတင်ကာ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ပြန်လည်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ Hey Play Application ကနေ အောင်မြင်တဲ့ ဇာတ်လမ်းတွေ၊ ဇာတ်လမ်းတွဲများစွာကို ထုတ်လုပ်ထားသလို ထုတ်လွှင့်လျက်လဲရှိပါတယ်။ အများပြည်သူ ပိုမိုကြည့်ရှုခွင့်ရအောင် Channel 7 ရုပ်သံလိုင်းကနေ ထပ်မံထုတ်လွှင့်တင်ဆက်ပေးမှာ ဖြစ်ပါတယ်"ဟု မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာ ထက်ခိုင်ဝင်းက ပြောပြသည်။

Hey Play Application က မော်ဝင်ဖိတ်စာ၊ ပိုးဝက်ပါ၊ အောင်မြင်ကျော်ကြား လင်းလက်တောက်ပ၊ ရေသေအိုင်၊ ဝေါင်းကြီးစသည့်ဇာတ်လမ်းများ ဇာတ်လမ်းတွဲများကို ရိုက်ကူးထုတ်လုပ်ထားကြောင်း သိရသည်။

Hey Play Application က ထုတ်လုပ်သည့် ရုပ်သံဇာတ်လမ်းများကို Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးမည့် အစီအစဉ်ပူးပေါင်းဆောင်ရွက်သည့် အခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီးရှိ Novotel Hotel တွင် ပြုလုပ်ခဲ့ပြီး Hey Play Application မှ ရိုက်ကူးထုတ်လုပ်ထားသည့် ဇာတ်လမ်းတွဲများ၊ ဇာတ်လမ်းများတွင် ပါဝင်သရုပ်ဆောင်ထားကြသည့် သရုပ်ဆောင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ASH

# Heat-2 ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်မင်း ရိုက်ကူးမည်

**နယူးယောက် အောက်တိုဘာ ၁၁**

Heat-2 ဇာတ်ကားကို Heat မူလဒါရိုက်တာ မိုက်ကယ်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများအရ သိရသည်။


မိမိထပ်မံရိုက်ကူးမည့် ဇာတ်ကားမှာ Heat-2 ဇာတ်ကားဖြစ်ကြောင်း ဒါရိုက်တာ မိုက်ကယ်မင်းက The Hollywood Reporter သတင်းဝက်ဘ်ဆိုက်သို့ ထုတ်ဖော် ပြောကြားခဲ့ကြောင်း သိရသည်။

Heat(1945) ဇာတ်ကားသည် လုပ်ငန်းကျွမ်းကျင်သည့် သူခိုးအုပ်စုတစ်စုနှင့် ရဲတပ်ဖွဲ့တို့ကြားအားပြိုင်မှုကို ပုံဖော်ရိုက်ကူးထားသည့်ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ မိုက်ကယ်မင်းသည် Ferrari ဇာတ်ကားကို ရိုက်ကူးပေးခဲ့ပြီးနောက် Heat-2 ဇာတ်ကားရိုက်ကူးမည့်အစီအစဉ်ကို အတည်ပြုပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ferrari ဇာတ်ကားကို ယခုနှစ် ခရစ္စမတ်ကာလတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**Ref: Screen Rant**

**Trs: KKO**




# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးငွေများ ထုတ်ပေး



**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်ဦးရေ ၅၀ ကို အောက်တိုဘာ ၁၀ ရက်က လစဉ်ပံ့ပိုးငွေများ ထုတ်ပေးခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးအနုပညာရှင်များအား လစဉ်ပံ့ပိုးငွေအဖြစ် သက်ကြီးအနုပညာရှင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင်အလှူအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကိုလည်း အခါအားလျော်စွာ ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိသည်။

"သက်ကြီးအနုပညာရှင်၊ အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးလျက်ရှိပါတယ်။ အောက်တိုဘာ ၁၀ ရက်မှာ စက်တင်ဘာလအတွက် ပံ့ပိုးငွေတွေကို ထုတ်ပေးနေတာဖြစ်ပါတယ်။ ဒါ့ပြင် ရုပ်ရှင်အစည်းအရုံးအလှူအသီးသီးက အနုပညာရှင်၊ အတတ်ပညာရှင်တွေကိုလဲ အလှူရှင်တွေနဲ့ အစည်းအရုံးဝင်ရန်ပုံငွေတွေနဲ့ ပေါင်းစပ်ပြီးတော့ ပံ့ပိုးမှုတွေပြုလုပ်ခဲ့တာ (၁၁) ကြိမ်ထိရှိခဲ့ပါပြီ"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

# Identity Thief ဇာတ်ကား Netflix ၏ ကြည့်ရှုမှုအများဆုံးဇာတ်ကား ၁၀ ကားစာရင်း၌ပါဝင်

**နယူးယောက် အောက်တိုဘာ ၁၁**

မင်းသမီး မယ်လစ်ဆာမက္ကာသီ ပါဝင်သရုပ်ဆောင်ထားသည့် Identity Thief (2013) ဇာတ်ကားသည် လက်ရှိတွင် Netflix ၏ ကြည့်ရှုမှုအများဆုံး ရုပ်ရှင်ဇာတ်ကား ၁၀ ကားစာရင်းတွင် ပါဝင်နေကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများအရ သိရသည်။

Identity Thief ဇာတ်ကားသည် ၂၀၁၃ ခုနှစ်တွင် ဝေဖန်မှုများခံခဲ့ရသော်လည်း လက်ရှိတွင် Netflix ၏ ကြည့်ရှုမှုအများဆုံး ဇာတ်ကား ၁၀ ကားစာရင်း၌ အဆင့် (၉) နေရာတွင် ရပ်တည်လျက်ရှိသည်။

Netflix ၏အဆိုအရ Identity Thief ဇာတ်ကားသည် ကြည့်ရှုမှုပေါင်း ၃ ဒသမ ၉ သန်းနှင့် ကြည့်ရှုချိန်နာရီပေါင်း ၇ ဒသမ ၃ သန်းထိရှိခဲ့သည်။


Identity Thief ဇာတ်ကားသည် ရုံတင်ပြသချိန်တွင် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ဘဏ္ဍာရေးအရ အောင်မြင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၃ သန်းထိရရှိခဲ့သည်။

ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီသည် Identity Thief ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၃၂ သန်းခန့်သာ သုံးစွဲခဲ့ရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဆက်ဂေါ်ဒန်က တာဝန်ယူရိုက်ကူးခဲ့ပြီး မင်းသမီး မယ်လစ်ဆာမက္ကာသီ၊ မင်းသား ဂျေဆင်ဗိတ်မင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref: Movieweb**

**Trs: KKO**




# တန့်ယန်းမြို့နယ် နမ့်ဟူးလွယ်ကာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**တန့်ယန်း အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နမ့်ဟူးလွယ်ကာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နမ့်ဟူးလွယ်ကာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်မြို့နယ်ဦးစီးမှူး ဦးတင်အောင်လွင်က လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

နမ့်ဟူးလွယ်ကာကျေးရွာ၌ အရှည်ပေ ၇၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများထည့်ဝင်ငွေကျပ် ၆၀ ဒသမ ၈ သိန်း စုစုပေါင်းငွေကျပ် ၂၁၀ ဒသမ ၈ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **နံလာ**

# Dwei Township to host festival of setting alms-bowl adrift into water on full moon of Thadingyut


A previous festival of setting alms-bowl adrift into water in progress.

**Dawei October 11**

A festival to set alms-bowl adrift of water as a traditional festival of Dawei will take place along Seikkantha Street in Talaingma ward of Dawei on 29 October, said Daw Shu Kyi, a member of the organizing committee of the festival.

The festival is held on the full moon of Thadingyut yearly. It comprises music concert entertainments, Dawei traditional dances, dances of setting alms-bowl adrift of water, Shweweithumyar dances, Ozi dances, Taninthayi traditional dances and others for audiences.

"It is a traditional festival held yearly. This year, the festival will be held on a grand scale with songs and dances of local ethnics. Those attending the festival will be served with Myeik traditional foods," she added.

The festival is dedicated to Ashin Upagutta Maha Thera. The earthen alms-bowl is filled with alms, snacks, fruits, popcorns, fried snacks and jams with banners to be set adrift of water. So, local people pray for fevourable weather, high yields of crops, prosperity, free from natural disasters and any dangers. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# MNA reaches interline agreement with partner airlines, tries to reach agreements with other airlines

**Yangon October 11**

Myanmar National Airlines (MNA) has reached an interline agreement with partner airlines and is continuing to reach such agreements with other airlines, according to sources released by MNA on 5 October.

MNA is a national airline under the Ministry of Transport and Communications. It is conducting both domestic and overseas flights. Coordination was made to reach interline agreements with partner airlines so that passengers could travel conveniently.

Passengers traveling abroad will be able to travel smoothly from the beginning to the end of their trip with a single ticket withdrawn from any airline that has received this agreement. MNA has reached agreement with Thai Airways (TG), Vietnam Airlines (VN), Hahn Air(HR), Japan Airlines (JL), and Sichuan Airlines (3U).



A plane from MNA flying.

Thus, foreign passengers can purchase MNA flight tickets at its sales departments and authorized Agents as well as its website and MNA Application. Moreover, there will be a Baggage Check through service.

Additionally, through Gauda Indonesia (GA) and Qatar Airways (QR), MNA flight tickets can also be purchased with just one ticket from those airlines. MNA is reportedly continuing to reach inline agreements with other airlines. 336

# World Education Expo Myanmar 2023 takes place at Wyndham Grand Yangon Hotel

**Yangon October 11**

The World Education Expo Myanmar 2023 was held at Wyndham Grand Yangon Hotel in Mingala Taungnyunt Township of Yangon Region, said Chairman of Private School Association U Nay Oak.

The expo was held from 9 am to 5 pm on 8 October to showcase universities and colleges at home and abroad, local private education schools, IT schools, foreign languages and foreign universities, and curriculums of foreign schools at 40 booths by 29 international schools.

"Similar expos were staged in the past. This year's expo is plentiful of displays. I think all for staging the expo. Our country is mushroomed with schools and universities, some of which are imitated. Now, everybody can observe the displays of international universities at the expo," said U Nay Oak.

On 8 October, Executive Senior Manager U Thet Tun Oo, Trade Expert & Author U Thein Myint Wai, Myanmar Resources Network & Founder & Managing Director U Thurein Nyein talked about 21st century education.

The expo was managed by Dragon Exhibitions Limited. A similar expo will be held in Mandalay on 10 and 11 October.

ASH



World Education Expo Myanmar 2023 in progress.

# Social Security Board to hold talks on social security benefits in Mandalay

**Mandalay October 11**

The office of Mandalay Region Social Security Board has reported that an awareness-raising talk will be held starting the second week of this month to inform workers from factories and workshops in four townships in Mandalay.

Awareness-raising lectures will be held to help employees at those workplaces learn more about social welfare benefits and insurance systems. The townships where the talks will be held are Pyigyitagon, Amrapura, Aungmyethazan and Chanayethazan. Talks will be held in collaboration with heads of region, district and township social security boards, said U Than Naing Oo, officer in charge of Mandalay Region Social Security Board.

"Talks will be held at least five times in one township, In Mandalay, talks will start in the second week of this month at the factories, workshops, training schools, departments, and organizations. We are implementing three insurance systems. During the talks we will let them know how much to pay for the three insurance systems, and what can be obtained. They will also be informed about medical treatment, financial benefits, healthcare insurance systems, and other benefits," he added.

185

# Ngapali Beach in Thandwe Township to hold Ngapali autumn festival in coming November



A previous Ngapali autumn festival in progress.

**Thandwe October 11**

Preparations are being made to hold the Ngapali autumn festival at Ngapali beach of Thandwe Township in Rakhiune State in coming November. So, arrangements are being made to clean the beach and opening all hotels and lodges to give accommodation to the travellers, said director U Tin Tun Aung of Rakhine State Directorate of Hotels and Tourism recently.

Such a festival aims to attract more visits of travellers to the beach. Such kind of festival was held at Ngapali beach on 14 November 2021 and on 22 November 2022 and this year's festival between 14 and 22 November 2023.

"The festival will take place in coming November. It is an annual festival similar to previous years' festivities such as sandy pagoda festival and special sale festival. Moreover, the authorities will arrange traditional sports events such as wrestling, volleyball, cycling, race and greasing pole," he added.

Ngapali beach is the most beautiful in Myanmar attracting travellers at home and abroad. Before Covid-19 period, a large number of travellers paid visits to Ngapali beach.

Rakhine State has 102 hotels and lodged, 70 of which are being run to give services to the travellers. ASH

# San Francisco: Man who crashed car into Chinese consulate shot dead

**San Francisco October 11**

San Francisco police have shot and killed a man who crashed his car into the Chinese consulate on Monday.

A police statement said the unidentified man was shot after officers arrived at the scene.

Footage online showed a blue Honda car in the lobby and dozens of people fleeing the consulate building.

A consulate statement condemned the incident, adding that it posed a "serious threat" to the safety of its staff and other people at the scene.

"We strongly condemn this violent attack and reserve the right to pursue responsibility for the incident," it added.

China's foreign ministry has accused the unidentified individual of breaking into the consulate to hurt people inside the office.

The consulate has since temporarily closed parts of its office and has lodged solemn representations - a phrase for expressing diplomatic discontent - to the US, urging authorities to ensure that the matter is properly dealt with.

Police said that an open and active investigation was under way but have not revealed much information.

"When officers arrived here on scene, they found the vehicle had come to rest inside the lobby of the Chinese consulate. Officers entered, made contact with the suspect and an officer-involved shooting occurred," said Kathryn Winters, a spokesperson for the San Francisco Police Department. BBC

# Tachilek border trade camp exceeds trade target in September

**Tachilek October 11**

The Ministry of Commerce recently stated that Tachilek border trade camp could handle exceeding the trade volume within six months till end of September this financial year.

Tachilek camp handles trade with Thailand and China. It tackles US$31.175 million worth of export and $51.875 million worth of import, totally amounting to US$83.050 million within six months period.

The camp set a trade target of $75.246 million in the 2023-24 financial year. During the period, the camp exceeded the trade volume accounting for 110.371 per cent.

During the six-month period, the camp managed export of Shan State products such as garlic, rubber latex, coffee bean and dried tea and import of fuel, cement and construction materials.




Tachilek border trade camp.

Up to 3 October, the camp imported goods worth US$0.334 million comprising 440 tons of cement, three brand new excavators, 40 tons of asbestos and 1.713 tons of chocolate flavoured ice confection.

336

# People left to sleep outside after Cameroon landslides

**Yaoundé October 11**

A man whose child is one of at least 30 people killed in landslides in Cameroon's capital, Yaoundé, had to sleep outside in the cold overnight as he and his family could not find refuge elsewhere after losing their home.

Ymele Guy is a resident of the impoverished neighbourhood of Mbankolo, where many houses that had been precariously built on a hillside were destroyed after heavy rains on Sunday.

He, his wife and surviving three children were given a mattress by visiting officials who informed them the remaining houses in the area were all to be demolished.

Housing Minister Célestine Ketcha Courtès had said during her visit on Monday that temporary accommodation in halls and other public places would be provided for those without a place to stay.

"We have lots of problems, we are sleeping outside because they [the authorities] said they must demolish everything… I didn't have anyone in whose place I could sleep," Mr Guy said.

The community is home to many people who move to the capital from rural areas to find work. BBC



All the remaining structures in Mbankolo are to be demolished.

# K2.5 billion disbursed to livestock farmers from five townships in Mandalay Region

**Mandalay October 11**

K2.5 billion from the State economic promotion fund was disbursed to livestock farmers from five townships of five districts in Mandalay Region in order to successfully operate short-term livestock farming tasks, said Head of Mandalay Region Livestock Breeding and Veterinary Department Dr Khin Zaw.

The loan was issued to 28 livestock farmers to breed 5,000 pigs and 150,000 broilers in five townships starting from July 2023.

"Loans are delivered to the livestock farmers under the rules. The loans for breeding broilers and pigs must be paid back to the fund within a year. The interest rate was set at one per cent. Such a programme was under the arrangement of developing the livestock sector in the region. It aims to enable local farmers to get correct livestock techniques in line with the practices of good livestock farming for their livelihoods. The loan contributes to creation of job opportunities for the locals as part of narrowing the development gap among the people," he explained.

Thanks to the loans from the State economic promotion fund, a total of four livestock farmers operate 51,000 broilers in Madaya Township, nine farmers 200 pigs and 3,600 broilers in Amarapura Township, eight farmers 1,500 pigs and 63,000 broilers in Singaing Township, five farmers 2,400 pigs in TadaU Township, and two farmers 900 pigs in Meiktila Township. 185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယနိုင်ငံက ပြည်တွင်းထုတ် MR-SAM လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပန်ဂျပ်ပြည်နယ်တွင် တပ်ဖြန့်ချထား



အိန္ဒိယနိုင်ငံသည် ပြည်တွင်းထုတ် MR-SAM တာလတ် မြေပြင်မှ ဝေဟင်ပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ပန်ဂျပ်ပြည်နယ် အဒမ်ပူတွင် တပ်ဖြန့်ချထားလိုက်ပြီဖြစ်ကြောင်း၊ အဆိုပါစနစ်သည် အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) နှင့် အစ္စရေးနိုင်ငံလေကြောင်းအာကာသလုပ်ငန်းစု (IAI) တို့ ပူးပေါင်းထုတ်လုပ်ခြင်းဖြစ်ကြောင်း www.armyrecognition.com သတင်းဌာနက အောက်တိုဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြီးခဲ့သောဖေဖော်ဝါရီလတွင် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO)က တီထွင်ထားသည့် ပြည်တွင်းထုတ် MR-SAM ဒုံးကျည်များကို အရှေ့ပိုင်းစစ်နယ်ဝန်းရှိ တပ်ရင်းကြီးကို ပထမဆုံးတပ်ဆင်ထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Mahendra Rawat က ပြောကြားခဲ့သည်။ MR-SAM လက်နက်စနစ်ကို Abhra လက်နက်စနစ်ဟုလည်းခေါ်သည်။

MR-SAM လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် အိန္ဒိယနှင့် အစ္စရေး နှစ်နိုင်ငံပူးပေါင်း တီထွင်ထားသော မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် (SAM) စနစ်ဖြစ်ပြီး လေယာဉ်၊ ရဟတ်ယာဉ်များ အပါအဝင် သင်္ဘောဖျက်ဒုံးကျည်များ၊ ဒရုန်းများအပြင် ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များနှင့် တိုက်လေယာဉ်များစသည့် မည်သည့်လေကြောင်းခြိမ်းခြောက်မှုမျိုးကိုမဆို ခုခံကာကွယ်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။

အဆိုပါဒုံးကျည်စနစ်သည် ရေကြောင်းနှင့် ကုန်းကြောင်းနှစ်မျိုးစလုံး အသုံးပြုနိုင်အောင် ထုတ်လုပ်ထားခြင်းဖြစ်သည်။ MR-SAM စနစ်တွင်သုံးသည့် Barak 8 ဒုံးကျည်ကို အစ္စရေး၏သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးညွှန်ကြားရေးမှူးရုံး (DDR&D)၊ Elta Systems၊ Rafael Advanced Defense Systems နှင့် အိန္ဒိယနိုင်ငံ Bharat Dynamics Limited (BDL) တို့က ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဒုံးကျည်၏ တိုက်ပွဲဝင်နိုင်သော အကွာအဝေးမှာ ကီလိုမီတာ ၇၀ ဖြစ်သည်။ ၎င်း၏လမ်းညွှန်မှုစနစ်တွင် Command နှင့် Active Radar Seeker (RF) ပုံစံနှစ်မျိုးဖြင့် ထိန်းချုပ်နိုင်အောင်ဆောင်ရွက်ထားပြီး ဤလမ်းညွှန်ထိန်းကျောင်းရေးစနစ်များသည် စိန်ခေါ်မှုရှိသော စစ်မြေပြင်ပတ်ဝန်းကျင်အခြေအနေများတွင်ပင် ပစ်မှတ်ရှာဖွေထောက်လှမ်းမှုနှင့် ခြေရာခံထိန်းကျောင်းမှုတို့ကို တိကျစွာဆောင်ရွက်နိုင်သည်။

၎င်း၏ ပျံသန်းစဉ်ထိန်းချုပ်မှုကို လုပ်ဆောင်နိုင်ရန် ဒုံးကျည်သည် Thrust Vector Control (TVC) နှင့် လေခွင်းအားဆိုင်ရာစည်းမျဉ်းများကို ပေါင်းစပ်အသုံးပြုထားသည်။ ထိုသို့ပုံစံနှစ်မျိုးဖြင့် ထိန်းချုပ်နိုင်အောင် ပြုလုပ်ထားခြင်းသည် ပြောင်းလဲနေသော အခြေအနေများနှင့် ခြိမ်းခြောက်မှုများကို လျင်မြန်စွာတုံ့ပြန်နိုင်စေရန်အတွက် ထိန်းကျောင်းနိုင်စွမ်းကို မြှင့်တင်လိုက်ခြင်းဖြစ်သည်။ ဒုံးကျည်၏ တွန်းကန်အားစနစ်သည် Dual Pulse Solid Motor ဖြင့် မောင်းနှင်ထားကြောင်း သိရသည်။

ပစ်မှတ်ကို အစိတ်စိတ်အမြွှာမြွှာပြန့်ကျဲပေါက်ကွဲစေသော ဒုံးကျည်ထိပ်ဖူး တပ်ဆင်ထားပြီး ဤဒုံးကျည်သည် ပစ်မှတ်ကို ထိတွေ့တိုက်ပွဲဝင်ရာတွင် အမြင့်ဆုံးသက်ရောက်အား ရရှိနိုင်စေရန်အတွက် ဒီဇိုင်းထုတ်ထားသည်။ Prefragmentation ကြိုတင်၍ ပေါက်ကွဲဖျက်ဆီးနိုင်ခြင်းသည် Payload ကို ထိထိရောက်ရောက်ပျံ့နှံ့ပေါက်ကွဲဖျက်ဆီးရာတွင် သေချာစေပြီး မစ်ရှင်အောင်မြင်ရန် အခွင့်အလမ်းများစေသည်။ တိကျသောဖောက်ခွဲဖျက်ဆီးမှုနှင့် ပစ်မှတ်ကိုတိုက်ခိုက်မှုတို့အတွက် ဒုံးကျည်တွင် Proximity Fuse (RPF) ပါရှိသည်။ ဤဖျူးစ်အမျိုးအစားသည် အချိန်နှင့်တစ်ပြေးညီ တိကျသောပေါက်ကွဲအားကိုရရှိစေပြီး ရည်ရွယ်ထားသောပစ်မှတ်၏ တုံ့ပြန်လုပ်ဆောင်နိုင်စွမ်းကို လျော့နည်းစေနိုင်သည်။ ပျံသန်းမှုကြာချိန်မှာ စက္ကန့် ၂၃၀ ဖြစ်သော်လည်း တိုတောင်းသောကြာချိန်အတွင်း ထိရောက်စွာတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

နည်းဗျူဟာဆိုင်ရာအချက်အလက်များအနေဖြင့် ဒုံးကျည်သည် အရှည် မီတာ ၄.၅ ရှိပြီး အချင်း ၂၂ ဒသမ ၅ စင်တီမီတာရှိသည်။ အလေးချိန်မှာ ၂၇၅ ကီလိုဂရမ်ရှိပြီး ပစ်မှတ်ကို ထိထိရောက်ရောက်ပစ်လွှတ်နိုင်စေသည်။ ဒုံးကျည်၏ ဒေါင်လိုက်ပစ်လွှတ်နိုင်စွမ်းကြောင့် သင်္ဘောများနှင့် မော်တော်ယာဉ်များပေါ်တွင် ဒုံးပစ်စင်တပ်ဆင်၍ ပစ်လွှတ်နိုင်စွမ်းရှိမည်ဖြစ်သည်။

**Indian Air Force deploys indigenous MR-SAM air defence systems on Western front ကို ဘာသာပြန်ဆိုထားပါသည်။**

## အနောက်နိုင်ငံများ၏အကူအညီများရပ်တန့်ပါက ယူကရိန်းအထူးစစ်ဆင်ရေး တစ်ပတ်သာခံလိမ့်မည်ဟု ရုရှားသမ္မတပြော

အနောက်နိုင်ငံများ၏ စစ်ရေးအကူအညီများရပ်တန့်ပါက ယူကရိန်းအထူးစစ်ဆင်ရေး တစ်ပတ်သာခံလိမ့်မည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

လာမည့်လများအတွင်း ယူကရိန်း၏ မဟာမိတ်များက စစ်လက်နက်ပစ္စည်းများ ပံ့ပိုးပေးအပ်နိုင်ရေး အရင်းအမြစ်ရရှိရန် ကြိုးပမ်းရုန်းကန်နေချိန်တွင် ရုရှားသမ္မတပူတင်၏ထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

စစ်ရေးအကူအညီပေးနေသော ပင်မနိုင်ငံများထဲမှ တစ်စုံတစ်ဦးသာ အကူအညီပေးမှုများ ရပ်တန့်သွားပါက ယူကရိန်း၏ ခုခံကာကွယ်ရေးများ လဲပြိုကျသွားမည်ဖြစ်ပြီး နိုင်ငံသည် တစ်ပတ်အတွင်း အညံ့ခံလိမ့်မည်ဟု သမ္မတပူတင်က ထပ်လောင်းပြောကြားခဲ့သည်။

အမေရိကန်သည် ယူကရိန်း၏ စစ်လက်နက်နှင့် ပစ္စည်းကိရိယာများကို အဓိကထောက်ပံ့ပေးနေခြင်းဖြစ်ပြီး ထောက်ပံ့ပေးသည့်တန်ဖိုးမှာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း အမေရိကန်ဒေါ်လာ ၁၁၃ ဘီလီယံကျော်ထိရှိသည်။

သို့သော်လည်း အမေရိကန်သမ္မတလောင်း ဂျိုးဘိုင်ဒင်က အမေရိကန်နိုင်ငံ၏ လက်ရှိနိုင်ငံရေးမတည်ငြိမ်မှုများသည် ယူကရိန်းအတွက် စစ်ရေးအကူအညီပေးမှုကို ထိခိုက်လာမည့်အပေါ် စိုးရိမ်မိကြောင်း ပြီးခဲ့သည့် သီတင်းပတ်က ပြောခဲ့သည်။

ဆလိုဗက်ကီးယားနိုင်ငံ ရွေးကောက်ပွဲအပြီးတွင် အာဏာရလာသည့် ရုရှားလိုလားသော Robert Fico ၏ နိုင်ငံရေးပါတီက ဆလိုဗက်ကီးယားနိုင်ငံအနေဖြင့် ယူကရိန်းထံ နောက်ထပ်အကူအညီများပေးပို့ခြင်းကို ရပ်ဆိုင်းထားခဲ့သည်။

Fico က ယူကရိန်းသို့ လက်နက်များပေးပို့ခြင်းကိုရပ်တန့်ရန်၊ NATO အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်မှုကိုတားဆီးရန်နှင့် ရုရှားအပေါ် နိုင်ငံတကာပိတ်ဆို့အရေးယူမှုများကိုဆန့်ကျင်မည်ဟု ကတိပြုထားသူတစ်ဦးလည်းဖြစ်သည်။

ထို့ပြင် ဗြိတိန်နိုင်ငံမှ အကြီးတန်းစစ်ဘက်အရာရှိကြီးတစ်ဦးကလည်း ယူကရိန်းကို ပံ့ပိုးပေးရန် ၎င်း၏နိုင်ငံသည် စစ်လက်နက်ပစ္စည်းကိရိယာများ ပြတ်လပ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။




ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒအကြီးအကဲ Josep Borrell က နိုင်ငံ ၂၇ နိုင်ငံပါဝင်ဖွဲ့စည်းထားသော အစုအဖွဲ့သည် ယူကရိန်းအတွက် အမေရိကန်၏ ထောက်ပံ့မှုကဲ့သို့ အပြည့်အဝအစားထိုးထောက်ပံ့ပေးနိုင်လိမ့်မည်မဟုတ်ကြောင်း၊ ဥရောပက အမေရိကန်မဖြည့်ပေးနိုင်သည့်ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း Borrell က ယူကရိန်းနိုင်ငံ၏ အကြီးမားဆုံးဘဏ္ဍာရေးနှင့် စစ်ဘက်ကျောထောက်နောက်ခံဖြစ်သော အမေရိကန်နိုင်ငံသည် လက်ရှိ ကွန်ဂရက်လွှတ်တော်မငြိမ်မသက်မှုကို မကြာမီအချိန်အတွင်း ပိုမိုကောင်းမွန်လာအောင် ဖြေရှင်းနိုင်ပြီး ကာကွယ်ရေးပစ္စည်းများကို ထပ်မံပေးပို့နိုင်ရန် နည်းလမ်းများတွေ့ရှိလာလိမ့်မည်ဟု ပြောကြားခဲ့သည်။

**Russia's Putin Says Ukraine Would Last 'a Week' if Western Aid Stops ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ မြေပဲဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၄၁ သန်းထိရရှိ



**နေပြည်တော် အောက်တိုဘာ ၁၁**

ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ မြေပဲဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၄၁ သန်းထိ ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြေပဲသည် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရှိနေသည့် စိုက်ပျိုးသီးနှံဖြစ်သဖြင့် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပဲတင်ပို့မှုကဏ္ဍတွင် အရေးပါသည့် ဆီထွက်သီးနှံဖြစ်ကြောင်း၊ မြေပဲကို ပြည်ပသို့ တင်ပို့ရောင်းချပေးရာတွင် မြေပဲတောင့်နှင့် မြေပဲဆန်များကို တင်ပို့ရောင်းချပေးနေခဲ့သော်လည်း အဆိုပါကာလအတွင်း မြေပဲဆန်များကိုသာ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြေပဲဆန်များကို ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ခြောက်လတာ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉ သန်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၁၅၁ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၄၁ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံအနေဖြင့် နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်း၊ ဆီအုန်း၊ ပဲပုပ်နှင့် ဆီမုန်ညင်းကို အဓိကစိုက်ပျိုးနေပြီး နှမ်းကို ဧရိယာအများဆုံးနှင့် မြေပဲကို ဒုတိယအများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ မြေပဲဆန်အနီကို တရုတ်ဝယ်လက်များက ဝယ်ယူကာ မြေပဲဆန်အဖြူကို မြေပဲယို လုပ်ငန်းရှင်များနှင့် ဆားလှော်လုပ်ငန်းရှင်များက ဝယ်ယူကြကြောင်း သိရသည်။

မြေပဲဆန် ဈေးနှုန်းများမှာ ဩဂုတ်လတွင် မြေပဲဆန်အနီ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ မှ ငွေကျပ် ၁၀၅၀၀၊ မြေပဲဆန်အဖြူ တစ်ပိဿာလျှင် ငွေကျပ် ၇၉၀၀ ပေါက်ဈေးရှိနေပြီး စက်တင်ဘာလတွင် မြေပဲဆန်အနီတစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀၊ မြေပဲဆန်အဖြူ တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ သို့ ဈေးနှုန်းများကျဆင်းလာခဲ့ပြီး ယခုနှစ် အောက်တိုဘာလတွင် မြေပဲဆန်အဖြူ တစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀ ဈေးထိ ဈေးနှုန်းများ တဖြည်းဖြည်းကျဆင်းနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

SKL

# ဆီဆိုင်မြို့နယ် အောင်သပြေရပ်ကွက်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဆီဆိုင် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ဆီဆိုင်မြို့နယ် အောင်သပြေရပ်ကွက် ယုဇနလမ်းသွယ်(၄)၌ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်နှင်းနှင်းနွယ်တို့က ယခုဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းလုပ်ငန်း ခွင့်ပြုရန်ပုံငွေကျပ် ၂၅၉၆၈၀၀၀ ဖြင့်ဆောင်ရွက်သည့် အောင်သပြေရပ်ကွက် ယုဇနလမ်းသွယ်(၄)တွင် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အမှုဆောင်အရာရှိက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



ဆီဆိုင်မြို့နယ် အောင်သပြေရပ်ကွက် ယုဇနလမ်းသွယ် (၄) တွင် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းသည် အရှည် ၆၀၇ ပေ၊ အကျယ် ၁၁ ပေ၊ အမြင့် ကိုးလက်မရှိပြီး ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးဌာနက ယခုနှစ် စက်တင်ဘာ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကတ္တရာလမ်းပြီးစီးပါက ဒေသခံပြည်သူများ ရာသီမရွေး သွားလာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# သာယာဝတီမြို့နယ် ဖိုးခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖိုးခေါင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုများ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အပြင် မိသားစုဝင်ငွေတိုးပွားစေရန်အတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၄၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဖိုးခေါင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၆ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၂၁ ဒသမ ၉ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၁-၁၀-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၆၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အခြေခံပညာအဆင့် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




**မန္တလေး အောက်တိုဘာ ၁၁**

၂၀၂၃ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အခြေခံပညာအဆင့် အသက် ၁၈ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း၊ ကိုယ်ပိုင်ကျောင်း၊ International School၊ အားကစား သိပ္ပံကျောင်းအသင်းတို့မှ လက်ရွေးစင်ပြိုင်ပွဲဝင် အားကစားသမားများ၊ ကြိုးကြပ်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဧည့်ပရိသတ်များ စုစုပေါင်းဦးရေ ၁၅၀၀၀ ခန့် တက်ရောက်ကြပြီး အမရပူရမြို့နယ် အခြေခံပညာကျောင်းများ အသင်းနှင့် မိတ္ထီလာဇုန် ကိုယ်ပိုင်ကျောင်းများအသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ အမရပူရမြို့နယ် အခြေခံပညာကျောင်းများအသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲဝင်အသင်း ၁၆ သင်းကို ဂုဏ်ပြုငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး အတွင်းရေးမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများက ပူးတွဲတတိယဆုရ မန္တလေး တောင်ပိုင်းဇုန် ကိုယ်ပိုင်ကျောင်းများ အသင်းနှင့် အောင်မြေသာစံ အခြေခံပညာ ကျောင်းများအသင်းတို့အား ဆုတံဆိပ်များ နှင့် ငွေကျပ်သိန်း ၃၀ စီကို လည်းကောင်း၊ ဒုတိယဆုရ မိတ္ထီလာဇုန် ကိုယ်ပိုင်ကျောင်း များအသင်းကို ဆုတံဆိပ်များနှင့် ငွေသား ဆုကျပ်သိန်း ၄၀ ကိုလည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုရရှိသူ များကို ဆုတံဆိပ်များနှင့်ငွေသားဆု ငွေကျပ်နှစ်သိန်းစီကို လည်းကောင်း၊တိုင်း ဒေသကြီးဝန်ကြီးချုပ်က ပထမဆုရ အမရပူရမြို့နယ် အခြေခံပညာကျောင်းများ အသင်းအား ဆုတံဆိပ်များ၊ ပထမတံခွန် စိုက်ဆုဖလားနှင့် ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း ချီးမြှင့်ကြပြီး စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဥတ္တရသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ပါတီကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်စမ်းသပ်မဲပေးကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အဆိုပါခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရွှေနံ့သာရပ်ကွက်အုပ်ချုပ်ရေးမှူး၊အတွင်းရေးမှူးနှင့် မဲဆန္ဒရှင်ပြည်သူများတက်ရောက်၍ လက်တွေ့စမ်းသပ် မဲပေးခဲ့ကြသည်။

အဆိုပါအခမ်းအနားများကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပြီး နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အတွင်းရေးမှူးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူဦးရေ ၂၀၀၊ မွန်းလွဲပိုင်းတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူဦးရေ ၂၀၀ တက်ရောက်၍ မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြသည်။ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကို အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်ထိ ၁၀ ခုမှ မဲဆန္ဒရှင်ပြည်သူများ ရှင်းလင်းဆွေးနွေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

အသင်းအုပ်ချုပ်သူနည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် လက်ရွေးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဖြစ် ဝိတ်တန်းအလိုက် အမျိုးသား(၄၈၊၅၁၊၅၇၊ ၆၃သမ၅၊၇၁၊၈၀)ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်ခြောက်ပွဲနှင့် အမျိုးသမီး(၄၆၊၅၇၊၆၃) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်သုံးပွဲဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး ၄၆ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်ပူးတွဲ တတိယဆုရရှိခဲ့ကြသူများကို စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်က လည်းကောင်း၊ အမျိုးသား ၄၈ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသူများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လည်းကောင်း၊ အမျိုးသား ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသူများကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း၊ အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်ပူးတွဲတတိယဆုရရှိခဲ့ကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း၊ အမျိုးသား ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊တတိယနှင့်ပူးတွဲ တတိယဆုရရှိခဲ့ကြသူများကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က လည်းကောင်း၊ အမျိုးသား ၆၃သမ၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်ပူးတွဲ တတိယဆုရရှိခဲ့ကြသူများကိုပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က လည်းကောင်း၊ အမျိုးသမီး ၆၃ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသူများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမရရှိသည့် စတီးရှူး(ရောဝတီ)၊ ဒုတိယရရှိသည့် ရှိုင်းထက်ကိုကို(ကချင်)၊ တတိယရရှိသည့် မင်းဝေအောင်(မန္တလေး) နှင့် ပူးတွဲတတိယရရှိသည့် ကျော်မျိုးဟန်(စစ်ကိုင်း)တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်ကလည်းကောင်း၊ အမျိုးသား ၈၀ ကီလိုတန်းပြိုင်ပွဲတွင် ပထမရရှိသည့် စောငွေမိုး(ကရင်)၊ ဒုတိယရရှိသည့် သက်ထွန်းဇော်(ကချင်)၊ တတိယရရှိသည့် ခွန်ဇွဲမောင်မောင်(ရှမ်း) နှင့် ပူးတွဲတတိယရရှိသည့် ဝဏ္ဏစိုး(ရန်ကုန်)တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းကလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရရှိခဲ့သည့် ဂင်ရှင်းမောင်(ချင်း)နှင့် အေးအေးပြည့်(တနင်္သာရီ)တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေကလည်းကောင်း ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲတွင် ရွှေငါးခုနှင့် ကြေးတစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက် ဆုဖလားရရှိခဲ့သည့် တနင်္သာရီတိုင်း ဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်ကလည်းကောင်း၊ ရွှေသုံးခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် ကရင်ပြည်နယ်အသင်းကိုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းကလည်းကောင်း၊ ရွှေငါးခုနှင့် ကြေးလေးခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက လည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံနှင့်ဌာနကအားထားရသည့် ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသော ဝန်ထမ်းကောင်းများဖြစ်စေရေးကြိုးစား

**နေပြည်တော် အောက်တိုဘာ ၁၁**

အလယ်အလတ်အဆင့် (Grade-2) နှင့် အဆင့်မြင့်(Grade-3) စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၀၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။





သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ယခုဖွင့်လှစ်သည့် Grade 2၊ 3 သင်တန်းတွင် စာရင်းပညာနားလည်တတ်ကျွမ်းပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ စာရင်းမှတ်တမ်းများကို အမှားအယွင်းမရှိတိကျမှန်ကန်စွာရေးဆွဲဆောင်ရွက်နိုင်စေရန်နှင့် ရုံးလုပ်ငန်းများကိုစွမ်းဆောင်ရည်ပြည့်ဝစွာဆောင်ရွက်နိုင်စေရန်တို့အတွက် လုပ်ငန်းခွင်တွင် အမှန်တကယ်အသုံးချနိုင်မည့် ဘာသာရပ်များဖြင့် ပို့ချသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချမှုများကိုလက်တွေ့ပြန်လည်အသုံးချနိုင်ရန်အလေးထားလေ့လာသင်ယူမှတ်သားကြရန်နှင့် သင်တန်းစည်းကမ်းများကိုလေးစားလိုက်နာပြီး နိုင်ငံနှင့် ဌာနက အားထားရသည့် ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသော ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်တွင် ဦးရေ ၃၀၀၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း ရန်ကုန်တွင် ၁၅၇ ဦးနှင့် တိုက်ကြီးမြို့နယ်ရှိ ဇဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးရေ ၁၂၀ စုစုပေါင်းသင်တန်းသား ၅၇၇ ဦးကို အောက်တိုဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၂၂ ရက်ထိ တစ်ပြိုင်တည်းဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် တိုက်ကြီးမြို့နယ်ရှိ ဇဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက Online ဖြင့် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဲခူးမြစ်ရေကြီးမှုကြောင့် ယာဉ်များသွားလာရာတွင် ပိတ်ဆို့မှုနှင့် ယာဉ်လမ်းကြောင်းပြတ်တောက်မှုမရှိစေရေး၊ ပဲခူးမြို့ရှောင်လမ်းနှင့် တံတားများကို ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်း အမှတ်(၃)လမ်းဆုံတိုးလ်ဂိတ်၌ ယာဉ်များပိတ်ဆို့မှုမရှိဘဲ ယာဉ်ကြီးယာဉ်ငယ်အားလုံး ပုံမှန်အတိုင်းသွားလာနေမှုကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တိုးလ်ဂိတ်ဖြတ်သန်းစဉ် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး Lane အလိုက် တာဝန်ခွဲဝေဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင် အမှတ် ၁၁/၂ နှင့် ၁၁/၃ အကြားရှိ ငမိုးရိပ်တံတားကြံ့ခိုင်မှု ပဲခူးမြို့အနောက်မြို့ရှောင်လမ်းပေါ်ရှိ မိုးရေတိုက်စားမှုကြောင့် လမ်းတာပေါင်ပြတ်တောက်သွားသည့်နေရာကို ဘေလီတံတားထိုးခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပဲခူးအရှေ့မြို့ရှောင်လမ်းပေါ်ရှိ အရှည်ပေ ၃၀ တံတားချဉ်းကပ်လမ်း ရေတိုက်စားသည့်နေရာကို ရေကာတုတ်ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပဲခူးမြို့အနောက် မြို့ရှောင်လမ်းပေါ်ရှိရေတိုက်စားမှုကြောင့် ပြတ်တောက်သွားသည့် တံတားအမှတ်(၉/၂) Box Culvert နေရာများကိုကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းဆောင် ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပဲခူးမြို့အနောက် မြို့ရှောင်လမ်းပိုင်းပေါ်တွင် ရေတိုက်စားခြင်းကြောင့် ပြတ်တောက်မှု လေးနေရာရှိခဲ့ပြီး ပေ ၆၀ အရှည် နှစ်လွှာတစ်ထပ်ဘေလီတံတားထိုးခြင်းလုပ်ငန်း သုံးနေရာနှင့်ကျောက်ဖြည့်ခြင်းလုပ်ငန်း တစ်နေရာဆောင်ရွက်ခဲ့ရာ ယခုအခါ နှစ်နေရာတွင် ပြန်လည်အသုံးပြု၍ရပြီဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘုရားကြီး-ဘောနက်ကြီးလမ်းပိုင်း၌ ယာဉ်များပိတ်ဆို့မှုမရှိစေရေးနှင့် ဘောနက်ကြီးယာဉ်ရပ်နားစခန်းအတွင်းရှိ ကုန်တင်ယာဉ်များ၊ ဆီသယ်ယာဉ်များ အမြန်လမ်းမှတစ်ဆင့် သွားလာနိုင်ရေးစီမံဆောင်ရွက်ပေးပြီး ရန်ကုန်-နေပြည်တော်လမ်းပိုင်းရှိ ဖြူးတိုးလ်ဂိတ်နှင့် စီလမ်းဆုံတိုးလ်ဂိတ်တို့၌ ယာဉ်ဖြတ်သန်းခများ ကောက်ခံနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းနှင့် ပဲခူး-မော်လမြိုင်လမ်းပိုင်း ရထားလမ်းရေကျော်နေရာများ ရေပြန်လည်ကျဆင်း၍ ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲရန် စီစဉ်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၁**

အောက်တိုဘာ ၈ ရက် နံနက်ပိုင်းမှစတင်၍ ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ ပဲခူးဘူတာနှင့် ရွှေလှေဘူတာအကြားနှင့် ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ ပဲခူးဘူတာ-ကလိဘူတာနှင့် နောင်ပတ္တရားဘူတာအကြားတို့တွင် ရထားလမ်းပေါ်ရေကျော်ခဲ့သဖြင့် လမ်းပိုင်းအတွင်း ရောက်ရှိနေသည့် လူစီးအမြန်ရထားနှစ်စီးမှ ခရီးသည်များကိုကားများစီစဉ်၍ ရန်ကုန်ဘူတာကြီးသို့ ပို့ဆောင်ပေးခဲ့ရပြီး ရန်ကုန်-မန္တလေးနှင့် ရန်ကုန်-မော်လမြိုင် ရထားခရီးစဉ်များကို ယာယီဖျက်သိမ်းခဲ့ရသည်။

ယနေ့နံနက်ပိုင်းမှစ၍ ရေများပြန်လည်ကျဆင်းလာသဖြင့် အဆိုပါရေဖုံးလွှမ်းခဲ့သည့် ပဲခူးဘူတာနှင့် ရွှေလှေဘူတာလမ်းပိုင်း၊ ပဲခူးဘူတာ-ကလိဘူတာနှင့် နောင်ပတ္တရားဘူတာလမ်းပိုင်းများသို့ မြန်မာ့မီးရထားတာဝန်ရှိသူများက တွဲဆိုင်း ကိုးတွဲပါရှိသော ကျောက်ရထားဖြင့် လမ်း၏ကြံ့ခိုင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောက်ချခြင်း၊ကျောက်စီခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ပဲခူးဘူတာနှင့် ကလိဘူတာအကြား လမ်းပိုင်းအတွင်းသို့လည်း အောက်တိုဘာ ၁၀ ရက်မှစတင်၍ ကျောက်ရထားတွဲဆိုင်း ရှစ်တွဲဖြင့် ကျောက်ချခြင်း၊ ထုပေါက်နေရာများတွင် ကျောက်စီထည့်ခြင်းစသည့်လမ်းပိုင်းကြံ့ခိုင်မှုအတွက် လိုအပ်သည်များကို မွမ်းမံပြင်ဆင်၍ ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကချင်ပြည်နယ် လိုင်ဇာဒေသ မုန်လိုင်ချက်၌ အမိုနီယမ်နိုက်ထရိတ်(ယမ်း)သိုလှောင်ရုံပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်




ကချင်ပြည်နယ် လိုင်ဇာဒေသ မုန်လိုင်ချက်မှာ အောက်တိုဘာ ၉ ရက် ညပိုင်းက ပေါက်ကွဲမှုဖြစ်ပွားပြီး KIA အဖွဲ့ဝင်တချို့နဲ့ မိသားစုတချို့ထိခိုက်ဒဏ်ရာရ သေဆုံးတာတွေရှိခဲ့တယ်ဆိုတဲ့ သတင်းနဲ့ပတ်သက်ပြီး မနေ့ကလည်း ကျွန်တော်ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒီနေ့မှာထပ်မံသတင်းဖော်ထုတ်ချက်တွေ၊ ကျွန်တော်တို့ရဲ့ အမာခံသတင်းပေးတွေရဲ့သတင်းပေးပို့ဖော်ထုတ်ချက်တွေအရ ဖော်ထုတ်ရရှိတဲ့သတင်းကို ပြောပေးမှာဖြစ်ပါတယ်။ ပထမအချက်က မုန်လိုင်ချက်ဒုက္ခသည်စခန်းဆိုပြီး အမည်ခံထားတာဖြစ်ပါတယ်။ အဲ့ဒီနားလေးမှာ KIA သင်တန်းကျောင်းတစ်ခုရှိတယ်။ အဲ့ဒီသင်တန်းကျောင်းမှာ အမိုနီယမ်နိုက်ထရိတ်ယမ်းတွေသိုလှောင်ထားတာရှိတယ်။ ကျွန်တော်တို့ရဲ့ ဖော်ထုတ်ချက်အရ အဲ့ဒီယမ်းတွေကို KIA အဖွဲ့က ခေါင်းဆောင်တွေ၊ နောက်ပြီး ဒေါ်အားလီ(ခေါ်)အားလီကဲ့ ပိုင်တယ်ဆိုတာလည်း ဖော်ထုတ်ရရှိခဲ့ပါတယ်။ ၉ ရက် ညပိုင်း အဲ့ဒီမှာမတော်တဆမှုဖြစ်ပွားပြီးတော့ ရုတ်တရက်ပေါက်ကွဲတာဖြစ်တယ်လို့လည်း သတင်းဖော်ထုတ်ရရှိခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း တရုတ်နိုင်ငံနယ်စပ်ဂိတ်တွေမှာလည်း တရုတ်နိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေက အကြောင်းရင်းတွေ စုံစမ်းစစ်ဆေးမှုတွေ ဆောင်ရွက်လျက်ရှိတယ်လို့ သတင်းရရှိခဲ့ပါတယ်။ ဒီဖြစ်စဉ်ဖြစ်ပြီးနောက်ပိုင်း တချို့မီဒီယာတွေမှာတက်လာတဲ့ပုံတွေ တွေ့ရပါလိမ့်မယ်။ အဲ့ဒီပုံတွေကိုသေသေချာချာကြည့်ကြည့်ရင် ဒီဟာသည် ပေါက်ကွဲမှုဖြစ်ခဲ့တဲ့နေရာ၊ ပွင့်ထွက်သွားတဲ့နေရာတစ်ခုဖြစ်မှန်း သိသာတယ်လို့ ပြောချင်တယ်။ ဒုတိယအချက်အနေနဲ့ ဒီကိစ္စကို တပ်မတော်က ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘူး။ တပ်မတော်အနေနဲ့ သူတို့စွပ်စွဲသလိုဗုံးကြဲတာ၊ပစ်ခတ်တာတွေမရှိခဲ့ပါဘူး။ သူတို့အနေနဲ့ တပ်မတော်က ဗုံးကြဲပစ်ခတ်ခဲ့တယ်ဆိုရင် ယခင်ကလည်း လက်နက်ကိုင်အဖွဲ့တွေရဲ့ထုတ်ပြန်ချက်တွေကိုတွေ့ပါလိမ့်မယ်။ တပ်မတော်က ပစ်ခတ်ခဲ့တယ်ဆိုပြီး ကျည်ခွံတွေ၊ ကျည်စတွေ၊ သက်သေခံပစ္စည်းတွေထုတ်ပြပြီးလုပ်တာမျိုးတွေရှိခဲ့တယ်။ တချို့ကလည်း လုပ်ကြံပြီးလုပ်ပြတဲ့ပုံစံမျိုးတွေဖြစ်ပါတယ်။ အခုအချိန်မှာ ဒီပေါက်ကွဲမှုကြောင့် လူတွေဆုံးရှုံးခဲ့တာကိုလည်း ကျွန်တော်တို့ သိရပါတယ်။ အစိုးရအနေနဲ့ကတော့ ဒီကာလဟာ NCA လက်မှတ် ရေးထိုးထားတဲ့ ရှစ်နှစ်ပြည့်ကာလဖြစ်တယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးကို NCA နှစ်ပတ်လည်နေ့တက်ဖို့အတွက် ဖိတ်ခေါ်ထားတယ်။ အနှစ်သာရရှိရှိလုပ်ဖို့ လုပ်နေတယ်။ အဲ့ဒီအချိန်အတွင်းမှာ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပစ်ခတ်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြိုးပမ်းလျက်ရှိတယ်။ ဒီအချိန်မျိုးမှာ တပ်မတော်အနေနဲ့ လုပ်စရာအကြောင်းမရှိဘူး။ မနေ့က ကျွန်တော်ပြောသလိုပဲ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားပြီးဆောင်ရွက်နေတာဖြစ်တယ်။ကျွန်တော်တို့အနေနဲ့ လုပ်စရာအကြောင်းမရှိဘူးလို့ပြောလိုပါတယ်။ထိခိုက်ဒဏ်ရာရသေဆုံးမှုတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ သဘောထားကတော့ တိုက်ပွဲမှာပဲဖြစ်ဖြစ်၊ ပဋိပက္ခတွေမှာပဲဖြစ်ဖြစ် ထိခိုက်ဒဏ်ရာရသေဆုံးရင် ကျွန်တော်တို့နိုင်ငံသားတွေပဲသေဆုံးတာ၊ ဆုံးရှုံးတာဖြစ်တယ်။ KIA ပဲဖြစ်ဖြစ်၊ တခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေပဲဖြစ်ဖြစ် သေဆုံးရင်လည်း ဒီလူတွေဟာ ကျွန်တော်တို့နိုင်ငံသားတွေပဲဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့အစိုးရအနေနဲ့ဝမ်းနည်းကြောင်းပြောလိုပါတယ်။ နောက်ထပ်ပြောလိုတာက KIA အနေနဲ့ ဒုက္ခသည်စခန်းအမည်ခံလေ့ကျင့်ရေးစခန်းတွေ၊ ဒုက္ခသည်စခန်းအမည်ခံ KIA အဖွဲ့ အခြေချနေတဲ့ စစ်စခန်းတွေအမြဲတမ်းလုပ်လေ့လုပ်ထရှိပါတယ်။ ဒါတွေဟာ တိုင်းရင်းသားပြည်သူလူထုတွေကို ထိခိုက်နစ်နာစေပါတယ်။ ဒါ့ကြောင့် လူသားချင်းလူသားတံတိုင်းသဖွယ် စစ်ရေးစစ်ရာမှာ အသုံးမပြုဖို့၊ ပြီးရင် ရပ်ရွာ၊ ကျေးရွာတွေနားလေးမှာ ခဲယမ်းတွေ၊ပေါက်ကွဲစေတတ်တဲ့ပစ္စည်းတွေ၊ သိုလှောင်တာတွေမလုပ်ဖို့၊ အန္တရာယ်များတဲ့ အလုပ်တွေဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

➤ ➤ ➤

## ကချင်ပြည်နယ် လိုင်ဇာဒေသ မုန်လိုင်ချက်၌ အမိုနီယမ်နိုက်ထရိတ်(ယမ်း)သိုလှောင်ရုံ ပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၁**

ကချင်ပြည်နယ် လိုင်ဇာဒေသ မုန်လိုင်ချက်တွင် အောက်တိုဘာ ၉ ရက် ညပိုင်းက ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်းနှင့် ပေါက်ကွဲမှုကြောင့် KIA အဖွဲ့ဝင်နှင့် မိသားစုအချို့ ထိခိုက်သေဆုံး၊ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အချို့မီဒီယာများက တပ်မတော်အပေါ် ဝေဖန်တိုက်ခိုက်လိုသည့်သဘောဖြင့် တပ်မတော်မှလေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့်လည်းကောင်း၊ အချို့မီဒီယာများကလည်း လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့်လည်းကောင်း ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု မဟုတ်မမှန် စွပ်စွဲပြောဆိုရေးသားလျက်ရှိသည်။

အဆိုပါပေါက်ကွဲမှုနှင့် ပတ်သက်၍ မြေပြင်သတင်းဖော်ထုတ်ချက်များ၊ အမာခံသတင်းပေးများ၏ သတင်းပေးပို့ချက်များအရ မုန်လိုင်ချက်အနီး KIA သင်တန်းကျောင်းရှိ အမိုနီယမ်နိုက်ထရိတ်(ယမ်း) သိုလှောင်ရုံ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအမိုနီယမ်နိုက်ထရိတ် (ယမ်း)များမှာ KIA အဖွဲ့မှ ခေါင်းဆောင်များနှင့် ဒေါ်အားလီ(အားလီကဲ့)တို့ပိုင်ဆိုင်ကြောင်း၊ ၎င်းဂိုဒေါင်အတွင်း အမိုနီယမ်နိုက်ထရိတ် (ယမ်း) ၁၀၅ တန်ခန့်နှင့်အခြားပေါက်ကွဲစေတတ်သောပစ္စည်းများ သိုလှောင်ထားကြောင်း၊ အောက်တိုဘာ ၉ ရက် ည၌နက်ပိုင်းတွင် မတော်တဆမှုတစ်ခုခုကြောင့် ရုတ်တရက် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲသည့်အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံနယ်စပ်ဂိတ်တွင်လည်း တရုတ်နိုင်ငံမှ ရဲတပ်ဖွဲ့ဝင်များက အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်အနီး လိုင်စင်ပို့စ်အနီး ခဲယမ်းသိုလှောင်ရုံတွင်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၁ ရက်တွင် လိုင်ဇာဒေသ ဂျာထူဂေါင်ရှိ မိုင်းစက်ရုံ၌လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ခဲယမ်းနှင့်မိုင်းများ အကြီးအကျယ်ပေါက်ကွဲပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး KIA အဖွဲ့ဝင်များနှင့်မိသားစုဝင်များ ထိခိုက်သေကျေဒဏ်ရာရရှိခဲ့ကြောင်းလည်း Social Media များမှ တစ်ဆင့် တွေ့မြင်သိရှိကြပြီးဖြစ်သည်။

တပ်မတော်အနေဖြင့် လက်တွေ့ကျသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပြည်သူတစ်ရပ်လုံးလိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာယန္တရားများကိုနှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ ရပ်ဆိုင်းထားကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ ထို့ပြင် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း အလေးထားလိုက်နာဆောင်ရွက်လျက်ရှိပြီး မကြာမီကာလတွင်လည်း NCA ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့ကို အနှစ်သာရရှိရှိကျင်းပနိုင်ရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း တက်ရောက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယနေ့ထိငြိမ်းချမ်းရေးတံခါးဖွင့်လှစ်ထားဆဲဖြစ်ကြောင်း သတင်းရရှိသည်။



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Paragon Machinery Power Group Co., Ltdက တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dayun Yuehu S1 (VIP Version) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Grand Sirius Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA U အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အောက်တိုဘာ ၁၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၀၉၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်သည်။ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**သဇင်(FM) အသံလွှင့်အစီအစဉ်**

**၁၂-၁၀-၂၀၂၄ (ကြာသပတေးနေ့)**

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song | | | စာမျက်နှာများ |
| ၂။ | ၁၀း၀၁ | Internet Pages | ၄။ | ၁၅း၃၅ | Music Quiz |
| ၃။ | ၁၄း၃၀ | နှလုံးသားထဲက | ၅။ | ၂၀း၄၀ | လွမ်းသဝဏ်လွှာ |

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၁**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကိုအထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁)စိုက်ပျိုးရေးနှင့် မွေးမြူရေးစံပြစခန်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်း (ဇော်ဘွားကြီးကုန်း) အမှတ်(၃)စိုက်ပျိုးမွေးမြူရေးစခန်း (တညင်းကုန်း)၊ မင်္ဂလာဒုံမြို့နယ် ပြည်တော်သာရပ်ကွက်ရှိ အမှတ်(၄) စိုက်ပျိုးမွေးမြူရေးစခန်းနှင့် မှော်ဘီမြို့နယ်ရှိ အမှတ်(၂)စိုက်ပျိုးမွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၃- ၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့်စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ပဲခူးမြို့၌ ရေပြန်လည်ကျဆင်း၍ ပုံမှန်သွားလာနိုင်ပြီဖြစ်





ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ပဲခူးမြို့တွင် ရေပြန်လည်ကျဆင်းမှုကြောင့် လူနေရပ်ကွက်များနှင့် လမ်းများတွင် ပုံမှန်အတိုင်းသွားလာ ရောင်းဝယ်မှုများပြုလုပ်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၁**

အောက်တိုဘာ ၇ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူးမြစ်ရေသည် စိုးရိမ်ရေမှတ်ထက် လေးပေခန့် ကျော်လွန်မြင့်တက်ပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင်းရှိ လူနေရပ်ကွက်များနှင့် အနီးရှိကျေးရွာများအတွင်းသို့ ရေများဝင်ရောက်၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ ရေဘေးသင့်ဒေသခံပြည်သူ အိမ်ထောင်စု ၆၂၈၂ စု၊ လူဦးရေ ၂၇၇၀၂ ဦးတို့ကို ကူညီကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်စုပုံထားသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပဲခူးမြစ်ရေပြန်လည်ကျဆင်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် လူနေရပ်ကွက်များနှင့် ကျေးရွာများ၊ လမ်းများ၌ ရေပြန်လည်ကျဆင်း၍ ပုံမှန်အတိုင်း သွားလာရောင်းဝယ်မှုများပြုလုပ်နိုင်ပြီဖြစ်ပြီး ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေး ရေဖုံးလွှမ်းခဲ့သည့်ရထားလမ်းပိုင်းများကို မြန်မာ့မီးရထားမှတာဝန်ရှိသူများက ရထားသံလမ်းများ၏ ကြံ့ခိုင်မှုအခြေအနေများအား စစ်ဆေး၍ လိုအပ်သည့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရထားလမ်းပိုင်းများ ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ်။

# ကျောက်ဖြူမြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် ပြင်ဦးလွင်မြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၁**

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံဆေးကုသရေးအဖွဲ့များက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာ၊ မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၄၉၅ ဦးတို့ကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၈၂ ဦးတို့ကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မျက်စိရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ အရိုးအကြောရောဂါ၊သားဖွားမီးယပ်ရောဂါ၊ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဆီးချိုသွေးချို စစ်ဆေးခြင်းနှင့် သွေးအုပ်စုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ


**နေပြည်တော် အောက်တိုဘာ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Aung Myint Myat" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရွာသစ်ကြီးကျေးရွာနေ အောင်မြင့်မြတ်ကို မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ပျော်ဘွယ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးရာဇာထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

# မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးရာဇာထွန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ၊ဂုဏ်ပြုချီးမြှင့်ငွေများနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် မြစ်ကြီးနားတပ်နယ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# လှည်းကူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများကို လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသော ပညာရေးဒီဂရီကောလိပ် ရေဘေးကယ်ဆယ်ရေးစခန်း၌ ယနေ့နံနက်ပိုင်းတွင် ထပ်မံရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၂၇၀၊ လူဦးရေ ၆၅၀ နှင့် လှူဒါန်းထားရှိသည့် စားနပ်ရိက္ခာများကို အဆိုပါမြို့နယ်ရှိ ရေဘေးလွတ်ရာ Uniwin အထည်ချုပ်စက်ရုံသို့ ကူညီကယ်ဆယ် ရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က လှည်းကူးမြို့နယ် စာဘူးတောင်းကျေးရွာရှိ ရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူ ၁၂၇ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ဒေသခံပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# အာဂျင်တီးနားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုပြင်းထန်လာခြင်းကြောင့် လူအများအပြား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ



**ဂျူနီဗာအေးရိစ် အောက်တိုဘာ ၁၁**

အာဂျင်တီးနားနိုင်ငံ အလယ်ပိုင်း ကော်ဒိုဘာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု ပြင်းထန်လာခြင်းကြောင့် လူအများအပြားကို တာဝန်ရှိသူများက အောက်တိုဘာ ၁၀ ရက်က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ကော်ဒိုဘာပြည်နယ် ဗီလာကာလိုပက်ဇ်မြို့ရှိ လူနေအိမ်များကိုပါ ခြိမ်းခြောက်မှုများ ရှိလာသဖြင့် ကော်ဒိုဘာပြည်နယ် တာဝန်ရှိသူများက အဆိုပါမြို့ရှိ ဒေသခံအများအပြားကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်မည်မျှ ဆုံးရှုံးသည်ကို တိတိကျကျမထုတ်ပြန်နိုင်သေးဘဲ မီးသတ်တပ်ဖွဲ့အနေဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် တောမီးမှာ လျင်မြန်စွာကူးစက်လောင်ကျွမ်းလျက်ရှိပြီး မီးသတ်တပ်ဖွဲ့က မီးငြိမ်းသတ်ရေးလေယာဉ် ရှစ်စင်း၊ ရဟတ်ယာဉ်နှစ်စင်း၊ မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၉၆၀ တို့ဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ခက်ခက်ခဲခဲ ဆောင်ရွက်နေရကြောင်း မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ထားကြောင်း သိရသည်။

"မီးဘေးသင့် ဒေသတွေမှာ မီးငြိမ်းသတ်ရေး လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ မီးသတ်သမားတွေနဲ့ သက်ဆိုင်ရာအာဏာပိုင်တွေရဲ့ ညွှန်ကြားချက်တွေကို ပြည်သူတွေအနေနဲ့ လေးစားလိုက်နာကြဖို့ တောင်းဆိုချင်ပါတယ်။ အရေးကြီးဆုံးက လူတွေကို ကယ်တင်ဖို့ဖြစ်ပြီး ရွှေ့ပြောင်းဖို့ လိုအပ်တာတွေကို ပြီးအောင်လုပ်သွားပါမယ်"ဟု ကော်ဒိုဘာအုပ်ချုပ်ရေးမှူး Juan Schiaretti က ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

**Ref : The Telegraph**
**Trs : AZH**

# မက္ကဆီကိုနိုင်ငံတွင် ဟာရီကိန်းမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နိုင်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၁**

မက္ကဆီကိုနိုင်ငံတွင် အင်အားပြင်း ဟာရီကိန်းမုန်တိုင်းလီဒီယာ ဝင်ရောက်တိုက်ခတ်မှုကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်သည်ဟု သက်ဆိုင်ရာအာဏာပိုင်များက အောက်တိုဘာ ၁၀ ရက်တွင် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ဟာရီကိန်းမုန်တိုင်း လီဒီယာသည် အောက်တိုဘာ ၁၀ ရက်မှစ၍ မက္ကဆီကိုကမ်းရိုးတန်း မြို့တော် Puerto Vallarta မြို့အနီးမှ ကုန်းတွင်းပိုင်းသို့ စတင်ဝင်ရောက်ခဲ့ပြီး Jalisco ပြည်နယ်အတွင်း၌ လေတိုက်နှုန်း တစ်နာရီလျှင်ကီလိုမီတာ ၂၂၀ နှုန်းထိ တိုက်ခတ်နိုင်ကြောင်း မက္ကဆီကို မိုးလေဝသဌာနက ကြေညာချက် ထုတ်ပြန်ထားသည်။

ပြည်သူများကိုကူညီရန် မက္ကဆီကိုတပ်ဖွဲ့ဝင် ဦးရေ ၆၀၀၀ ကို တပ်ဖြန့်ချထားပြီး အသင့်အနေအထားတွင်ရှိနေကြောင်း မက္ကဆီကိုသမ္မတ အန်ဒရီးမန်နျူရယ်လိုပက်အော်ပရေဒေါက ပြောကြားခဲ့သည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် Jalisco ပြည်နယ်အတွင်း လေဆိပ်တချို့ကို ပိတ်ထားရပြီး အထူးသဖြင့် Nayarit ပြည်နယ်နှင့် Jalisco ပြည်နယ်ကြားရှိ Bahia de Babn-deras၊ Puerto Vallarta နှင့် Tomatlan မြို့တို့မှ ပြည်သူများအနေဖြင့် အထူးသတိထားနေထိုင်ကြရန်နှင့် မြေနိမ့်ဒေသများ၊ မြစ်များ၊ တောင်စောင်းများနှင့်ဝေးဝေးတွင် ပြောင်းရွှေ့နေထိုင်ကြရန် အော်ပရေဒေါက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် တိုက်တွန်းထားကြောင်း သိရသည်။

မုန်တိုင်းကြောင့် ပြည်နယ်တချို့တွင် မြစ်ရေရုတ်တရက်လျှံတက်မှု၊ မြေပြိုမှုများဖြစ်ပွားနိုင်သော်လည်း မုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ဝင်ရောက်လာသည်နှင့်အမျှ အားပျော့သွားနိုင်ကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

ဟာရီကိန်း မုန်တိုင်းသည် မက္ကဆီကိုဒေသကို နှစ်စဉ်ဝင်ရောက်တိုက်ခတ်လေ့ရှိပြီး ထိုသို့ဖြစ်ရခြင်းမှာ ပင်လယ်ရေမျက်နှာပြင်အပူချိန်တိုးလာခြင်းကြောင့် ပိုမိုဖြစ်ပွားလာခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

**Ref : Accu Weather**
**Trs : AZH**

# ပြင်သစ်နိုင်ငံအရှေ့ဘက်ပိုင်း၌ မိုးခေါင်မှုကြောင့် မြစ်ရေမျက်နှာပြင်ကျဆင်းနေ

**ပဲရစ် အောက်တိုဘာ ၁၁**

ပြင်သစ်နိုင်ငံအရှေ့ဘက်ပိုင်း၌ မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရပြီး မိုးခေါင်မှုကြောင့် မြစ်ရေမျက်နှာပြင် ကျဆင်းနေသည်ဟု ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းက ယနေ့တွင် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံတွင် ပြီးခဲ့သည့် စက်တင်ဘာလက အပူချိန်စံချိန်တင်မြင့်တက်ခဲ့ပြီး ၁၉၄၇ ခုနှစ်နောက်ပိုင်း အပူချိန်အမြင့်ဆုံးလတစ်လအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း၊ ဩဂုတ်လနောက်ပိုင်း မိုးရွာသွန်းမှု မရှိခဲ့သည့်အတွက် မြစ်များတွင် မြစ်ရေမျက်နှာပြင်မှာ သိသိသာသာ ကျဆင်းလာခဲ့ရခြင်းဖြစ်ပြီး သောက်သုံးရေခက်ခဲသည့် ပြဿနာဖြင့် ရင်ဆိုင်ရနိုင်ကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက်လည်း အဟန့်အတားဖြစ်လာစေနိုင်ကြောင်း သိရသည်။




"ဩဂုတ်လကုန်ပြီးကတည်းက မိုးမရွာတော့တဲ့အတွက် မြစ်ချောင်းတွေမှာ ရေမျက်နှာပြင်ကျဆင်းမှုတွေ ဖြစ်ပေါ်နေတယ်။ မိုးမရွာတဲ့အတွက် မြေအောက်ရေတွေလဲ ခန်းခြောက်လာတယ်"ဟု ပြင်သစ်အရှေ့ပိုင်းနယ်မြေ မိုးလေဝသ ခန့်မှန်းတိုင်းတာရေးအဖွဲ့၏ တာဝန်ခံဖြစ်သူ စီဒရစ်က ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံရှိ မြစ်များအနက် ဒုသမမြောက် အကြီးဆုံးမြစ်ဖြစ်သည့် ဒူမြစ်တွင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးသေးသော မြစ်ရေမျက်နှာပြင်ကျဆင်းမှုဖြင့် ရင်ဆိုင်နေရပြီး လှေများပင် သွားလာ၍မရတော့သည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : RTL**
**Trs : Sai Sat**

# ဟီရက်မြို့တွင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိ မြေငလျင်ထပ်မံလှုပ်ခတ်

**ကဘူးလ် အောက်တိုဘာ ၁၁**

အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်မြို့တွင် ယနေ့ နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိသည့် မြေငလျင်ထပ်မံလှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဟီရက်မြို့တွင် ပြီးခဲ့သော ရက်သတ္တပတ်ကလည်း မြေငလျင်လှုပ်ခတ်မှုကြောင့် လူဦးရေ ၂၅၀၀ ကျော်သေဆုံးခဲ့ကာ ဒေသခံသောင်းနှင့်ချီ၍ အိမ်ခြေမဲ့ဘဝသို့ ရောက်ခဲ့ရကြောင်း၊ မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ပြင်းအားများသည့် မြေငလျင် ထပ်မံလှုပ်ခတ်ခဲ့ခြင်းကြောင့် ဒေသခံများအပြင် အာဏာပိုင်အဖွဲ့အစည်းအတွက်လည်း အခက်အခဲများရှိနေကြောင်း သိရသည်။

"အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်မြို့မှာ ဒီနေ့ နံနက် ၅ နာရီ ၁၀ မိနစ်မှာ မြေငလျင်လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်ပြင်းအားဟာ ၆ ဒသမ ၃ မဂ္ဂနီကျူ ရှိခဲ့ပါတယ်။ လူသေဆုံးမှုအမြောက်အမြားဖြစ်ပေါ်စေတဲ့ ပြီးခဲ့တဲ့မြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်လို မြေငလျင်အားကောင်းခဲ့ပေမဲ့ မြေအောက်အနက် ၂၉ ကီလိုမီတာအကွာကနေ ဗဟိုပြုလာတဲ့အတွက် မြေငလျင်လှိုင်းဟာ မြေပြင်ပေါ်ကို ကြီးကြီးမားမား ရိုက်ခတ်မှုမဖြစ်စေပါဘူး"ဟု အမေရိကန် မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြီးခဲ့သော ရက်သတ္တပတ်က လှုပ်ခတ်ခဲ့သောမြေငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်နေဆဲဖြစ်သလို ကုလသမဂ္ဂအဖွဲ့ကလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ငါးသန်းတန်ဖိုးရှိ ပံ့ပိုးပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြေငလျင်သည် မြေအောက်အနက် ၂၉ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ယနေ့ နံနက် ၅ နာရီ ၁၀ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေငလျင်ပြင်းအားများခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့သလို ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း ဟီရက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : TRT World**
**Trs : Sai Sat**

# စတော့ဟုမ်းမြို့တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် ဒီဇယ်လောင်စာသုံးမော်တော်ကားများကို အသုံးပြုခွင့်ပိတ်ပင်သွားရန် စီစဉ်နေ

**စတော့ဟုမ်း အောက်တိုဘာ ၁၁**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် ဒီဇယ်လောင်စာသုံး မော်တော်ယာဉ်များကို အသုံးပြုခွင့် ပိတ်ပင်သွားရန် စီစဉ်နေသည်ဟု စတော့ဟုမ်းအာဏာပိုင်အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

စတော့ဟုမ်းမြို့ လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် ရည်ရွယ်၍ ဒီဇယ်လောင်စာသုံး မော်တော်ယာဉ်များကို အသုံးပြုခွင့်ပိတ်ပင်ရန် စီစဉ်နေခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စတော့ဟုမ်းမြို့၏ မြို့လယ်ပိုင်းမှစတင်၍ ဒီဇယ်လောင်စာသုံး မော်တော်ယာဉ်သုံးစွဲမှုပိတ်ပင်မည့်အစီအစဉ်ကို စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ လေထုညစ်ညမ်းမှုက အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေကို အဆုတ်ရောဂါဖြစ်ပေါ်စေနိုင်သလို သက်ကြီးရွယ်အိုတွေအတွက်လဲ အချိန်မတိုင်မီသေဆုံးစေတဲ့ ရောဂါဝေဒနာတွေ ခံစားရစေတယ်။ ဒါကြောင့် စတော့ဟုမ်းမြို့ လေထုညစ်ညမ်းမှု တိုက်ဖျက်ဖို့အတွက် အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီဇယ်လောင်စာသုံး မော်တော်ယာဉ်တွေနေရာမှာ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်တွေ သုံးစွဲသွားဖို့အတွက်လဲ တိုက်တွန်းသွားမယ်။ ဒီဇယ်လောင်စာသုံး မော်တော်ယာဉ်တွေကိုလဲ ၂၀၂၅ ခုနှစ်ကနေစတင်ပြီးတော့ သုံးစွဲခွင့်ပိတ်ပင်သွားတော့မှာဖြစ်ပါတယ်"ဟု စတော့ဟုမ်း ဒုတိယမြို့တော်ဝန် လာစထရွမ်မန်က ပြောကြားခဲ့သည်။


စတော့ဟုမ်းအာဏာပိုင်အဖွဲ့အစည်းအနေဖြင့် စတော့ဟုမ်းမြို့ခံများကို ဒီဇယ်လောင်စာသုံး မော်တော်ယာဉ်များ နေရာတွင် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ အသုံးပြုလာစေရေးအတွက် တိုက်တွန်းမှုများပြုလုပ်နေကြောင်း သိရသည်။

**Ref : Barrons**
**Trs : Sai Sat**

0w Kw d @

# အတိတ်နှင့် ခဏတာ

ဝိုင်းဆု(ပညာရေး)



(၁)

ဇရာ၏ သရုပ်ဖော်တင်ဆက်မှုကြောင့် အိုမင်းသောရုပ်အဆင်းကို ပိုင်ဆိုင်နေခဲ့ရပြီဖြစ်မှန်း ဦးပြည့်စုံ နားလည်သဘောပေါက်သည်။ ထိုအတူ ဖောက်ပြန်တတ်သောရုပ်ခန္ဓာ၏ သဘောတရားအရ ဝေဒနာဆိုးကြီးကို ပိုင်ဆိုင်နေခဲ့ရမှန်းလည်း နားလည်သည်။ မည်သို့ပင်ဆိုစေကာမူ အကြောင်းကြောင့်အကျိုးဖြစ်သည်ဟုသာသတ်မှတ်ပြီး နောက်ဆုံးလက်ကျန်အချိန်ကို ရင်ဆိုင်သွားရန်သာ ဆုံးဖြတ်ထားခဲ့သည်။ ယခုဘဝ မည်သို့သောကောင်းမှုကိစ္စများပြုလုပ်နေပါစေ မမြင်ရသော အတိတ်ကံအကုသိုလ်၏ အကျိုးဆက်များကိုတော့ လက်ဝယ်ပိုင်ဆိုင်ရဦးမည်ဖြစ်သည်။

အသက် ၆၀ ကျော်ပြီဖြစ်သော်လည်း တစ်ကိုယ်တည်းသမားမို့ လိုအပ်သောဆေးဝါးများကို ကိုယ်တိုင်သာ ဝယ်ယူလေ့ရှိသော ဦးပြည့်စုံ။ လမ်းခုလတ်တစ်နေရာတွင် အမှတ်တမဲ့မြင်တွေ့လိုက်ရသော ဆေးခန်းတစ်ခုမှဆိုင်းဘုတ်ကြောင့် သူ၏ ခြေလှမ်းအစုံသည် ရပ်တန့်သွားခဲ့ရသည်။

"ဒေါက်တာ အောင်သန့်ဆိုပါလား"

သူ၏နှုတ်ကလည်းရေရွတ်လိုက်မိသည်။ တစ်ပြိုင်နက်တည်း သူ၏နှလုံးခုန်သံသည်လည်း ပို၍ မြန်ဆန်လာခဲ့သည်။ မထူးတော့ပါဘူးဟု ဆုံးဖြတ်လိုက်ပြီး လူနာများစောင့်ဆိုင်းသော ခုံနေရာတွင် ဝင်ထိုင်လိုက်ပြီး နာမည်စာရင်းပေးလိုက်သည်။

"ဒေါက်တာက ငယ်ပေမဲ့စေတနာတအားကောင်းတာရှင့်။ တော်လဲ တော်တယ်"

"ဟုတ်ပါ့တော် ကျွန်မတော့ ဒေါက်တာ့ဆီရောက်တာနဲ့ ရောဂါတစ်ဝက်လောက်ကို သက်သာသွားတာပဲ"

မလှမ်းမကမ်းရှိ လူနာနှစ်ဦး၏ ပြောစကားများကို ဦးပြည့်စုံ အတိုင်းသားကြားနေရသည်။ စိတ်လည်းလှုပ်ရှားနေမိသည်။ အမျိုးအမည်ဖော်ပြ၍မရသောခံစားမှုနှင့်အတူ သူ၏ အတွေးအာရုံများသည် လွန်ခဲ့သော နှစ် ၂၀ ခန့်ဆီသို့ ရောက်ရှိသွားခဲ့ရတော့သည်။

(၂)

"ဆရာ သားသင်္ချာတွက်လို့ပြီးပါပြီ"

ကျောင်းနားရက်တွင်ပင် အိမ်သို့ အလည်လာပြီး စာလာလုပ်လေ့ရှိသော ငါးတန်းကျောင်းသားမောင်အောင်သန့်ပေးသည့်စာအုပ်ကို ဆရာပြည့်စုံ လှမ်းယူလိုက်သည်။ အောင်သန့်သည် စာတော်ရုံသာမက ကြိုးစားချင်စိတ်ရှိပြီး လိမ္မာရေးခြားရှိသည့် ကျောင်းသားလည်းဖြစ်သည်။

ဆရာပြည့်စုံသည် ကျောင်းသား၊ ကျောင်းသူများကို သင်ကြားရေးနှင့်ပတ်သက်၍ မျက်နှာမလိုက်ဘဲ တန်းတူဆက်ဆံလေ့ရှိသူဖြစ်သည်။ စာကြိုးစားချင်စိတ်ရှိသောကလေးများ၊ စာမရသည့်ကလေးများကို သူ့အိမ်တွင်ခေါ်၍ သီးသန့်သင်ပေးလေ့ရှိသည်။

"အောင်သန့် မင်းက ကြီးလာရင်ဘာလုပ်ဖို့ရည်မှန်းချက်ရှိလဲကွ"

ဆရာပြည့်စုံ မေးလိုက်သောစကားကြောင့် အောင်သန့်သည် အနားသို့ရောက်လာပြီး ခေါင်းကုတ်ကာ တစ်ခုခုကို စဉ်းစားဟန်ပြုနေသည်။ အတန်ငယ်ကြာမှ ဖြေတော့သည်။

"ဆရာ သားက ဆရာဝန်လုပ်မှာဗျ"

အောင်သန့်၏အဖြေကြောင့် ဆရာပြည့်စုံ ကျေနပ်မိသည်မှာအမှန်။

"ကောင်းလှချေလားကွ။ အေးကွာ ကြိုးစား၊ ကြိုးစားရင် ပန်းတိုင်က အနီးလေး။ မကြိုးစားသူတွေအတွက်ကတော့ ဝေးနေအုံးမှာပဲကွ"

"ဟုတ် ဆရာ။ သားမှတ်ထားပါ့မယ်"

"အေး ငါ့တပည့်ဆရာဝန်ဖြစ်မှ ဆရာ ဆေးခန်းလာပြအုံးမယ်"

"လာခဲ့ဆရာ ဆရာလာရင် တစ်ပြားတစ်ချပ်မှ မယူဘူး။ အလကားကုပေးမှာ"

အောင်သန့်၏စကားကြောင့် ဆရာပြည့်စုံ ပြုံးမိသည်။ မည်သို့ပင်ဆိုစေ လိမ္မာရေးခြားရှိပြီး ကြိုးစားလိုစိတ်ရှိသော ကလေးတစ်ယောက်၏ အပြောနှင့်ပင်လျှင် ဆရာဖြစ်သူ၏ စိတ်ကျေနပ်အားရမှုသည် ဆိုဖွယ်ရာပင်မရှိတော့ပေ။ သို့သော်လည်း အတန်းတင်စာမေးပွဲကြီးပြီးသွားပြီး နောက်တစ်နေ့မှာပင် အောင်သန့်တို့မိသားစုသည် နယ်သို့ အပြီးတိုင်ပြောင်းရွှေ့သွားခဲ့ရသည်။ စာကြိုးစားသောကလေး၊ ဆရာ့ဆီ အမြဲလာသောကလေး၊ လိမ္မာရေးခြားရှိသောကလေးမို့ သံယောဇဉ်ဖြစ်ခဲ့ရသည်။ ထိုသံယောဇဉ်ကြောင့်ပင် အောင်သန့် ပြောင်းသွားတော့ ဆရာပြည့်စုံ မျက်ရည်ကျခဲ့ရသည်။

(၃)

ဦးလေးနာမည်က ဦးပြည့်စုံနော် ဦးလေးက အရင်က ကျောင်းဆရာလုပ်ခဲ့တာလားခင်ဗျ"

"မဟုတ်ပါဘူးဒေါက်တာ။ ကျွန်တော်က လက်သမားဆရာပါ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ဦးလေးရာ။ ကျွန်တော့်ဘဝအတွက် အရေးကြီးတဲ့ လူတစ်ယောက်နာမည်နဲ့ တူနေလို့ သူများဖြစ်နေမလားဆိုပြီးမေးကြည့်တာပါ။ သူနဲ့ကျွန်တော် အဆက်အသွယ်ပြတ်ခဲ့တာလဲ နှစ်ပေါင်း ၂၀ လောက်ရှိပြီလေ။ ပြောရမယ်ဆိုရင် ကျွန်တော့်ဘဝအတွက် ခွန်အားတွေပေးခဲ့တဲ့သူတစ်ယောက်ပေါ့။ ဒီနေ့မှ သူ့ကိုပိုသတိရမိနေသလိုဖြစ်နေတာနဲ့ မေးကြည့်တာပါ။ ဪ. . . ဦးလေးတောင်ကျွန်တော့်အကြောင်းနားထောင်ပြီး စိတ်ညစ်နေတော့မယ်"

"မညစ်ပါဘူး ဒေါက်တာရဲ့။ ရပါတယ်"

တိကျသေချာသော အဖြေတစ်ခုကို ကြားသိလိုက်ရ၍ ဦးပြည့်စုံပျော်ရွှင်သွားမိသည်။ တွေးလက်စအတွေးများ ပြယ်လွင့်ပြီး စိတ်ထဲတွင်လည်း ကြည်နူးပီတိများဖြင့် ပြည့်နှက်နေသည်။ လူနာစမ်းသပ်ခန်းအတွင်းမှ အတိုင်းသားကြားနေရသော စကားများကြောင့် ဒေါက်တာအောင်သန့်ဆိုသည်မှာ သူ၏တပည့်လေး မောင်အောင်သန့်ဖြစ်နေသောကြောင့်ပင်။ သူ၏ ရှေ့နှစ်ယောက်ကျော်မှ သူနှင့်နာမည်တူ လူနာအမျိုးသားကြီးကို ဒေါက်တာအောင်သန့်က သူ့အထင်ဖြင့်မေးမြန်းပြောဆိုပြီး ဒေါက်တာအောင်သန့်၏ စိတ်သဘောထားနှင့် သူ့ကို အမှတ်တရရှိနေသေးသည့်အတွက်ကြောင့် ဝမ်းသာပီတိဖြစ်နေခဲ့ရသည်။

သို့သော်လည်း ကျန်းမာရေးကြောင့် အိုမင်းသွားသောရုပ်အဆင်းနှင့် ပိန်လှီနေသောခန္ဓာကိုယ်ကြောင့် ဒေါက်တာအောင်သန့်သည် သူ့ကို မှတ်မိလိမ့်မည်မထင်ပေ။ ယခင်က ဆရာပြည့်စုံသည် ဝဝထောင်ထောင်မောင်းမောင်းနှင့် ကြည့်ကောင်းနေခဲ့သောသူတစ်ယောက်။

"ဒေါက်တာ ဆေးဖိုးဘယ်လောက်ကျလဲဗျ"

"ဆေးဖိုးမပေးပါနဲ့ဗျာ။ ကျွန်တော်ကုသိုလ်ယူလိုက်ပါ့မယ်"

"ဟာ ဒေါက်တာကလဲ ဒါ ပရဟိတဆေးခန်းမှမဟုတ်တာ။ ယူပါဗျာ"

"ကျွန်တော်က ကျွန်တော့်ဆရာကို ပြောခဲ့ဖူးတယ်ဗျ။ ဆရာဆေးလာကုရင် ကျွန်တော်က တစ်ပြားတစ်ချပ်မှမယူဘဲ အလကားကုပေးမှာဆိုပြီးပြောခဲ့တာ။ ဦးလေးက ကျွန်တော့်ဆရာနာမည်နဲ့ တူတယ်လေ။ နောက်ပြီး ဆရာ့ကိုလဲ ဒီနေ့သတိရနေတော့ ဆရာ့အတွက်ပါ ကုသိုလ်ရသွားအောင် ကျွန်တော်ဆေးဖိုးလေး လျှော့ပါရစေဗျာ"

"သာဓု သာဓု သာဓုပါ ဒေါက်တာရယ်။ ဒေါက်တာသိပ်တွေ့ချင်နေတဲ့ ဆရာလဲ ဒေါက်တာ့ဆီကို အမြန်ဆုံးရောက်ရှိလာပါစေဗျာ"

"အမှန်ပြောရရင် ကျွန်တော်က ဆရာ့ကို ဒီကို မလာစေချင်ဘူးဗျ။ ကျွန်တော့်ဆီကိုလာတဲ့သူတွေက နေမကောင်းတဲ့သူ၊ ကျန်းမာရေးမကောင်းတဲ့သူတွေလေ။ ကျွန်တော်က ကျွန်တော့်ဆရာကို ကျန်းမာရေးကောင်းကောင်းမွန်မွန်နဲ့ပဲ မြင်ချင်တာဗျ"

အတိုင်းသားကြားနေရသော စကားသံများနှင့်အတူ ဦးပြည့်စုံ၏ နှလုံးခုန်သံများသည်လည်း အရှိန်အဟုန်မြင့်လျက်ရှိသည်။ သူ့အတွက်ပင် ကုသိုလ်ပြုပေးနေသေးသည့်အတွက် သူ၏နှလုံးအိမ်ထဲမှပင် လှိုက်လှဲစွာ သာဓုခေါ်ဆိုလိုက်သေးသည်။ သို့သော်လည်း သူ၏ လက်ရှိကျန်းမာရေးနှင့် ပုံသဏ္ဌာန်ရုပ်အသွင်ကို မြင်ရလျှင် ဒေါက်တာအောင်သန့် စိတ်မကောင်းဖြစ်မည်မှာ အသေအချာပင်ဖြစ်သည်။

"ကျွန်တော်က ကျွန်တော့်ဆရာကို ကျန်းမာရေးကောင်းကောင်းမွန်မွန်နဲ့ပဲ မြင်ချင်တာဗျ"ဆိုသည့် စကားသည် သူ၏နားထဲတွင် ပဲ့တင်ထပ်စွာကြားယောင်နေမိသည်။ ပါးပြင်ထက်စီးကျလာသော မျက်ရည်စတို့ကို လူမသိအောင်သုတ်လိုက်ရင်း ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

စမ်းသပ်ခန်းအနားသို့သွား၍ ကန့်လန့်ကာကြားမှ ဒေါက်တာအောင်သန့်ကို မသိမသာချောင်းကြည့်လိုက်သည်။

"ငယ်ရုပ်မပျောက်ဘဲ ခန့်ခန့်ကြီးနဲ့ ကြည့်ကောင်းနေတဲ့ငါ့တပည့်ပါလား"

ဦးပြည့်စုံ စိတ်ထဲမှ ပြောဆိုလိုက်ခြင်းဖြစ်သည်။ ဒေါက်တာအောင်သန့်ကို သူမှတ်မိပေမဲ့ သူ့ကိုတော့ ဒေါက်တာအောင်သန့် မှတ်မိမည်မထင်ပေ။ တပည့်ဖြစ်သူကို အားရပါးရကြည့်ရင်း ဆေးခန်းကောင်တာမှ နံပါတ်ခေါ်ပေးသည့် ကောင်ကလေးအနားသို့ သွားလိုက်သည်။

"လူလေးရေ. . . ရော့ တိုကင်နံပါတ်။ ဦးလေး နည်းနည်းသက်သာသွားတာရယ်၊ အရေးကြီးကိစ္စပေါ်လာတာရယ်ကြောင့် ဆေးခန်းမပြဖြစ်တော့ဘူးနော်"

"ဟုတ်ကဲ့"

သူဆေးခန်းထဲမှ ထွက်ခဲ့လိုက်တော့သည်။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ ရောယှက်၍ စီးကျလာသော မျက်ရည်စတို့ကိုပင် မသုတ်နိုင်တော့ပေ။ တပည့်ဖြစ်သူကို သူ့ကြောင့် ဝမ်းနည်းကြေကွဲမှုများ မပေးချင်တော့ပေ။ အတိတ်နှင့်ခဏတာ ပြန်လည်ဆုံဆည်းရသည်ကပင် သူ့အတွက် အဖိုးအနဂ္ဃကြီးမားလှသည်ဟု ဆိုရမည်။ အဆုတ်ကင်ဆာ နောက်ဆုံးအဆင့်ရောက်နေသောသူ့အတွက် တပည့်ဖြစ်သူ ဒေါက်တာအောင်သန့်အပါအဝင် မည်သူ့ကိုမျှ ကြေကွဲဝမ်းနည်းခြင်းများမမျှဝေဘဲ တစ်ယောက်တည်းနေဝင်သွားခြင်းသာအကောင်းဆုံးဟု ဆုံးဖြတ်ချက်ချထားခြင်းကြောင့်ပင်။ တပည့်ဖြစ်သူ မောင်အောင်သန့်၏ ထူးချွန်ထက်မြက်မှုများကြောင့် များစွာဂုဏ်ယူလိုက်မိသည်။ သို့ပေမဲ့ သူ၏ပါးပြင်ထက်မှာတော့ မျက်ရည်များက စီးကျလို့ကောင်းနေတုန်း။

# ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း ငါးတန် ပိဿာချိန် ၉၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၉၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခက်ခက်ဝင်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ငါးတန်များကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိရာ ဖျာပုံမြို့နယ်မှရန်ကုန်မြို့သို့ ဩဂုတ်လအတွင်းက ငါးတန် ပိဿာချိန် ၅၉၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ပိဿာချိန် ၉၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"စက်တင်ဘာလအတွင်း ငါးတန် ပိဿာချိန် တစ်သိန်းလောက်ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ စက်တင်ဘာလအတွင်းမှာ ဩဂုတ်လကနဲ့စာရင် ငါးတန်ပိဿာချိန် ၄၀၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကထွက်တဲ့ ရေထွက်ကုန်မှန်သမျှကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ရန်ကုန်ဘက်က စက်တင်ဘာလအတွင်းကော၊ အခုလက်ရှိကော ရေထွက်ကုန်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်သွက်နေပါတယ်။ တင်ပို့အားကောင်းလာတော့ ငါးတန်လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခက်ခက်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၈၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ငါးတန်များကို ရန်ကုန်မြို့သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် ဆည်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆည်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆည်ကုန်းကျေးရွာတွင် လမ်းအရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၃၈ ဒသမ ၃ သိန်း စုစုပေါင်း ငွေကျပ် ၁၈၈ ဒသမ ၃ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



# ကံမမြို့နယ် အုပ်ဖိုကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ကျွန်းကလေးကျေးရွာအုပ်စု အုပ်ဖိုကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ လက်စွဲစာစောင်ပါလမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး အုပ်ဖိုကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀ ဒသမ ၂၆ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အုပ်ဖိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသားအသင်းသူဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၀ ဒသမ ၂၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

## ပန်းတိုင်ဟာ လှမ်းနိုင်သူအတွက်

\- လှမ်းပါလေ လိုရာရောက်ဖို့
ပိုသာလျှောက် အားမာန်ပါ၊
သူများတွေ တစ်လှမ်းလှမ်းက
ဆယ်လှမ်းလှမ်းကာ၊
အချိန်က အရေးကြီးသာ
ပြင်ဆင်ရာ ကြိုတင်တွေး၊
ဇွဲလုံ့လပါ ဝီရိယနဲ့
ရှိကြမှလေး။

\- အကြိမ်ပေါင်းများစွာ လုပ်ဆောင်ပေး
အောင်မြင်မနေး အမှန်တကယ်၊
တစ်ကြိမ်တစ်ခါ ကျရှုံးကြလည်း
မမှုနဲ့ကွယ်၊
လဲကျက ပြန်ထမယ်
စိတ်ဓာတ်ရယ် မညှိုးနွမ်း၊
အချိန်တိုင်းမှာ လုပ်ဆောင်သွားလို့
ကြိုးစားလိုက်စမ်း။

\- ပြလိုက်ပါ ကိုယ့်အစွမ်း
ရှေ့လျှောက်လှမ်း နောက်မဆုတ်ကာ၊
အောင်မြင်မှုဟာ လွယ်လွယ်မရ
ပေးဆပ်မှသာ၊
ဘယ်အရာမှ မလွယ်ပါ
လေ့လာနေ ခရီးဆက်၊
ပန်းတိုင်ဟာ လှမ်းနိုင်သူများအဖို့
ဝင့်ကြွားနိုင်လျက်။ ။

**မြင့်မိုရ်လင်း(ချောင်းဆုံ)**

# မိုင်းဖြတ်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘိုရှီး-တုံလုံ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဘိုရှီး-တုံလုံကျေးရွာချင်းဆက်လမ်းဖောက်လုပ် ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးပြီး မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၆၁ သန်းဖြင့် မိုင်းဖြတ်မြို့နယ် ဘိုရှီး-တုံလုံကျေးရွာချင်းဆက်လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို Hero Family ကုမ္ပဏီက ယခုနှစ် ဇူလိုင် ၁၈ ရက်မှ စတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ မညီမျှမှုတွေ တိုက်ဖျက်စို့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

နှစ်စဉ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက် ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်မှစတင်၍ ဆန်ဒိုင်း မူဘောင် (၂၀၁၅-၂၀၃၀) (Sendai Framework for Disaster Risk Reduction-SFDRR 2015-2030)အတိုင်းသတ်မှတ်ထားသည့် ဆောင်ပုဒ်များနှင့် အညီ ကမ္ဘာတစ်ဝန်းလုံးတွင် နှစ်စဉ်ကျင်းပပြုလုပ်လျက် ရှိသည်။ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝ ဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့၏ ဆောင်ပုဒ်သည် "Fighting Inequality for a Resilient Future" "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ မညီမျှမှုတွေတိုက်ဖျက်စို့"ပင်ဖြစ်သည်။

၂၁ ရာစုဦးပိုင်းမှစတင်ကာ ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲမှုများ သိသိသာသာများပြားလာခဲ့သည်။ ကမ္ဘာ့နိုင်ငံများစွာသည် ရာသီဥတုပြောင်းလဲမှုမှထွက်ပေါ်လာသော ဆိုးကျိုးများကို ခါးစည်းခံစားရလျက်ရှိသည်။ မုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားသည့် အကြိမ်ရေပိုမိုများပြားလာသကဲ့သို့ ပိုမိုလည်းပြင်းထန်လာသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုကို တားဆီး၍မရနိုင်သော်လည်း ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ၊ ဘေးဒုက္ခများ လျော့ပါးသက်သာအောင် နည်းနိုင်သမျှနည်းအောင်စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

သဘာဝဘေးကို မည်သူမျှတားဆီး၍ မရနိုင်သော်လည်း သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကိုမူ လျှော့ချနိုင်သည်။ အဆိုပါလုပ်ငန်းများကို အခြေခံအုတ်မြစ်ဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ဆောင်ရွက်ခြင်းနှင့် အဆင်သင့်ဖြစ်နေစေခြင်းတို့ဖြစ်သည်။ သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးချက်များကို ဘေးကျရောက်မည့် ဒေသရှိ ပြည်သူလူထုက အချိန်နှင့်တစ်ပြေးညီရရှိပါက ဘေးကင်းစိတ်ချရသည့်နေရာကို အချိန်မီပြောင်းရွှေ့ခြင်းဖြင့် အချိန်မီကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကိုလျှော့ချရာတွင် ကြိုတင်သတိပေးစနစ်နှင့်ကြိုတင်ပြင်ဆင်မှုများသည် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် ကြိုတင်ပြင်ဆင်မှုများကို အလေးနက်ဂရုပြုကာ ဘေးအန္တရာယ်မှကြိုတင်ပြင်ဆင်ရှောင်ရှားခြင်းအားဖြင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာတို့ ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးသက်သာစေမည်ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၉ ခုနှစ်အတွင်း ပွာတိုရီကို၊ မြန်မာနှင့်ဟေတီနိုင်ငံတို့သည် ရာသီဥတုပြောင်းလဲမှုဆိုးကျိုးကို အများဆုံးခံစားခဲ့ကြရသော နိုင်ငံများဖြစ်ကြသည်။ အဆိုပါ နှစ် ၂၀ အတွင်း ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုအကြိမ်ရေ ၁၁၀၀၀ ထိ ဖြစ်ပွားခဲ့ကာ လူပေါင်း ၄၇၅၀၀၀ ထိ အသက်ဆုံးရှုံးခဲ့ကြရပြီး ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၆ ထရီလီယံထိရှိခဲ့သည်။ သိပ္ပံပညာရှင်များကလည်း ကမ္ဘာ့အပူချိန်မြင့်မားမှုကြောင့် ကြောက်မက်ဖွယ်ရာကောင်းသည့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းများ ပိုမိုဖြစ်ပွားလာနိုင်၍ ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း တိုက်တွန်းပြောကြားထားသည်။

အထူးသဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ အပူချိန်မြင့်တက်မှုများ၊ တောမီးလောင်မှုများ၊ မုန်တိုင်းတိုက်ခတ်မှုများ၊ မြစ်ရေကြီးမှုများနှင့်တောင်ပြိုမှုဖြစ်စဉ်များကို ခပ်စိပ်စိပ်ကြုံတွေ့ခဲ့ရသည်။ ထို့ပြင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားခြင်းအပါအဝင် ရာသီဥတုဖောက်ပြန်မှုဖြစ်စဉ်များ ကြုံတွေ့ရနိုင်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးထုတ်ပြန်ထားသည်။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသဘာဝအရ ဘေးဖြစ်လာမှ ရင်ဆိုင်တုံ့ပြန်ဖြေရှင်းခြင်းထက်ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ကိုမျှော်တွေးကာ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဖြစ်နိုင်သမျှသောနည်းလမ်းများဖြင့် စီမံဆောင်ရွက်ကြရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်လာပါက ယခုထက်ပိုမိုအလေးထားဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာမူဘောင်၊ သဘောတူညီချက်များနှင့်အညီနည်းပညာများကို မျက်ခြည်မပြတ်လေ့လာအသုံးချကာ နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်သည်။

မြန်မာနိုင်ငံသည် SFDRR မူဘောင်နှင့်အညီ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက် (Myanmar Action Plan on Disaster Risk Reduction-MAPDRR) ကို ၂၀၁၇ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ထိ ကဏ္ဍများခွဲခြားဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးကျရောက်နိုင်ခြေဆိုင်ရာ အသိပညာဗဟုသုတများဖြန့်ဝေခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သည့် သဘာဝဘေးဇာတ်တိုက်လေ့ကျင့်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုစွမ်းရည်အားကောင်းစေရေး စွမ်းရည်မြှင့်သင်တန်းများပို့ချခြင်းတို့အပြင် နည်းပညာဆိုင်ရာသတင်းအချက်အလက်မျှဝေခြင်း လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြေငလျင်အပါအဝင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးနှင့် ထိခိုက်ဆုံးရှုံးမှုများလျှော့ချနိုင်ရေးအတွက် မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ရာတွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားသွားသင့်ပေသည်-

(၁) ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဖြစ်ပေါ်လာနိုင်သည့်သဘာဝဘေးအန္တရာယ်များကို ကြိုတင်ခန့်မှန်းတွက်ဆပြီး ဘေးအန္တရာယ်မဖြစ်ပွားမီ စနစ်ကျနသော ကြိုတင်ပြင်ဆင်ကာကွယ်မှုများပြုလုပ်ခြင်း။

(၂) သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းထားရှိခြင်း။

(၃) ဘေးအန္တရာယ်ဖြစ်ပွားလာချိန်တွင် ရှာဖွေကယ်ဆယ်ရေးနှင့် အကူအညီပေးရေးလုပ်ငန်းများကို ကယ်ဆယ်ရေးအဖွဲ့များဖြင့် အလျင်မြန်ဆုံးပြုလုပ်ပေးခြင်း။

(၄) သဘာဝဘေးဒဏ်ခံစားခဲ့ရသူများအတွက် မည်သည့်အရာများကို အရေအတွက်မည်မျှလိုအပ်သည်ဟူသော အချက်များကို ဆန်းစစ်အကဲဖြတ်ခြင်း။

(၅) ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း။

(၆) စားနပ်ရိက္ခာအစရှိသည့် အခြေခံလိုအပ်ချက်များပံ့ပိုးဖြန့်ဖြူးပေးခြင်း။

(၇) ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်း။

(၈) ကျား၊ မ အရေအတွက် စာရင်းပြုစုခြင်း။

(၉) ဘေးဒဏ်သင့်ပြည်သူများ ဝင်ငွေရရှိစေရေး ပံ့ပိုးကူညီပေးခြင်း။

(၁၀) စိတ်ဓာတ်မြှင့်တင်ပေးခြင်း။

(၁၁) ဘဏ္ဍာငွေရရှိမှုနှင့် ခွဲဝေသုံးစွဲမှုစာရင်းပြုစုခြင်း။

(၁၂) သတင်းထုတ်ပြန်မှုများပြုလုပ်ပေးခြင်း။

(၁၃) လမ်းတံတားများ၊ လျှပ်စစ်ဓာတ်အားနှင့် တယ်လီဖုန်းကွန်ရက်များ၊ ရေပိုက်လိုင်းများနှင့် မိလ္လာစနစ်များပြန်လည်တည်ဆောက်ခြင်း။

သဘာဝဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်ညွှန်ကြားမှုနှင့်အညီ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များသည် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့်ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်သည် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် ဘေးအန္တရာယ်တွေ့ကြုံရင်ဆိုင်ကြရမည့် ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍပါမကျန်ရလေအောင် စနစ်တကျပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့သည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့်ပူးပေါင်း၍ မိုးလေဝသနှင့် ဇလဗေဒအခြေအနေ၊ ရာသီဥတုအခြေအနေ၊ မိုးလေဝသထူးခြားဖြစ်စဉ်များ၊ ဆိုးရွားသည့်ရာသီဥတုဖြစ်ပေါ်နိုင်မှုများ စသည့် သတင်းအချက်အလက်များရယူကာ ဘေးဖြစ်ပွားနိုင်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ သတိပေးခြင်း၊ အသိပေးထုတ်ပြန်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့သည် ဘေးအန္တရာယ်များနှင့်မညီမျှမှုကြား အပြန်အလှန်ဆက်နွယ်နေမှုကို မီးမောင်းထိုးပြသလျက်ရှိသည်။ မညီမျှမှုနှင့် ဘေးအန္တရာယ်ထိခိုက်နိုင်ခြေတို့သည် ငွေအကြွေစေ့တစ်ခု၏ ရှေ့နှင့်နောက်ကဲ့သို့ပင် ဆက်နွယ်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်သည် မညီမျှမှုရှိနေသောနေရာများနှင့်ဆင်းရဲသူများအပေါ် သက်ရောက်မှုပိုမိုကြီးမားလေ့ရှိသည်။ နက်ရှိုင်းလာသောမညီမျှမှုများနှင့် ကြီးမြင့်သော လူနေမှုစရိတ်များသည် အမျိုးသမီးများနှင့် ကလေးငယ်များအပေါ်သက်ရောက်မှုပိုမိုကြီးမားစေလျက်ရှိသည်။

ဆင်းရဲခြင်း၊ မညီမျှမှုနှင့်လူတန်းစားခွဲခြားခြင်းတို့သည် သဘာဝဘေးအန္တရာယ်ဖြစ်ပွားစေနိုင်သောအကြောင်းတရားများပင်ဖြစ်သည်။ မညီမျှမှုများသည် ပြည်သူများကို သဘာဝဘေးထိခိုက်နိုင်ခြေမြင့်တက်စေနိုင်သည်။ သဘာဝဘေးများသည် ဆင်းရဲသူများအပေါ် ဆိုးကျိုးပိုမိုသက်ရောက်စေပြီး မညီမျှမှုများ ပိုမိုနက်ရှိုင်းလာစေသည်။ ထို့ကြောင့် သဘာဝဘေးကြောင့် ထိခိုက်လွယ်အုပ်စုများလျှော့ချနိုင်ရေးကြိုးပမ်းသွားရန်လိုအပ်သည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်တွင်း စံချိန်တင်အပူရှိန်မြင့်တက်ခဲ့ပြီး ရေကြီးခြင်း၊ အလွန်အမင်းမိုးခေါင်ခြင်း၊ တောမီးလောင်ခြင်းနှင့် ငလျင်လှုပ်ခြင်းအပါအဝင် ကမ္ဘာတစ်ဝန်း၌ ကပ်ဘေးများစွာကိုကြုံတွေ့ခဲ့ရသည်။ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာနေသော ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် တိုက်ရိုက်ခံစားရသည့် ဘေးဒုက္ခများအပြင် သွယ်ဝိုက်ပြီးဖြစ်လာသည့် အကျိုးဆက်များကိုလည်း ခံစားရလေ့ရှိသည်။

လက်ရှိအခြေအနေအတိုင်းသာ ရာသီဥတုပြောင်းလဲမှုဆက်လက်ဖြစ်ပေါ်နေမည်ဆိုလျှင် ၂၀၃၀ ပြည့်နှစ်ရောက်ရှိလျှင် ကမ္ဘာကြီးသည် နှစ်စဉ် သဘာဝဘေးဖြစ်စဉ် အကြိမ်ရေ ၅၆၀ ခန့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။ ထို့ပြင် ပြည်သူသန်း ၁၀၀ ကျော်မှာလည်း ရာသီဥတုပြောင်းလဲမှုနှင့်သဘာဝဘေးအန္တရာယ်တို့ကြောင့် အလွန်အမင်းဆင်းရဲမှုအခြေအနေတွင် နေထိုင်သွားရဖွယ်ရှိသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့်သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်ရေးအတွက် ပြီးပြည့်စုံသောအစီအမံများနှင့်ပူးပေါင်းဆောင်ရွက်မှုများလိုအပ်သည်။ အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများအပေါ်သက်ရောက်မှုများနှင့်မညီမျှမှုများကို တတ်နိုင်သမျှလျှော့ချသွားရန်လိုအပ်ကြောင်း ရေးသားလိုက်ပါသည်။

❖ သဘာဝဘေးအန္တရာယ်သည် မညီမျှမှုရှိနေသောနေရာများနှင့် ဆင်းရဲသူများအပေါ် သက်ရောက်မှုပိုမိုကြီးမားလေ့ရှိသည်။ နက်ရှိုင်းလာသောမညီမျှမှုများနှင့် ကြီးမြင့်သောလူနေမှုစရိတ်များသည် အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် သက်ရောက်မှုပိုမိုကြီးမားစေလျက်ရှိသည်။ ဆင်းရဲခြင်း၊ မညီမျှမှုနှင့်လူတန်းစားခွဲခြားခြင်းတို့သည် သဘာဝဘေးအန္တရာယ်ဖြစ်ပွားစေနိုင်သောအကြောင်းတရားများပင်ဖြစ်သည်။ မညီမျှမှုများသည် ပြည်သူများကို သဘာဝဘေးထိခိုက်နိုင်ခြေမြင့်တက်စေနိုင်သည်။ သဘာဝဘေးများသည် ဆင်းရဲသူများအပေါ် ဆိုးကျိုးပိုမိုသက်ရောက်စေပြီး မညီမျှမှုများပိုမိုနက်ရှိုင်းလာစေသည်။ ❖

**ကိုးကား**

- International Day for Natural Disaster Reduction 2023 (timeanddate.com)

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၆၇၉ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၁၆၇၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ငရုတ် ၁၇၀၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ငွန်လမှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၆၇၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းခရိုင်မှာ ငရုတ် စိုက်ပျိုးမှုတွေကတော့ အခြေအနေကောင်းမွန်ပါတယ်။ ငရုတ်သီးနှံကို စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနှစ် မိုးရာသီကာလမှာဆိုရင် ငရုတ် ဧက ၁၇၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာဧက ၁၆၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ငရုတ်စိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ငရုတ်စို ၆၅၁ ဧက၊ မြင်းမူမြို့နယ်တွင် ငရုတ်ခြောက် ၁၆၅ ဧက၊ ငရုတ်စို ၄၅၅ ဧက၊ မြောင်မြို့နယ်တွင် ငရုတ်ခြောက် ၁၂၂ ဧက၊ ငရုတ်စို ၂၈၆ ဧက စုစုပေါင်း ၁၆၇၉ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ငရုတ်စို ၆၅၄ ဧက၊ မြင်းမူမြို့နယ်တွင် ငရုတ်ခြောက် ၁၈၂ ဧက၊ ငရုတ်စို ၄၅၇ ဧကနှင့် မြောင်မြို့နယ်တွင် ငရုတ်စို ၄၁၁ ဧက စုစုပေါင်း ၁၇၀၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ငရုတ်သီးနှံ စိုက်ပျိုးသူများအနေဖြင့် ငရုတ်သီးနှံအထွက်နှုန်းကောင်းရန်၊ ဈေးကွက်လည်း ရရှိအောင် စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးနေကြောင်း သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ် ဂျုံးဂျုံးဂျကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် မဲဇလီပုသိမ်စုကျေးရွာအုပ်စု ဂျုံးဂျုံးဂျကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဦးခန့်ဇင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းအဖွဲ့များနှင့်အတူ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ဂျုံးဂျုံးဂျကျေးရွာတွင် လမ်းအရှည်ပေ ၂၇၀၊ အကျယ် ကိုးပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း အရှည်ပေ ၁၀၀၀ သွယ်တန်းခြင်း လုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ ဖြင့် ဩဂုတ် ၂၀ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး လျှပ်စစ်မီးအားသုံးစွဲနိုင်မှုတို့ကြောင့် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်က ပြောပြ၍ သိရသည်။

**တေဇလင်း**

# ကလောမြို့နယ် ဖူးရဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘောဆိုင်းကျေးရွာအုပ်စု ဖူးရဲကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၀ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ဖူးရဲကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖူးရဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **မောင်ခိုင်**

# ချောက်မြို့နယ် ကျောက်တန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျောက်တန်းကျေးရွာအုပ်စု ကျောက်တန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် ဝန်ထမ်းများက ကျောက်တန်းကျေးရွာမှ စီမံကိန်းကော်မတီဝင်များနှင့်အတူ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် လုပ်ငန်းအမျိုးအစားအလိုက်ရန်ပုံငွေထုတ်ချေးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်တန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်းအသင်းသား၊အသင်းသူ ၈၆ ဦးကို ငွေကျပ် ၃၃ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောပြ၍ သိရသည်။

**ဆက်လှ**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# လူငယ်နှင့် ကာယဗလ

မြင့်ခြံကျော်အောင်

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက လောကီလူသားများ ပြည့်စုံရမည့် အရည်အချင်းငါးရပ်ရှိကြောင်း ဟောကြားခဲ့သည်။ ဤသည်တို့ကား ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ တို့ပင်ဖြစ်ကြသည်။ ဤဗလငါးတန်တွင် "ပညာ" ဟူသော ဉာဏဗလအားသည် အလုံးစုံသောကိစ္စဟူသမျှကို ပြီးစီးစေနိုင်၏ဟုလည်း မြတ်ဘုရားက ဟောဖော်ညွှန်ပြခဲ့သည်။

ယခုဆောင်းပါးတွင် ကာယဗလနှင့်ပတ်သက်၍ ဆွေးနွေးပါမည်။ ကာယဗလနှင့် ပြည့်စုံသူသည် အနာရောဂါကင်းသည်။ ခွန်အားနှင့် ပြည့်စုံသည်။ အစစစွမ်းဆောင်နိုင်သည်။ အသက်ရှည်သည်။ ဤစွမ်းရည်စွမ်းအားများဖြင့် ပြည့်စုံသဖြင့် အတတ်ပညာပြည့်ဝရသည်။ စီးပွားဥစ္စာ တိုးတက်ရသည်။ ရာထူးဌာနန္တရမြင့်မားရသည်။ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ဖြစ်ရသည်။ ဤအကျိုးတရားများ ခံစားကြရစေရန် လူတိုင်းကြိုးပမ်းကြရမည်ဖြစ်သည်။

လူငယ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အသက် ၁၆ နှစ်မှ ၂၅ နှစ်ထိဟု သတ်မှတ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကမူ အသက် ၁၅ နှစ်မှ ၂၄ နှစ်အရွယ်ထိဟု သတ်မှတ်ထားသည်။

ယနေ့လူငယ်ထု၏ ပမာဏကလည်း ကြီးမားလှသည်။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် ရှစ်ဘီလီယံကျော်ရှိသည်။ လူငယ်ဦးရေမှာ ၁ ဒသမ ၂ ဘီလီယံရှိသဖြင့် ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ လူငယ်အများစုမှာ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိနေပြီး လူငယ်ထု၏ ၉၀ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၁၆ ဒသမ ၈၉ သန်းမှာ အသက် ၁၅ နှစ်မှ ၃၄ နှစ်ထိ လူငယ်များဖြစ်ကြပြီး နိုင်ငံလူဦးရေ၏ ၃၃ ရာခိုင်နှုန်းရှိသည်ဟု ထုတ်ပြန်ထားသည်။

မြန်မာတို့၏ လူ့သက်တမ်းမှာ ပျမ်းမျှ ၆၆ ဒသမ ၈ နှစ်သာရှိသည်။ ဂျပန်နိုင်ငံ၏ လူ့သက်တမ်းမှာ အမျိုးသားများက ၈၁ ဒသမ ၀၅ နှစ်၊ အမျိုးသမီးများက ၈၇ ဒသမ ၀၉ နှစ်ဖြစ်သည်ဟု ၂၀၂၃ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ထုတ်ပြန်သောသတင်းအရ သိရသည်။

ထို့ကြောင့် စာရေးသူတို့ မြန်မာများ၏ သက်တမ်းမှာ အထူးတိုနေသည်။ ဤသည်ကား ကာယဗလ ကိုယ်အားအထူးနည်းနေသည်ကို ဖော်ပြနေသည်။ သို့ဖြစ်၍ စာရေးသူတို့ပြည်သူများ ကာယဗလပြည့်ဝစေရန် ကြိုးပမ်းကြရမည်ဟု ကောက်ချက်ဆွဲ၍ရပေသည်။

လူငယ်များ ကာယစွမ်းအားမြင့်မားလာစေရန် အခြေခံမှာ ကလေးအရွယ်က စတင်သည်။ ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေးပြည့်စုံစေရန် တာဝန်မှာ မိဘ သို့မဟုတ် အုပ်ထိန်းသူများ၏ တာဝန်ပင်ဖြစ်သည်။ မည်သို့ဆောင်ရွက်သင့်သည်ကို ဆွေးနွေးသွားပါမည်။

**❖ စာရေးသူတို့ မြန်မာများ၏သက်တမ်းမှာ အထူးတိုနေသည်။ ဤသည်ကား ကာယဗလ ကိုယ်အားအထူးနည်းနေသည်ကို ဖော်ပြနေသည်။ သို့ဖြစ်၍ စာရေးသူတို့ပြည်သူများ ကာယဗလပြည့်ဝစေရန် ကြိုးပမ်းကြရမည်ဟု ကောက်ချက်ဆွဲ၍ရပေသည်။ လူငယ်များ ကာယစွမ်းအားမြင့်မားလာစေရန်အခြေခံမှာ ကလေးအရွယ်က စတင်သည်။ ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေးပြည့်စုံစေရန် တာဝန်မှာ မိဘ သို့မဟုတ် အုပ်ထိန်းသူများ၏တာဝန်ပင်ဖြစ်သည်။ ❖**

### ကလေးနှင့် ကာယဗလ

ကလေးအရွယ်သည် မွေးစမှ ၁၆ နှစ်ထိဖြစ်သည်။ ဤအရွယ်သည် မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့် အတန်းပြဆရာ၊ ဆရာမများ၏ အစီအမံအောက်တွင် ရှိနေပေသည်။

**ပထမ**ဦးစွာ မိခင်နို့ကို တစ်နှစ်မျှ တိုက်ကျွေးရပါမည်။ မိခင်နို့ပြတ်ပြီးနောက် ထမင်းကို ဝါးခွံ့ခြင်း သို့မဟုတ် ပျော့ပျော့ချက်ပြီး နွားနို့ သို့မဟုတ် ငါး၊ အသား အနည်းငယ်ဖြင့် သင့်ရုံကျွေးမွေးရပါမည်။ ငါးနှစ်ခန့်အရွယ်ရောက်လျှင် ဟင်းသီးဟင်းရွက်နှင့် တိရစ္ဆာန်အသားများ ကျွေးမွေးနိုင်ပါပြီ။ တိရစ္ဆာန်အသားများ များများစားသည့် အလေ့အကျင့်မရသွားရန် စီမံကျွေးမွေးရပါမည်။ ဟင်းသီးဟင်းရွက်၊ ပဲကို ၈၀ ရာခိုင်နှုန်း၊ အသား ၂၀ ရာခိုင်နှုန်းဖြင့် စားတတ်စေရန် လေ့ကျင့်ပေးရမည်။ လက်ဖက်ရည်၊ ကော်ဖီနှင့် အချိုရည်ကို တစ်နေ့နှစ်ခွက်ထက် ပိုမသောက်ရန် စီမံပေးရပါမည်။ သို့ဖြင့် လူငယ်ဘဝရောက်သောအခါ စနစ်တကျစားသောက်သော အလေ့ရရှိကာ ရောဂါကင်းဝေးစေမည်။

**ဒုတိယ** ကလေးကို သတ်မှတ်ထားသောရောဂါကာကွယ်ဆေးများထိုးပေးရေး မိဘကစီမံပေးရမည်။

**တတိယ** ကလေးကို ပြေးလွှားဆော့ကစားခြင်းလုပ်ရန် အားပေးရပါမည်။ လမ်းလျှောက်ခြင်း၊ အပြေးလေ့ကျင့်ခြင်းပြုလုပ်ရန် တိုက်တွန်းရမည်။ ထို့ပြင် ဝါသနာပါရာ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ခြင်းလုံးကစားခြင်း၊ အလေးမခြင်းတို့ လိုက်စားရန် တိုက်တွန်းရပါမည်။ စာသင်ကျောင်းများမှ ဆရာများကလည်း ကလေးများအားကစားလေ့ကျင့်ခန်းများ စီစဉ်ပေးရမည်။ အားကစားကို ခေတ္တခဏမျှသာမဟုတ် နှစ်နှင့်ချီပြီးကစားခြင်းကိုလည်း ပြုမူစေရန် ပညာပေးရမည်။ တာဝန်ရှိသူများကလည်း ငွေကုန်သက်သာစေရန် အားကစားရုံခန်းမနှင့် ပစ္စည်းများ စီစဉ်ပေးခြင်း၊ ပြိုင်ပွဲများ စီစဉ်ခြင်းပြုကြရမည်။ သို့မှသာ ကျန်းမာသောကလေးများ၊ အားကစားဝါသနာပါသောကလေးများ တိုးပွားလာမည်။ ကျန်းမာရေးအထောက်အကူမပြုသော လုပ်ရပ်များ ရှောင်ရှားလာပါမည်။

**စတုတ္ထ** ကလေးနှင့်မအပ်စပ်သော အရက်၊ ဘီယာသောက်ခြင်း၊ မူးယစ်ဆေးဝါးများ မသုံးမိစေရန် အသိပညာပေးရမည်။ လူကြီးများ စားသောက်ဆိုင်သွားလျှင်ပင် ကလေးများကို ခေါ်မသွားရန်လိုသည်။ အတုမြင်ပြီး လမ်းမှားရောက်နိုင်သည်။

**ပဉ္စမ**အချက်မှာ အပေါင်းအသင်းမမှားရေးပင်။ အသက် ၁၂ နှစ်အရွယ်ရောက်သောအခါ ကလေးသည်အပေါင်းအသင်းမက်လာတတ်သည်။ ထို့ကြောင့် ကလေးအများနှင့် မပေါင်းသင်းစေဘဲ စာတော်သော ကလေးတချို့နှင့်သာ ပေါင်းသင်းရေးသွန်သင်ရပါမည်။ အပေါင်းအသင်းမတတ်ပါက ချောက်ကျတတ်သည်ကို ပြောပြရပါမည်။

**ဆဋ္ဌမ** အချက်မှာ မိမိကိုးကွယ်ရာ ဘုရားကို ရှိခိုးခြင်း၊ တရားတော်များကို ညအိပ်ရာမဝင်မီ ရွတ်ဆိုပြခြင်း၊ ကလေးကိုလိုက်ဆိုစေခြင်းများကို အမိများက ဆောင်ရွက်ပေးရပါမည်။ ရဟန်းသံဃာကို ရှိခိုးကန်တော့ခြင်း သင်ပေးရမည်။ ဘုန်းတော်ကြီးကျောင်းသွားခြင်းကို မိဘကဦးဆောင်ပြုလုပ်ပေးရမည်။ ဘာသာရေးစာပေစာအုပ်များ ဝယ်ပေးပြီး ဖတ်စေ၊ မှတ်စေ၊ ရွတ်ဆိုစေခြင်းကို မိဘကစီစဉ်တိုက်တွန်းရမည်။ သို့မှသာ ကောင်းမှုမြတ်နိုးသောကလေးများဖြစ်လာမည်။

**သတ္တမ** နေ့စဉ်ကျောင်းက သင်ကြားလိုက်သောစာကိုနေ့စဉ်ကျက်မှတ်ခြင်း၊ ဂဏန်းသင်္ချာတွက်စေခြင်းကို အချိန်မှန်ပြုရန် စီမံပေးရမည်။ ဤတွင် ကလေးများအချိန်ဖြုန်းသည့်အနေဖြင့် သူငယ်ချင်းများနှင့် ရွာရိုးကိုးပေါက်လျှောက်လည်ပတ်ခြင်း၊ လက်ကိုင်ဖုန်းသုံးပြီး ဂိမ်းကစားခြင်း၊ ဘောလုံးပွဲကြည့်ခြင်း၊ ကလေးမကြည့်သင့်သည့်လိုင်းများကြည့်ခြင်း၊ ကြော်ငြာပေါင်းစုံကြည့်နေခြင်းမပြုရန် တားမြစ်ရမည်။ သို့ဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာမည်။ ကလေး၏ အကျင့်ကောင်းလာမည်။

**အဋ္ဌမ** ငွေကြေးသုံးစွဲရာတွင် ချွေတာသုံးစွဲစေရန် လေ့ကျင့်ပေးရမည်။ ကလေးကို မုန့်ဖိုးအနည်းငယ်သာပေးသင့်သည်။ ပေးငွေ မည်သို့သုံးသည်ကိုစိစ်မေးရမည်။ ပေးငွေကုန်အောင်မသုံးရန် စုဆောင်းနိုင်သမျှ စုဆောင်းရန် စုဘူးဝယ်ပေးထားရမည်။ သို့ဖြင့် ငွေ၏ တန်ဖိုးသိနားလည်သွားစေသည်။ ပေါက်ပန်းဈေး စားသောက်မှုထိန်းသိမ်းပြီးလည်း ဖြစ်သွားမည်။

**နဝမ** အကျင့်စာရိတ္တကောင်းအောင် သွန်သင်ရေးဖြစ်သည်။ ကလေး၏စိတ်သည် စိတ်ကြမ်း၊ ကိုယ်ကြမ်း ရှိ၊ မရှိ ပြောစကားနားထောင်၊ မထောင်၊ လိမ်ညာပြောတတ်၊ မပြောတတ်၊ သူတစ်ပါးပစ္စည်း ပိုင်ရှင်မသိအောင် ယူတတ်၊ မယူတတ်တို့ကို မိဘ သို့မဟုတ် အုပ်ထိန်းသူများက လေ့လာရမည်။ ကောင်းသည့်အပြုအမူပြုရန် သွန်သင်ထိန်းကျောင်းပေးရမည်။

ဖော်ပြပါအတိုင်း ပြုပြင်သွန်သင်ပေးခြင်းဖြင့် ကလေးသည် ကာယနှင့် စိတ္တနှစ်ဖြာ ကောင်းစွာ တည်ဆောက်ပြီးဖြစ်မည်။ မကောင်းမှုဘက် ယိမ်းသွားလျှင် ပြုပြင်ရခက်သည်။ ဤသည်တို့ကား ကာယစွမ်းအား၏ အခြေခံများဖြစ်သည်။ အခြေခံခိုင်မာသွားလျှင် ကာယစွမ်းအားနှင့်ပြည့်စုံသည့် လူငယ်ဖြစ်လာမည်။

### ကိုယ်စွမ်းအားပြည့်စုံသော လူငယ်ဖြစ်စေရန်

လူငယ်အရွယ်သည် အသက် ၁၅ နှစ်၊ ၁၆ နှစ်မှ အသက် ၂၄ နှစ်၊ ၂၅ နှစ်အရွယ်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးပါပြီ။ ဤအရွယ်တွင် ကိုယ်စွမ်းအားပြည့်စုံစေရန် အဓိကအချက်လေးချက်ကို လိုက်နာရမည်ဟု လေ့လာစေ့ငုသိရှိရသည်။ ဤသည်တို့ကား ကံ၊ စိတ်၊ ဥတုနှင့် အာဟာရတို့ဖြစ်သည်။

### ကံ

လူငယ်တစ်ယောက် ကျန်းမာရန်၊ အသက်ရှည်ရန်သည် ကံအပေါ်တွင် မူတည်သည်။ ကံဟူသည် အလုပ်ဖြစ်သည်။ လူငယ်တို့ အဓိကဆောင်ရွက်ရန် နှစ်ချက်သာရှိသည်။ ပထမ ကျန်းမာရေးလိုက်စားရန်ဖြစ်သည်။ နေ့စဉ်လမ်းလျှောက်ရမည်။ ဝါသနာပါရာ အားကစားတစ်မျိုးမျိုးလိုက်စားရမည်။ တစ်နေ့ တစ်ပတ်မျှသာ ဆောင်ရွက်ခြင်းမဟုတ်ဘဲ နှစ်ကာလကြာကြာလိုက်စားရမည်။ ဒုတိယ မိမိသင်ယူနေသောကျောင်းပညာများ ပြည့်စုံစွာရရှိရေးကြိုးစားရမည်။ အနည်းဆုံး နိုင်ငံအဆင့်အောင်မြင်အောင် သင်ယူရမည်။ ဖြစ်နိုင်လျှင် ဘွဲ့ဒီဂရီတစ်ခုပိုင်ဆိုင်အောင် သင်ယူရပါမည်။ ပြင်ပဗဟုသုတရရှိစေရန်မှာ တစ်သက်တာလေ့လာရမည်။ မိမိလုပ်ငန်းနှင့်ပတ်သက်သောစာ တစ်သက်တာဖတ်ရပါမည်။

### စိတ်

မိမိစိတ်တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ အစဉ်ပွားများနေစေရမည်။ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်မှ စံရိပ်ငြိမ်ဆရာတော်ကြီးက "စိတ်ထားတတ်ဖို့ အရေးကြီးတယ်။ စိတ်ဓာတ်မကောင်းရင် ကျန်တာဘာတစ်ခုမှ အကောင်းဖြစ်မှာမဟုတ်ဘူး"ဟု မြွက်ကြားခဲ့သည်။ "လောဘတဏှာ ခွံနှစ်ရောဂါဖြစ် ဆေးမြစ်မစွမ်းနိုင်"ဟုလည်း ညောင်ကန်ဆရာတော်ကြီးက ဆုံးမခဲ့သည်။ ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားများ ကင်းစေရန်လည်း မိမိစိတ်ကို မွေးယူရမည်။ သို့မှသာ ကျန်းမာမည်၊ ကာယစွမ်းအား ထက်မြက်ပြီး စွမ်းဆောင်နိုင်မည်၊ စိတ်သည် အရာရာတွင် ဦးဆောင်သည်မဟုတ်ပါလော။

### ဥတု

ဥတုသည် ကိုယ်ကာယကို ချေဖျက်နိုင်သည်။ လူ့ခန္ဓာကိုယ်ထဲတွင် အပူဓာတ်ရှိသည်။ ထိုအပူဓာတ်နှင့် ပြင်ပမှ အအေးဓာတ်နှစ်ပါး ခန္ဓာထဲတွင် တိုက်ခိုက်မှုဖြစ်ပါက လူသည် ချက်ချင်းသေဆုံးနိုင်သည်။ သာဓက နှစ်ရပ်တင်ပြပါမည်။ လွန်ခဲ့သောငါးနှစ်ခန့်က အားကစားရုံတစ်ရုံတွင် လူတစ်ယောက် အားကစားကို အပြင်းအထန်လုပ်နေသည်။ ကစားပြီးစ အမောမပြေမီ ရေတအားသောက်လိုက်ရာမှ ချက်ချင်းသေဆုံးသွားသည်။ နောက်သာဓကတစ်ရပ်မှာ ကျောင်းဆရာမတစ်ဦး ကျောင်းတက်ရသည့်ရက် နံနက်ပိုင်းတွင် ရေချိုး၊ ခေါင်းလျှော်အလုပ်ကိုလုပ်မိသည်။ ဆံပင်မခြောက်မီ ဆံထုံးထုံးပြီး ကျောင်းတက်သည့် အကြိမ်များစွာ ဆောင်ရွက်သောအခါ ပါးစပ်လေဖြတ်ပါး၍ ရောဂါခံစားရတော့သည်။ ငွေကျပ် သိန်းများစွာကုန်သည့်တိုင် သက်သာရုံသာ သက်သာသည်။ ရောဂါကမပျောက်။ ဤကားဥတုက လူကိုဒုက္ခပေးခြင်းဖြစ်သည်။ လူငယ်တို့၏ ကိုယ်စွမ်းအား ပြည့်ဝစေရန် ဥတုကို ဂရုပြုကြရမည်။

### အာဟာရ

လူတို့အသက်ရှင်မှု၊ အသက်ရှည်မှုနှင့် ကိုယ်အားအစွမ်းထက်မြက်မှုတွင် အစာအာဟာရမှာ အဓိကကျပေသည်။ သာမန်အားဖြင့် အာဟာရမျှတစွာ စားခြင်းသည် အသက်ရှည်ပြီး အနာကင်းရသည်။ အာဟာရကို လွန်လွန်ကဲကဲစားခြင်းဖြင့် ရောဂါထွေပြားရသည်။ ချို၊ ချဉ်၊ ဆိမ့်၊ ငန်၊ ဖန်၊ ခါး စသည့် အရသာများအနက် အချို၊ အဆိမ့်ကို လူတို့အနှစ်သက်ဆုံးဖြစ်သည်။ ဤရသာကို လွန်ကဲစွာစားကြသဖြင့် သွေးတိုး၊ ဆီးချို၊ နှလုံး၊ လေငန်း၊ ကင်ဆာ စသည့် ရောဂါများ၊ တန်ဆေးလွန်ဘေးဟူသော စကားများ ဖြစ်ပယ်ထားကြသည်။ ချဉ်၊ ဖန်၊ ခါးရသာများမှာ လူနှင့်သင့်သည်။ သို့သော် အစားနည်းကြသည်။

ကာယဗလ ကိုယ်စွမ်းအားပြည့်စုံကြစေရန်မှာ ဖော်ပြပါအချက်များကို မိဘများ၊ ဆရာများနှင့် လူငယ်ထုတစ်ရပ်လုံးက စွမ်းဆောင်ကြပါလျှင် လူငယ်ထုတစ်ရပ်လုံး ကာယစွမ်းအားပြည့်ဝကြပါမည်။ အကျိုးဆက်ကား အနာရောဂါကင်းကြပါမည်။ ကျန်းမာကြံ့ခိုင်ကြပါမည်။ အသက်ရှည်ကြပါမည်။ လောကီစည်းစိမ်များ စံစားကြရပါမည်။ ကာယဗလနှင့် ပြည့်စုံစေရန် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **သူတို့ဘာကြောင့် ကမ္ဘာကျော်တာလဲ**
  **ဗန်းမော်သိန်းဖေ**

# ဆန္ဒကိုသိက္ခာဖြင့် ထိန်းပါ

ရွှေညာ(ရွာတန်းရှည်)

ဆန္ဒကို သိက္ခာဖြင့်ထိန်းပါဟူသောဆိုင်းဘုတ်ကို နေရာအတော်များများတွင် တွေ့ရလေ့ရှိသည်။ မည်သည့်နေရာ၌တွေ့ရတွေ့ရ ထိုစာလေးကိုအမြဲ ဖတ်မိသည်။ ဖတ်မိတိုင်းလည်း စိတ်ထဲတွင်၌ သလိုလို ဖြစ်မိသည်။ ဆန္ဒဟူသည်မှာ လူတိုင်းတွင်ရှိသည်။ စားလို၊ အိပ်လို၊ နေလို၊ သွားလို၊ ယူလို၊ လှလို၊ ကျန်းမာလို၊ သင်လို၊ တတ်လို စသည့် အလိုဆန္ဒများကလည်း များစွာရှိသည်။ ထိုဆန္ဒများကိုပြည့်စုံအောင် ဖြည့်ဆည်းရန်မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ ယခုခေတ်တွင် လိုချင်စရာရုပ်ဝတ္ထုများသည် များစွာရှိ၏။ ခေတ်မီဆန်းသစ်သည့် ပစ္စည်းများသည်လည်း လိုချင်တပ်မက်မှုဆန္ဒကို ဖြစ်ပေါ်စေသည်။ ထိုအခါ ပုထုဇဉ်လူသားများဖြစ်သည့်အားလျော်စွာ သူထက်ငါ အပြိုင်အဆိုင် အလျှင်းဦးစွာပိုင်ဆိုင်လိုကြသည်။ ဝယ်ယူလိုကြသည်။ တချို့က ပြည့်စုံကြွယ်ဝ၍ ဝယ်ကြသော်လည်း တချို့မှာမပြည့်စုံကြပေ။ တချို့က မဖြစ်မနေလိုအပ်၍ ဝယ်ကြသော်လည်း တချို့မှာ မလိုအပ်ဘဲ ဝယ်လို၍သာဝယ်ကြသည်။ ဤသည်မှာ မိမိတို့၏ ဆန္ဒကို ဖြည့်ဆည်းရုံသက်သက်မျှသာဖြစ်သည်။ သို့သော်ထိုဆန္ဒသည်ကား ပြည့်ဝသွားမည်မဟုတ်ပေ။ နောက်ထပ် လိုချင်စရာရုပ်ဝတ္ထုများက များစွာကျန်ရှိနေသေးပြန်သည်။

မိမိဆန္ဒကိုလိုက်၍ မဖြည့်ဆည်းပေးနိုင်သောအခါ ဝယ်နိုင်သောသူများကိုကြည့်၍ ဣဿာမစ္ဆရိယစိတ်များဝင်လာတတ်၏။ မရရအောင်ဝယ်မည်ဟူသော အတ္တစိတ်များဖြစ်ပေါ်လာ၏။ ထိုအတ္တစိတ်များဝင်လာသောအခါသမ္မာအာဇီဝကျသော မိမိ၏လုပ်ငန်းများကို ဝိသမလောဘတက်ကာ မိစ္ဆာဇီဝအဖြစ်သို့ပြောင်းလဲလိုက်တော့၏။ ဝင်ငွေကို မရရအောင် ရှာကြံရသည်။ မိစ္ဆာဆန္ဒကြောင့် မိစ္ဆာဇီဝများ များပြားလာသည့်အခါ လောဘ၊ ဒေါသ၊ မောဟ စသည့်အကုသိုလ်တရားများကလည်း ယခင်ကထက်ပို၍များလာကာ သံသရာခရီးကို ရှေ့ဆက်ကြရသည်။ ဒုစရိုက်အမှုများလည်း များပြားလာသည်။ ထိုအခါ ဆန္ဒကိုသိက္ခာဖြင့် ထိန်းပါဟူသောဆိုင်းဘုတ်လည်း ပေါ်ပေါက်လာရတော့ပေသည်။ ထိုဆိုင်းဘုတ်ကို စတိုးဆိုင်တစ်ခု၌ ချိတ်ဆွဲထားလျှင် သူတစ်ပါးပစ္စည်းဥစ္စာ ခိုးယူလိုသောဆန္ဒကို သိက္ခာဖြင့်ထိန်းပါဟု ဆိုလိုရာရောက်သည်။ ဘတ်စကားပေါ်၌ မြင်တွေ့ရလျှင် မဖွယ်မရာအပြုအမူကို ပြုလိုသောဆန္ဒကို သိက္ခာဖြင့်ထိန်းပါဟု ဆိုလိုရင်းဖြစ်သည်။ အစိုးရရုံးများ၌ တွေ့ရလျှင် အဂတိဟုခေါ်သော လာဘ်ပေးလာဘ်ယူမှုပြုလိုသောဆန္ဒကို သိက္ခာဖြင့် ထိန်းသိမ်းရန်ရည်ညွှန်းသည်။ လူသားတို့၏ဆန္ဒသည် အတ္တနှင့်ယှဉ်၍ လောဘရောယှက်သွားသောအခါ ကိုယ်ကျင့်သိက္ခာသည် ဖက်ရွက်တစ်ရွက်မျှတန်ဖိုးမရှိတော့ပေ။ "ရလေလိုလေ အိုတဏှာ"ဖြစ်၍ ကာမဆန္ဒအဖြစ်ပြောင်းလဲသွားပေ၏။ အလိုဆန္ဒမပြည့်ဝနိုင်သော လူသားများအကြောင်း ပုံပြင်လေးတစ်ပုဒ်ဖတ်ဖူးသည်။

တစ်ခါက ဆင်းရဲသားတစ်ဦးနှင့် ဝိဇ္ဇာပုဂ္ဂိုလ်တစ်ပါးတို့ လမ်းမှာတွေ့ဆုံကြ၏။ ထိုဆင်းရဲသားနှင့် ဝိဇ္ဇာပုဂ္ဂိုလ်တို့မှာ မိတ်ဆွေဟောင်းများလည်းဖြစ်ကြသည်။ ထို့ကြောင့် ဝိဇ္ဇာပုဂ္ဂိုလ်သည် ဆင်းရဲသားကို ကြည့်ပြီး သနားသောကြောင့် လမ်းဘေး၌ရှိသော အုတ်ခဲတစ်လုံးကို လက်ညှိုးဖြင့်ထိုးကာ ရွှေဖြစ်အောင် ပြုလုပ်ပေးလိုက်သည်။ ဆင်းရဲသားသည် ရွှေအုတ်ခဲတစ်လုံးရသည်ကို မကျေနပ်နိုင်သေးသောကြောင့် ဝိဇ္ဇာပုဂ္ဂိုလ်က နောက်ထပ်လက်ညှိုးထိုးကာ ရွှေရုပ်တစ်ရုပ်ပြုလုပ်ပေးရပြန်၏။ သို့သော် ဆင်းရဲသားကား အလိုဆန္ဒမပြည့်ဝသေးပေ။ ဆင်းရဲသား၏ အလိုဆန္ဒမပြည့်ဝသေးသည်ကိုသိသော ဝိဇ္ဇာပုဂ္ဂိုလ်သည် "မင်းနောက်ထပ် ဘာလိုချင်သေးလဲ"ဟုမေး၏။ ထိုအခါ အလိုမပြည့်ဝသေးသောဆင်းရဲသားသည် "ခင်ဗျားလက်ညှိုးကို လိုချင်ပါတယ်"ဟုဖြေသည်။ ဤသည်မှာ လူသားတို့၏ အလိုဆန္ဒမပြည့်ဝနိုင်ပုံကိုဖော်ပြသော တရုတ်တို့၏ ပုံပြင်တစ်ပုဒ်ဖြစ်သည်။ ဆန္ဒအဖြစ်မှ လောဘအဖြစ်တက်ရောက်ကာ အသွင်သဏ္ဌာန်ပြောင်းသွားလျှင် တစ်ဖက်လူကိုမကြည့်တော့ဘဲ မိမိ၏အတ္တကို ရှေ့တန်းထားတတ်ကြလေ၏။ ဆန္ဒဟူသည်မှာ စိတ်တစ်ခု ယုတ်ကိုးဆယ်(စိတ်ရှစ်ဆယ့်ကိုးပါး)၌ မပါဝင်ပေ။ စေတသိက် ၅၂ ပါးတွင်ပါဝင်သောတရားဖြစ်သည်။ ထိုဆန္ဒစေတသိက်သည် အကောင်းအဆိုး နှစ်မျိုးစလုံးဖြင့် ယှဉ်တွဲနေသောတရားလည်းဖြစ်သည်။ သူတစ်ပါးကို ပျက်စီးစေလိုသောဆန္ဒ၊ နိမ့်ကျစေလိုသောဆန္ဒသည် မကောင်းသောမိစ္ဆာဆန္ဒဖြစ်၏။ သူတစ်ပါးအပေါ်၌ ဖြစ်စေလို၊ တော်စေလို၊ တတ်စေလိုသောဆန္ဒသည် ကောင်းသောသမ္မာဆန္ဒဖြစ်သည်။ မိမိ၏ဆန္ဒသည် မိမိဘဝ၏ အကောင်းအဆိုးကို ဖော်ဆောင်ပေးမည့် စေတသိက်တရားပင်ဖြစ်သည်။ ကောင်းသောသမ္မာဆန္ဒဖြစ်လျှင် ကောင်းသည့်ဘဝကို ပိုင်ဆိုင်ရပေမည်။ မကောင်းသော မိစ္ဆာဆန္ဒဖြစ်လျှင် မကောင်းသည့်ဘဝကိုသာ ပိုင်ဆိုင်ရပေမည်။ ထို့ကြောင့် ဘဝကိုအကောင်းဆုံးဖြစ်အောင် တည်ဆောက်လိုသူသည် ကောင်းသောသမ္မာဆန္ဒကို ဦးစွာထားရှိရန်လိုအပ်ပေသည်။ ကောင်းသောသမ္မာဆန္ဒများ ထက်သန်လာသည့်အခါ ဆန္ဒာဓိပတိတက်၍ ဝီရိယအသွင်ကူးပြောင်းကာ မိမိဖြစ်လိုသောဘဝကို ရရှိပိုင်ဆိုင်ရပေမည်။ ဆန္ဒဝတော ကိံနာမကမ္မံ နသိဇ္ဈတိဟူသော ဗုဒ္ဓရှင်တော်မြတ်၏မိန့်မှာချက်အရ မိမိ၌ဖြစ်လိုသော ဆန္ဒရှိလျှင် မပြီးနိုင်သည့်အရာဟူ၍ မရှိပါ။ အောင်မြင်လို၊ တတ်မြောက်လို၊ ကြီးပွားလိုသော ဆန္ဒာဓိပတိဖြစ်ရန်သာလိုပေသည်။ အဓိပတိဟူသည်မှာ အကြီးအမှူးဖြစ်သည်။ ဆန္ဒသည် အကြီးအမှူး ဖြစ်သောအခါ သူ၏ယှဉ်ဘက် စိတ်စေတသိက်များကလည်း ဆန္ဒ၏ဦးဆောင်မှုနောက်ကိုလိုက်၍ ကျေးဇူးပြုကြရ၏။ ဤသည်ကိုပင် အဓိပတိပစ္စယောဟု ဆိုလိုသည်။ သို့သော် ထိုဆန္ဒသည် ကောင်းသောသမ္မာဆန္ဒဖြစ်ရန် အထူးသတိပြုရပေမည်။ ဆန္ဒသည် အာရုံငါးပါး ကာမဂုဏ်တရားများကြောင့် ဖြစ်ပေါ်လာသောစေတသိက်ဖြစ်သည်။ မျက်မှောက်ခေတ်ကာလသည် အာရုံငါးပါး ကာမဂုဏ်တရားများ အလွန်တိုးတက်ပေါ်များသောခေတ်ဖြစ်သည်။ လူသားတို့၏ ဖြစ်လိုရာဆန္ဒသည်လည်း ကြီးမားလာကြသည်မှာ အဆန်းမဟုတ်ပေ။ မကောင်းသောဆန္ဒများ အားကြီးလာသည်နှင့်အမျှ လူ့ဝန်းကျင်သည် အကုသိုလ်ဒုစရိုက် များကြီးထွားလာခဲ့၏။ မိမိတို့၏ဖြစ်လိုရာ ဆန္ဒနောက်ကိုလိုက်ရင်းဖြင့် အခက်အခဲဒုက္ခများ တွေ့ကြုံရင်ဆိုင်ကြရလေသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် အင်္ဂုတ္တိုရ်၌ မကောင်းသောဆန္ဒကို စိတ်၏အညစ်အကြေး ငါးမျိုးတွင် တစ်ပါးအပါအဝင်ဖြစ်ကြောင်း ထည့်သွင်းဟောကြားတော်မူခဲ့၏။ ထိုငါးမျိုးမှာ-

> ❖ ဆန္ဒသည် အာရုံငါးပါး ကာမဂုဏ်တရားများကြောင့် ဖြစ်ပေါ်လာသော စေတသိက်ဖြစ်သည်။ မျက်မှောက်ခေတ်ကာလသည် အာရုံငါးပါး ကာမဂုဏ်တရားများ အလွန်တိုးတက်ပေါ်များသောခေတ်ဖြစ်သည်။ လူသားတို့၏ ဖြစ်လိုရာဆန္ဒသည်လည်း ကြီးမားလာကြသည်မှာ အဆန်းမဟုတ်ပေ။ မကောင်းသောဆန္ဒများ အားကြီးလာသည်နှင့်အမျှ လူ့ဝန်းကျင်သည် အကုသိုလ်ဒုစရိုက်များကြီးထွားလာခဲ့၏။ မိမိတို့၏ဖြစ်လိုရာ ဆန္ဒနောက်ကိုလိုက်ရင်းဖြင့် အခက်အခဲဒုက္ခများ တွေ့ကြုံရင်ဆိုင်ကြရလေသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် အင်္ဂုတ္တိုရ်၌ မကောင်းသောဆန္ဒကို စိတ်၏အညစ်အကြေးငါးမျိုးတွင် တစ်ပါးအပါအဝင် ဖြစ်ကြောင်း ထည့်သွင်းဟောကြားတော်မူခဲ့၏။ ❖

၁။ ကာမစ္ဆန္ဒ = အမျိုးမျိုးအဖုံဖုံသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုလားတောင့်တမှု။
၂။ ဗျာပါဒ = ပျက်စီးစေလိုမှု။
၃။ ထိနမိဒ္ဓ = စိတ်များ လေးလံထိုင်းမှိုင်းမှု။
၄။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ = ပျံ့လွင့်မှု၊ နောင်တတစ်ဖန်ပူပန်မှု။
၅။ ဝိစိကိစ္ဆာ = ဖြစ်မှဖြစ်ပါ့မလား၊ ဟုတ်မှဟုတ်ရဲ့လား စသည်ဖြင့် မဝေခွဲနိုင်မှုတို့ဖြစ်ကြသည်။

ထိုငါးမျိုးသည် သတ္တဝါတို့၏စိတ်အစဉ်ကို ညစ်နွမ်းစေတတ်သောကြောင့် စိတ်၏အညစ်အကြေးဟု ဟောတော်မူခြင်းဖြစ်သည်။

နိဗ္ဗာန်၏အတားအဆီး အဆို့အပိတ်ဖြစ်သောကြောင့်လည်း ထိုငါးပါးကိုပင် နီဝရဏတရားငါးပါးဖြစ်၏ဟုဟောတော်မူခဲ့ပြန်၏။ ယခုမျက်မှောက်ဘဝ၌ မဂ်တရား၊ ဖိုလ်တရားများကို မရနိုင်အောင်ပြုလုပ်ပေးသော အတားအဆီး ခြောက်မျိုးကိုလည်း ဟောကြားတော်မူခဲ့သည်။ ထိုခြောက်မျိုးမှာ-

၁။ ကံအတားအဆီးရှိခြင်း၊
၂။ ကိလေသာအတားအဆီးရှိခြင်း၊
၃။ ဝိပါက်အတားအဆီးရှိခြင်း၊
၄။ သဒ္ဓါတရားမရှိခြင်း၊
၅။ ဆန္ဒ(သမ္မာဆန္ဒ)မရှိခြင်း၊
၆။ ပညာမရှိခြင်း တို့ဖြစ်ကြသည်။

ဆန္ဒသည် လူတိုင်းတွင် ရှိသည်မှန်သော်လည်း တစ်ဦးနှင့်တစ်ဦးမတူညီကြပေ။ မိမိနေထိုင်ရာအရပ်၊ မိမိတို့ဆက်ဆံနေရသော လူ့ဝန်းကျင်များနှင့်တိုက်ရိုက်ပတ်သက်နေတတ်၏။ ဗုဒ္ဓရှင်တော်မြတ်လက်ထက်က သာကီဝင်မင်းသားခြောက်ဦးသည် ဗုဒ္ဓထံ၌ ရှင်ရဟန်းပြုကြ၏။ ထိုမင်းသားခြောက်ဦး ရဟန်းပြုသည်ကို မြင်ရ၊ တွေ့ရသော သာကီဝင်မင်းသားတို့၏ အလုပ်အကျွေး ဥပါလိဆတ္တာသည်သည်လည်း ရဟန်းပြုလိုသောဆန္ဒဖြစ်ပေါ်လာ၏။ ထိုဆန္ဒအတိုင်း ရဟန်းပြုပြီးနောက် ရဟန္တာဖြစ်လေ၏။ သာကီဝင်မင်းသားခြောက်ဦးတွင်ပါဝင်သော ဒေဝဒတ်သည် ဘုရားဖြစ်လိုသော ဆန္ဒရှိ၏။ ထိုဆန္ဒအတိုင်း ဘုရားဖြစ်ရန် ဗုဒ္ဓရှင်တော်မြတ်ဘုရားကို အမျိုးမျိုးလုပ်ကြံ၏။ မိမိကိုယ်တိုင်ဘုရားဖြစ်ရန် အကျင့်ကောင်းများကို မကျင့်ဘဲ ဘုရားကိုလုပ်ကြံ၍ ဘုရားပြုလုပ်ရန် ဆန္ဒရှိသော ဒေဝဒတ်သည် မြေမျိုခြင်းခံရလေသည်။

အဇာတသတ်သည် ဒေဝဒတ်ကိုအမှီပြု၍ ဘုရင်ဖြစ်လိုသော ဆန္ဒဖြစ်ပေါ်လာလေ၏။ ထိုဆန္ဒကြောင့် ဖခင်ဗိမ္ဗိသာရမင်းကို ဖမ်းဆီးချုပ်နှောင်ကာ ခြေဖဝါးကိုဓားဖြင့်ခွဲလေသည်။ နောက်ဆုံးတွင် လောကကုမ္ဘီငရဲသို့ကျလေသည်။ ဗုဒ္ဓရှင်တော်လက်ထက်တော်က နန္ဒလုလင်သည် မိမိဆန္ဒကိုရှေ့တန်းတင်ကာ ဥပ္ပလဝဏ်ထေရီမကို စော်ကားခဲ့သည်။ ဥပ္ပလဝဏ်ထေရီမသည် အာသဝေါကုန်ခန်း ရဟန္တာဖြစ်သဖြင့် ၎င်းအကုသိုလ်ကံကြောင့်ပင် နန္ဒလုလင်သည် မြေကြီးကွဲအက်၍ အရှက်လတ်လတ် မြေမျိုခြင်းကိုခံရပြီး အဝီစိငရဲသို့ကျရောက်ရလေသည်။ ဆန္ဒသည် မတူညီသောနေရာ နှစ်ခုမှ မတူညီသောဆန္ဒများပေါက်ဖွားလာကြ၏။ မိမိ၏ မိစ္ဆာဆန္ဒကိုလိုချင်မတ္တဖြစ်ကာမျှဖြင့် ချုပ်တည်းထိန်းသိမ်းနိုင်လျှင် သူတော်ကောင်းဖြစ်သည်။ ရယူသိမ်းပိုက်ရန် ကြိုးစားခြင်းသည်ကား မတော်လောဘဖြစ်သည်။ ကောင်းသောသမ္မာဆန္ဒသည် သံသရာပြတ်ကြောင်းဖြစ်ပြီး မကောင်းသော မိစ္ဆာဆန္ဒသည် သံသရာလည်ကြောင်းဖြစ်သည်။ ထို့ကြောင့် အာရုံငါးပါးအပေါ် ရှုမြင်သုံးသပ်တတ်ရန်အလွန်အရေးကြီး၏။ အသင့်အတင့် နှလုံးသွင်းတတ်သော ယောနိသောမနသိကာရ နှလုံးဖြစ်ရန်သတိချပ်ရမည်။ မဖြစ်နိုင်သောဆန္ဒ၊ မဖြစ်သင့် သောဆန္ဒများကို ချုပ်တည်းနိုင်ရမည်။ ဆန္ဒကို ချုပ်တည်းနိုင်ရန် အကောင်းဆုံးတရားမှာ ဖြစ်ပေါ်လာသည့် အာရုံငါးပါးကို အသုဘနိမိတ်အဖြစ် ပြောင်းလဲပေးခြင်းသာဖြစ်၏။

လောက၌ ပုထုဇဉ်လူသားတို့မည်သည် ကြည့်ရှုဖွယ်ကောင်းသောအဆင်း၊ သာယာနာပျော်ဖွယ်ရှိသော အသံ၊ ရနံ့မွှေးသောအနံ့၊ အရသာရှိသော အစားအစာ၊ နူးညံ့သောအတွေ့တို့ကိုသာ မြင်လို၊ ကြားလို၊ ရှူလို၊ စားလို၊ ထိတွေ့လိုကြသည်။ ထိုအာရုံများအပေါ်၌သာ ဆန္ဒရှိကြသည်။ ထိုအာရုံများကို မတင့်တယ်သောအာရုံများအဖြစ် အသုဘနိမိတ်ထင်ပေါ်အောင် ရှုမြင်ရန်မှာ အလွန်မလွယ်ပေ။ သို့သော် ဆန္ဒကိုထိန်းချုပ်နိုင်ရန်မှာ အသုဘနိမိတ်ကို ယူခြင်းမှတစ်ပါး အခြားမရှိပေ။ ဗုဒ္ဓရှင်တော်မြတ်သည် အင်္ဂုတ္တိုရ်၌ "ရဟန်းတို့ အသုဘနိမိတ်သည် မဖြစ်ပေါ်သေးသော အလိုဆန္ဒကို မဖြစ်ပေါ်အောင် တားဆီး၏။ ဖြစ်ပေါ်ပြီးသော အလိုဆန္ဒကိုလည်း ကင်းပျောက်စေ၏"ဟုဟောတော်မူခဲ့သည်။ "ဆန္ဒကိုသိက္ခာဖြင့် ထိန်းပါ"ဟူသောစကားသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အာရုံငါးပါးတို့၏ ဝင်ပေါက်ထွက်ပေါက်တို့ကို စောင့်စည်းစေရန် သတိပေးခြင်းဖြစ်သည်။

ထို့ကြောင့် ဘုရားစသောပညာရှိသူတော်ကောင်းများကဲ့သို့ အာရုံများအပေါ်၌ အသုဘနိမိတ်ထင်အောင် မရှုနိုင်သော်လည်း မိမိတို့၏မကောင်းသော ဆန္ဒများကို ကိုယ်ကျင့်သိက္ခာဖြင့် ထိန်းသိမ်းနိုင်ရမည်။ ကိုယ်ကျင့်သိက္ခာဟူသည် မိမိအတွက်သာမဟုတ် သူတစ်ပါးအတွက်ပါ ချမ်းသာသုခကိုဖြစ်စေနိုင်သည်။ ထို့ကြောင့် ပစ္စုပ္ပန်သံသရာ နှစ်တန်သောဘဝ၌ မိမိအကျိုး၊ သူတစ်ပါးအကျိုး နှစ်မျိုးသောအကျိုးကို ရယူပိုင်ဆိုင်လိုသောသူတို့သည် ဆန္ဒကိုသိက္ခာဖြင့်ထိန်း၍ နေထိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

**– အင်္ဂုတ္တရနိကာယ်၊ ဆက္ကသုတ်၊ အာဝရဏသုတ်။**
**– ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတ်။**

# ယခုဘဏ္ဍာနှစ် စက်တင်ဘာလထိ ကုန်သွယ်မှုကဏ္ဍတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍက နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် ကန်ဒေါ်လာသန်း ၆၅၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ကုန်သွယ်မှုကဏ္ဍတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍက နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် အမေရိကန်ဒေါ်လာသန်း ၆၅၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ကုန်သွယ်မှုလုပ်ငန်းများကို ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းလမ်းခရီးများဖြင့် လုပ်ကိုင်နိုင်သော်လည်း လေကြောင်းခရီးလမ်းနှင့် ကုန်းလမ်းခရီးများက ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စရိတ်စက ကုန်ကျမှုများပြားသည့်အပြင် ကုန်ပစ္စည်းထိခိုက်ပျက်စီးမှုများလည်း ရှိနိုင်ကြောင်း၊ ရေကြောင်းခရီးဖြင့် ဆောင်ရွက်ရာတွင် တစ်ချိန်တည်း ကုန်ပစ္စည်းအများအပြားကို သယ်ယူပို့ဆောင်ပေးနိုင်သည့်အပြင် ကုန်ကျစရိတ်နည်းပါးခြင်း၊ ကုန်ပစ္စည်းထိခိုက်မှုနည်းပါးခြင်း စသည့်အားသာချက်များရှိနေကြောင်း သိရသည်။

ထို့ကြောင့် ကုန်သွယ်မှုလုပ်ငန်းများကို ရေလမ်းခရီးဖြစ်သည့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းဖြင့် လုပ်ကိုင်ဆောင်ရွက်မှု များပြားလာခဲ့ကြောင်း၊ ထိုသို့ ကုန်သွယ်မှုဆောင်ရွက်ရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၁၂၄၆ ဒသမ ၇၃ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၄၇၃၉ ဒသမ ၃၂၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၉၈၆ ဒသမ ၀၅၄ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးကဏ္ဍသည် နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆၅၀၇ ဒသမ ၄၀၆ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ပို့ကုန်ကဏ္ဍတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍက အမေရိကန်ဒေါ်လာ ၄၅၅၃ ဒသမ ၈၅၉ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃၀၃၀ ဒသမ ၃၀၂ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၅၈၄ ဒသမ ၁၇၁ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပြီး သွင်းကုန်ကဏ္ဍတွင်လည်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၆၆၉၂ ဒသမ ၈၇၁ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၇၀၉ ဒသမ ၀၀၂ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၈၄၀၁ ဒသမ ၈၈၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

SKL

# ဆိပ်ဖြူမြို့နယ် ထန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းချောင်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၀ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းညွန့်ဟန်က ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၈၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထန်းချောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၂၇၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၆၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂၆သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၈ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၇ ဦးကို အဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်

**စာအုပ်စာပေ လူ့မိတ်ဆွေ**






# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We
Protect
The Family







နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



(တတိယ) မြောက် လက်ရာ (ဆိုက်ကြီး စာအုပ်)

**ဆရာကြီး ဦးခင်မောင်ဝင်း ၏**

**"လို-တို-ရှင်း" သမထ ဝိပဿနာ လက်တွေ့ကျင့်စဉ်ကျမ်း**

**ရန်ကုန်-မန္တလေး-နေပြည်တော် စာအုပ်ဆိုင်ကြီးများတွင် ရနိုင်ပါသည်။**

**နယ်မှ မှာလျှင် ⇨ K Pay (နှင့်) Delivery**

**ဖြန့်ချိရေး ⇨ သုတဝင်း စာပေ**

**09-788889 458, 09-26250 1188**

**" ဤကြော်ငြာကို ဖုန်းနှင့် ရိုက်ထားပါရန် "**


## အမည်ပြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ တော်ဝင်နန်းရှေ့ ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်မျိုးမြင့်(၁၂/ကတန(နိုင်)၀၆၆၃၇၃) ၏သား မောင်မင်းသက္ကကျော် အား မောင်အလက်ာမောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အလက်ာမောင်**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံ(အရှေ့)နေ မခိုင်မာရီ (ဘ) ရုံဟော့(ခ)ဦးဝင်းနိုင် (၉/အမဇ(နိုင်)၀၂၃၃၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-707557) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၇၄၇၉၈၆၆၉**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ် အ.ထ.က ကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်မင်းဉက္ကာ ၏ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ဝင်း ဖြစ်ပါကြောင်း။

**ဦးစိုးနိုင်ဝင်း(၉/အမရ(နိုင်)၁၃၆၆၆၇)**

**ကြိုတင်ကာကွယ် မီးအန္တရာယ်**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုဒ္ဓာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

**ပလင်ါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ ဖတ်ကြစို့**

❖ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းသည် အစိုးရအတွက် မဟုတ်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းပင်ဖြစ်...

❖ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိ...

❖ မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းထက် မြေပေါ်သယံဇာတဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဧပြီ ၈ ရက်တွင် ပြုလုပ်သော တပ်ကုန်းမြို့နယ် ရွာတောကျေးရွာဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ရွှေ ငါးရ၊ ကြေး လေးရဖြင့် ရပေါင်းတံခွန်ဗိုက်ဆုဖလားရရှိခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးအသင်းကို တံခွန်ဗိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၁**

လက်ဝှေ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် လက်ဝှေ့အားကစားသမားများပေါ် ထွက်လာစေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းလက်ဝှေ့ရုံ၌ ကျင်းပသည်။

ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရေကြီးမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော် (၉၃ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်းသိရသည်။